
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ● ၅၀၀၇၃၉၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၅၀၀၆၃၂၀၆၁၀
ထုတ်ဝေသူ ● ဦးအောင်မောင်မြင့်အေး
လာဘ်မိုးရွှေစာပေ
အမှတ်(၁၁၁)၊ ပ-ထပ်၊
၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ● ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ်(၁၇၁)၊ ၃၃-လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် ● ဒုတိယအကြိမ်
၂၀၁၀၊ ဇူလိုင်လ။

မျက်နှာဖုံးပန်းချီ ● မောင်နေကြည်
အုပ်ရေ ● ၅၀၀
တန်ဖိုး ● ၁၃၀၀ ကျပ်

၈၉၅.၈၃
ကျော်မြသန်း
ဘိုးတော်ကျော်မြသန်း/ကျော်မြသန်း။ -ရန်ကုန်။
လာဘ်မိုးရွှေစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၀။
၂၃၆ - စာ၊ ၁၂ × ၁၈ စင်တီ
(၁) ဘိုးတော်ကျော်မြသန်း

# ကျော်မြသန်း

# ဘိုးတော်ကျော်မြသန်း

(ဒုတိယအကြိမ်)



www.burmeseclassic.com

www.burmeseclassic.com



## (တစ်)

ဤစာအုပ်မှာ စာရေးသူ ရေးခဲ့ဖူးသော "ဘိုးတော်ကင်း၊ ဘိုးတော်ဂျိုကာ"နှင့်မတူ၊ တစ်မူကွဲပြားသော ပုံဟန်ဖြင့် ရေးဖွဲ့ထားပါသည်။

ကျင့်ကြံအားထုတ်မှုအပိုင်းတွင် ခက်ခဲနက်နဲသော ဂန္ဓာရီဝိဇ္ဇာပညာကို ရိုးသားသော စိတ်ရင်းခံဖြင့် လေ့လာလိုက်စားနေသော ပုဂ္ဂိုလ်များ ရှိသလို၊ သာမန်မျှ လေ့လာလိုက်စားပြီး ဟန်ရေးပြ၍ အမြတ်ထုတ်နေသူများလည်း ရှိကြသည်။

ထိုသို့ရှိခဲ့ကြောင်း ထင်ရှားသော သာဓကမှာ ဂန္ဓာရီဝိဇ္ဇာပညာကို အလွဲသုံး၍ ညာဝါးဖြန်းသန်းပြီး အရှုပ်အထွေးပေါင်းစုံ လုပ်ခဲ့ကြသော "ဆော်တိုး"အတုအယောင်များကို ရှင်းလင်း၍ အစုလိုက် အပြုံလိုက် အုတ်ရိုးစံ အဖြစ်သို့ ပို့ဆောင်ခဲ့ရခြင်းပင်ဖြစ်ပေသည်။

ထိုစဉ်အချိန်က အလွန်နာမည်ကြီး၍ အထက်အောက် မြန်မာပြည်တစ်လွှား ဟိုးလေးတကျော် ထင်ရှားမော်ကြွားခဲ့သူ ဘိုးတော်ကြီးကအစ နေရာဌာန အတည်တကျ မရှိသော ပလက်ဖောင်းဘိုးတော်များအထိ ပါဝင်ခဲ့သည်။

သူတို့သည် ခဏပန်း ခေါင်းလျှိုသွားကြသော်လည်း ယခုအချိန်တွင် နာမည်ပြောင်းများဖြင့် ပြန်လည်ခေါင်းထောင်လာကြသည်။

ပုဂ္ဂိုလ်ဆည်းကပ်မှုနှင့် ပတ်သက်၍ အစစ်နှင့်အတုကို ဝေဖန်ပိုင်းခြင်းနိုင်ရန် သူတို့အကြောင်း သိကောင်းစရာများနှင့် သတိမူစရာများကို ရေးသားရပြန်ပါသည်။

ယနေ့အမည်ခံ ဘိုးတော်လိုင်းတွင် ဖုံးပေါလအော အသုံးပြုနေကြသော "အင်း"ရေးဆွဲ သောက်သုံးခြင်းနှင့် ပတ်သက်၍ သိကောင်းစရာ

www.burmeseclassic.com

www.burmeseclassic.com



များကို အကြမ်းဖျင်း ဖော်ပြထားရာ မည်မျှနက်နဲ ခက်ခဲသည်ကို တွေ့ရှိရပါလိမ့်မည်။

သူတို့အကြောင်း ရေးဖွဲ့ရာတွင် တစ်ဆင့်စကား တစ်ဆင့်ကြား "လေသံဖမ်း၍ တရားနာ"ဆိုသည့်မျိုး၊ ကြားဖူးနား၀ ရှိသည်များကို ရေးဖွဲ့ခြင်း မဟုတ်ပါ။

ကိုယ်တိုင်တွေ့ကြုံဖူးသော ကိုယ်တွေ့ တကယ့်ဖြစ်ရပ်များကို အခြေခံ၍ ရေးဖွဲ့ထားပါသည်။

ပုဂ္ဂိုလ်ဆည်းကပ်မှုနှင့် ပတ်သက်၍ လုပ်သားပြည်သူ့နေ့စဉ်နှင့် ကြေးမုံသတင်းစာများတွင် ဆောင်းပါးအဖြစ် ဖော်ပြခဲ့သော သတင်းစာဆရာကြီးနှစ်ယောက်၏ အာဘော် အယူအဆပိုင်းဆိုင်ရာ ပို၍ လေးနက်စေရန် ရှာဖွေထုတ်နုတ် တင်ပြထားပါသည်။

## (နှစ်)

မြန်မာပြည်မှ ခေတ်ပညာတတ် ဘိုးတော်လိုင်း၀င် ဆရာကြီးတချို့က အမေရိကန်မှ ဖန်လုံးပညာရှင် "ဂျိမ်းဒစ်ကဆင်"ကို အကြားအမြင်ဆရာကြီးဟု အမွှမ်းတင်၍ သိပ္ပံပညာ ထွန်းကားသော သူတို့ဆီမှာလည်း ရှိပါသည်ဟု သက်သေထူဖော်ညွှန်းနေကြ၏။

ဂျိမ်းဒစ်ကဆင် လိုပင် ...

ဂျာမနီမှ "ဒေါက်တာမားကွတ်"

နယ်သာလန်မှ "ပီတာမားကို့(စ်)"

အဖွဲရေးမှ "ရိုလာမီတိ"

တိဗက်မှ တတိယမျက်လုံးပိုင်ရှင် "ဒေါက်တာရမ်းပ(ခေါ်)လော့ဘဆန်ရမ်းပ"

အင်္ဂလန်မှ အဟောဆရာကြီး "ဂျိမ်း(စ်)ပစ်(က်)"

စသူများအကြောင်းကိုလည်း ကြွားလုံးထုတ်နေကြ၏။

တကယ်တော့ ကမ္ဘာကျော် ဂျိမ်းဒစ်ကဆင်မှာ မှော်အတတ်ပညာရှင်သာဖြစ်၏။



သူတို့ကို "Esbat"ဟု ခေါ်သည်။

၎င်းကိုယ်တိုင် ပါ၀င်ရေးသားနေသည့် "Zodiac"မဂ္ဂဇင်းတွင် ရေးသားဖော်ပြချက်များအရ၊ မြန်မာလို မှော်အတတ်ပညာရှင်ဟု ၀န်ခံထား၏။

ကျွန်တော်တို့ဆီက နတ်ပူးခြင်းသဘောကို အနောက်နိုင်ငံများတွင် "Necromancx"ဟု ခေါ်၍ ယနေ့ မြန်မာနိုင်ငံတွင် ခေတ်စားနေသော ဓာတ်စီးသည်ကို "Glossolalia"ဟု ခေါ်ကြသည်။

မည်သို့ပင် ရှိပါစေ၊ လှည့်စားမှု အတတ်ပညာမှာမူ အတူတူသာပင်။

အစစ်တစ်ယောက်၊ အတုတစ်ရာ ဆိုသလို ရှိနေသော ဤလောကတွင် မ,စနိုင်သူတွေ အရမ်းကြီး ပေါ်များနေရာ သူတို့၏အထာသဘောကို တီးမိခေါက်မိ ရှိစေလိုသော စေတနာအရင်းခံဖြင့် ရေးဖွဲ့တင်ပြရပါသည်။

မည်သူ့ကိုမှ မရည်စူးသလို၊ မည်သူ့ကိုမှလဲ ထိခိုက်စေလိုသော ဆန္ဒမရှိပါ။ စေတနာလည်း မပါပါ။

ကောင်းမှုလုပ်လျှင် ကောင်းသောအကျိုးထင်မည်။ မကောင်းမှုလုပ်လျှင် မကောင်းသောအကျိုး ထင်မည်။

သူများက လုပ်ပေး၍မရပါ။ ကိုယ့်ဟာကိုယ် လုပ်ရမည်သာပါ။

## (သုံး)

သုတ်သီလက္ခန်ပါဠိတော် "ကေ၀ဋ္ဋသုတ်"၌ "အတ္တိ ခေါဘော၊ ဂန္ဓာရီနမ်ဝိဇ္ဇာ"ဟု လာရှိပါသည်။

ဂန္ဓာရီမည်သော ဝိဇ္ဇာပညာသည် ရှိ၏၊

ဒါပေသိ ယနေ့ ဘိုးတော်လိုင်း ဆရာတွေ လုပ်နေကြသည့် လုပ်ရပ်များမှာ ဂန္ဓာရီ ဝိဇ္ဇာပညာနှင့် မည်သို့မျှ မသက်ဆိုင်ပါ။

လက်ဝါးချင်းထပ်၍ ဓာတ်ကူးပေးနေသည်မှာ ...

ပွဲထိုး၊ ဆေးထိုးပြီး စေနိုင်းပေးနေသည်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး၊ ရာထူးတိုးတက်ရေး၊ အိမ်ထောင်ရေး ပေါင်းဖို့ ကွာဖို့ ဟိုပစ် သည်ပေါင်း လုပ်ဖို့ ဓာတ်ဆင်၊ ဓာတ်ရိုက်ပေးနေသည်မှာ ...၊

အကြားအမြင် အဟောဖြင့် ဆေးပေးမီးယူ လုပ်နေသည်မှာ ...၊

အင်းဝင် ဖယောင်းတိုင်ထွန်း၊ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့ ဓာတ်လုံး၊ ဓာတ်ပြား ပေးနေသည်မှာ ...၊

ဓာတ်နန်းစိုက်၊ ဓာတ်စကားပြော၊ ဓာတ်မျိုးစုံ ဘလပိုင်လုပ်နေသည်မှာ ...၊

နိုင်ငံခြားမှာ "အိုက်တိုး ပဂေးဆန်"သွားလုပ်ဖို့ သောင်းကျော်တန် ယတြာတွေ လုပ်ပေးနေသည်မှာ ...

ဂန္ဓာရီ ဝိဇ္ဇာပညာနှင့် လားလားမျှ မသက်ဆိုင်ပါ။

ထိုထိုသော အရာများမှာ အနိမ့်ဆုံးသော လောကီပညာများသာ ဖြစ်ပါ၏။

မရောထွေးရာသည်ကို ရောထွေး၍ နဖူးစည်းတပ်နေသည်ကို ကွဲပြားစေရန် ဆန္ဒဖြင့် ရေးဖွဲ့ပါသည်။

အစစ်အမှန် ဂိုဏ်းဂဏ လုပ်ငန်းများအပေါ် မထီမဲ့မြင်ပြုလိုသော စိတ် အလျဉ်းမရှိကြောင်း ရိုးသားစွာ ဝန်ခံပါရစေ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအဖြစ် ညွှန်ပြခဲ့သော ဆရာသမားအားလုံးအား ခြေတော်ဦးခိုက်လျက်ပါ။

ဗြဟ္မဝိဟာရတရား လေးပါးဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အစရှိ တရားပေါ် အာရုံတင်၍ ကြိုက်နှစ်သက်ရာ ပုတီးစိပ်နည်းကို သဒ္ဓါစေတနာ မှန်မှန်ဖြင့် သာမန်ထက်ပိုလွန်သော လုံ့လ ဝီရိယထားပြီး ပုတီးစိပ်ကြည့်ပါ။

သူတို့ပေးနိုင်သည် ဆိုတာထက် သာလွန်သော ဆန္ဒပြည့်ဝမှုကို မုချရရှိပါလိမ့်မည်။

အင်းတော်ကြီး ရွှေမဉ္ဇူဘုရားသမိုင်းအကြောင်းကို "နတ်ကတော် စိန်မျက်ခုံး"စာအုပ်တွင် ဖော်ပြခဲ့ဖူးပါသည်။

ယခု ဤစာအုပ်၏ ဓာတ်လမ်းကြောင်း အခြေခံနှင့် ဆက်နွယ်ပတ်သက်လာသောကြောင့် ပြည့်ပြည့်စုံစုံ ဖော်ပြလိုက်ရပါသည်။



စာရေးသူ၏ စာဖတ်ပရိသတ်ထံမှ ဘိုးတော်တွေအကြောင်း ရေးပါဦးဟု ဆန္ဒပြု ပေးစာများ ရရှိခဲ့ရာ၊ ဆန္ဒပြုသူ စာဖတ်ပရိသတ်၏ အာသီသကို ဖြည့်စွမ်းသောအားဖြင့် ဤစာအုပ်ကို ရေးသားလိုက်ရပါသည်။

ဖတ်ရှုပြီးနောက် အစစ်နှင့် အတုအယောင်တို့၏ သဘောသဘာဝကို ဗဟုသုတသဘော သက်ဝင်ခံစားရပါသည်ဆိုလျှင် စာရေးသူ၏ဆန္ဒ ပြည့်ဝပြီ ဖြစ်ပါကြောင်း။

ကျားပျံနှင့် ကြံပျား ခွဲခြားနိုင်ပါစေဟု ...။

စာဖတ်သူများအား အစဉ်လေးစားလျက် ...

ထာဝရမေတ္တာဖြင့် ...

**ကျော်မြသန်း**

www.burmeseclassic.com

www.burmeseclassic.com

## (တစ်)

### ခရီးသည်အစ

သူ၏အမည်မှာ ကိုကျော်မြသန်း။

အလုပ်အကိုင်မှာ စိန်ရွှေအရောင်းအဝယ်လုပ်ငန်း။ ပွဲစားလည်း လုပ်သည်။ ဝယ်ရောင်းလည်း လုပ်သည်။

ရန်ကုန်မှာ အခြေချ၏။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သော်လည်း အရောင်းအဝယ်ဖြစ်မည့် ပစ္စည်းကောင်းရှိသည်ဟု သတင်းရလျှင် ရင်းနှီးသော နယ်ခံမိတ်ဆွေ အဆက်အသွယ်ရှိသည့် မြို့ကြီးများအထိ ခြေဆန့်လျက်ရှိ၏။

စီးပွားရေးလုပ်ငန်း ဖြစ်ထွန်းသည့်အလျောက် အိုးပိုင်အိမ်ပိုင်နှင့် တင့်တောင်းတင့်တယ် နေနိုင်သည်။

သူတို့လို အရောင်းအဝယ်စီးပွားရေးသမားများမှာ အရောင်းအဝယ် ပွင့်လင်းအဆင်ပြေစေရန် လာဘ်လာဘရွှင်လန်းပွင့်ဖြိုးစေရန်၊ သွားလာရာ၊ လုပ်ရာကိုင်ရာမှာ ဘေးမသီရန်မခ အန္တရာယ်ကင်းစေရန်အတွက် အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့ အဆောင်အယောင်များကို အားကိုးသမှုပြုကြသည်။ ယုံယုံကြည်ကြည်လည်း ဆောင်ယူထားရှိမြဲရှိကြသည်။

ယင်းသို့သော အဆောင်ကောင်းများ ပေးစွမ်းနိုင်သည်ဟု ကျော်သတင်းထွက်လာလျှင် ထိုနေရာသို့ အရောက်မနေးအမြန် ပြေးလေ့ရှိကြသည်။

ဒါက သူတို့သဘာဝ၊ လုပ်ရိုးလုပ်စဉ် အလေ့အထ။

ဘိုးတော်သမားက 'ဝိဇ္ဇာ'၊ နတ်သမားက 'ဗိုလ်ကတော်'၊ ဗေဒင်သမားက 'ယတြာအကျော်'ကို ဆည်းကပ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့က တစ်လိုင်း၊ တချို့က နှစ်ပိုင်းပူး၊ တချို့ကျတော့ သုံးလိုင်း၊ လိုင်းစုံပူးကြသည်။

တချို့က အကြားအမြင် ခတ်လိုင်း (ဝါ) ဘိုးတော်လိုင်းတစ်လိုင်းတည်း အားပြုကြ၏။

တချို့ကျတော့ နတ်လိုင်းနှင့် ဇေဒင်လိုင်း၊ နှစ်လိုင်းပူးသည်။ စုံသမားကျတော့ ပူးမည့်ပူး သုံးလိုင်းစလုံးပါအောင် ပူးကြသည်။

ကိုယ့်ဟာကိုယ် ကြိုးစား၍ ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်ထွန်းအောင်မြင်နေသူများကလည်း ကိုယ့်ဟာကိုယ် ဆိုသည်ကို မေ့ပြီး သူတို့ကို အားကိုးချင်ကြသည်။ သူတို့ပါမှ အလုပ်အောင်မြင်မည်ဟု ထင်ကြသည်။

ကိုကျော်မြသန်းထံမှာ ခတ်လုံး၊ ခတ်ပြား၊ သပိတ်ကွဲ၊ ကြေးပြား၊ စက္ကူ၊ အင်းမျိုးစုံနှင့် သစ်တိုသစ်စဖြင့် အရုပ်ထုလုပ်၍ ဆေးစီရင်ထားသည့် အရုပ်အမျိုးပေါင်းစုံလည်း ရှိသည်။

သိဒ္ဓိပြီးမြောက်၊ လိုရာခရီးရောက်သည်ဆိုသော ရွှေရောင် ငွေရောင် ဖြူ၊ နီ၊ ညို၊ ပြာ ရောင်မျိုးစုံ ဆေးလုံးကလေးများလည်း တစ်ပုံတစ်ပင် ရှိပါလေ၏။

နံ့သာငါးမျိုး စိမ်၍လည်းကောင်း၊ ရေမွှေးစိမ်၍လည်းကောင်း၊ ပန်းပေါင်းရေစိမ်၍လည်းကောင်း၊ ပုလင်းမျိုးစုံနှင့် ထည့်ထားသည်မှာလည်း ပုလင်းပေါင်းမနည်း။

ဒါတွေအပြင် 'အာကာသလွှဲ၊ ခတ်စက်ဖြတ်၊ မိုအောင် ခတ်လက်စွပ်ကြီး'လည်း ရှိသေး၏။

မြေပြင်ကလာသော လက်နက်မျိုးစုံကို ထားဘိတော့၊ အာကာသပျံဝဲ ထုးကဲသော လက်နက်ဆန်းများကိုပင် တားဆီးကာကွယ်နိုင်သည်ဟု အဆိုရှိသော အာကာသလွှဲ ခတ်စက်ဖြတ် လက်စွပ်ကြီးမှာ ယနေ့ ခေတ်စားနေသော စကတ်ဒုံးကျည်ကိုပင် မှုအံ့မထင်။

အဲဒီလောက်ဆို ကိုကျော်မြသန်း၏ ဆရာပေါင်းစုံ ချဉ်းကပ်မှုအတိုင်းအတာကို သိလွယ်မြင်လွယ် ရှိလောက်ပါပြီ။

သူက နှစ်လိုင်းပူးသမား။

ဝိဇ္ဇာလိုင်းနှင့် ဇေဒင်ယတြာလိုင်းကို ပူးထားသည်။



ဒါက သူ့အပိုင်း။

ဇနီး မမြင့်မြင့်အေးကတော့ ပူးနောင်းချုပ်ချေးသမား။

ဘိုးတော်နှင့် ပူးနောင်းမှာ လိုင်းပူး၍မရသောကြောင့် အိမ်မှာ ချုပ်ချေးလုပ်၍မရ။

ကိုကျော်မြသန်းက ဝိဇ္ဇာပွဲ (ဝါ) အတက်ပွဲ အမြဲထိုးသည်။

ဝိဇ္ဇာကအထက်၊ နတ်က အောက်။

အဆင့်အတန်းချင်း မတူသလို၊ လမ်းချင်းလည်းမတူ။

ဝိဇ္ဇာဂိုဏ်းသမားက နတ်တင်သော၊ နတ်ကိုပသသောပစ္စည်းများကို မစားရ။ နတ်ကို အမိန့်ပေးစေခိုင်းရသူ။

လိုင်းချင်းမတူ၍ အိမ်မှာ ပွဲမပေးရတော့ကော အကြောင်းလား၊ ရန်ကုန်မှာ ကနားပွဲတွေက ပြည့်လို့ပါ။

လမ်းဘေးမှာ တခြိမ်းခြိမ်း၊ အိမ်ပေါ်မှာ၊ ခြံထဲမှာ၊ တိုက်ပေါ်မှာ တခြိမ်းခြိမ်း၊ သီးသန့်ပွဲတွေကလည်း တခြိမ်းခြိမ်း။

အမိန့်ခံပွဲ၊ အမိန့်မခံပွဲ။

မောင်းခတ်ပွဲ၊ တိုးတိုးတိတ်တိတ်ပွဲ။

အထူးသီးသန့် လက်တို့ပွဲဟူ၍လည်း ရှိပြန်သည်။

လင်တစ်ထမ်း၊ မယ်တစ်ရွက် ဆိုရိုးစကားရှိသားပဲဟာ။ လင်တစ်လမ်း မယ်တစ်လမ်း လမ်းစုံဘက်စုံ ဆိုတာမျိုးလည်း ရှိရလိမ့်မပေါ့။

စီးပွားဖြစ်လေ ပိုလုပ်ရလေ။

တကယ် အလုပ်လုပ်သူမှာ ဒြပ်ရှိလူသား။

ဘာမှမလုပ်ဘဲ အခြောက်တိုက် အသားယူပြီး မြိန့်မြိန့်ကြီး ဟန်ထည်၊ မာန်ကြွယ်နေသူများမှာ ဒြပ်မဲ့အရုပ်များ။

မည်သို့ပင်ရှိပါစေ ...,

မြန်မာလူမျိုးနှင့် အမအစ အားကိုးချင်စိတ်မှာ ခွဲလို့မရသည့် ခိုင်မြဲသော အတွဲအဖြစ် မပျက်မယွင်း ထာဝရတည့်တံ့နေပေလိမ့်မည်။

✧ ❁ ✧

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်မြသန်း အလုပ်ကိစ္စနှင့် မြစ်ကြီးနားသို့ ရောက်သွားသည့်လမှာ ကျွဲချိုဖျားပင် မခံသာအောင် အေးလှပါသည်ဆိုသော ပြာသိုလ။

ရိုးတွင်းခြင်ဆီခိုက်အောင် လွန်လွန်ကဲကဲအေးသည့် မြစ်ကြီးနား အအေးဒဏ်မှာ ဌာနေများအတွက် လွန်လွန်ကဲကဲဟု မဆိုသာသော်လည်း တစ်ခါတစ်ခေါက် ရောက်သွားသည့် အောက်ပြည်သားများအဖို့မှာမူ တကယ့်ကို မခံသာအောင် အအေးဒဏ်လွန်ကဲသည်ဟု ဆိုရမည့်သို့အောင် အေးလွန်းလှ၏။

ဂွမ်းကပ်အထပ်ထပ်၊ အနွေးထည် အထပ်ထပ်တို့ဖြင့် ရစ်သိုင်းလွှမ်းခြုံသည့်တိုင် အေးတာတခြား၊ ရှေလေးတာတခြားဖြစ်နေသည်။

အပူပိုင်းဒေသများ၌ပင် အနွေးထည် ကိုယ်ပေါ်မှမခွာရသော အအေးလွန်မြ ဇန်နဝါရီလ။

တစ်ခွက်တစ်ဖလား မော့တတ်သူ ရှပ်ဘဲ၊ ပုလင်းသမားများမှာမူ ရင်တွင်းနွေး ယမကာဖြင့် အအေးဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်သော်လည်း မော့တတ်ပေမယ့် မော့မဖြစ်သူ ကျော်မြသန်းမှာမူ အအေးဒဏ်ကို ရေရေလည်လည်ကြီး ခံနေရလေသည်။

မတတ်သာသည့်အဆုံး ဘိုးတော်များ၊ အထက်ဆရာကြီးများကို လက်အုပ်ချီ၍ တောင်းပန်ပြီး ဖြေရှင်းရ၏။

"ကျွန်တော်မျိုး တပည့်ကြီး ကျော်မြသန်းမှာ ကတိသစ္စာကို မကျိုးမပေါက်အောင် ထိန်းသိမ်းခဲ့ပါသည်။ ယခု မြစ်ကြီးနားသို့ရောက်နေစဉ် အအေးဒဏ်ကို ဘယ်လိုမှ မခံသာသောကြောင့် အနည်းအကျဉ်းမျှသော အရက်သေစာ သောက်ရသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်ရပါသည် ဆရာသခင် ဘိုးတော်အရှင်များခင်ဗျား"

ဤသို့ တောင်းပန်းပြီးနောက် အချမ်းဒဏ်ကို ခံနိုင်စိမ့်သော့တာ တစ်ခွက်တစ်ဖလား မော့ရသည်။

တစ်ခွက်တစ်ဖလားဆိုသည်မှာ အရက်သမားများ၏ ပြောရိုးပြောစဉ် စကားဖြစ်၍ တကယ်တော့ ပုလင်းလိုက် မော့ကြသည်ပါ။



အရိပ်သော်မှ မထင်သည့် အမည်ခံ ဘိုးတော်တွေ၊ အထက်ဆရာကြီးတွေက ခွင့်လွှတ်လွှတ်၊ မလွှတ်လွှတ် ဒြပ်ရှိလူသား တပည့်တွေကတော့ တောင်းပန်တာနှင့် မော့တာ တစ်ပြိုင်တည်းဟု ဆိုရမည်အောင် တောင်းပန်စကားလည်းဆုံး၊ ပုလင်းလည်းကိုင်လုပ်ကြ၏။

ကိုကျော်မြသန်းလည်း ပုလင်းတစ်ဝက်နီးပါး ဆွဲလိုက်၏။ ဆွဲချင်လျက် အောင့်အည်းထားတာကြောင့်မို့လားမသိ၊ ဆွဲလို့ကောင်းလိုက်သည်ဖြစ်ခြင်း။ သူလည်း ခုမှပဲ နေသားထိုင်သားကျသွား၏။

မြစ်ကြီးနား၏ ပြာသိုလ အအေးဒဏ်ကိုလည်း အန်တုနိုင်ပါပြီ။

အိမ်ခံ ဗိုလ်မှူးဟောင်း အိမ်ရှင်ဖြစ်သူက ရောက်တုန်းရောက်ခိုက် မြစ်ဆုံသို့သွားရန် နှစ်ခါသုံးခါထက်မနည်း ဖိတ်ခေါ်တိုက်တွန်းခဲ့သည်ကိုလည်း သွားချင်ပါလျက် ခေါင်းခါခဲ့သည်။

လမ်းပန်းအခြေအနေထက် မြစ်ကြီးနားထက် ပို၍အေးမည့် မြစ်ဆုံ၏ အအေးဒဏ်ကို ကြောက်သောကြောင့်ဖြစ်၏။

ခုတော့ အအေးလုံဆေး ရှိနေပြီ။

လမ်းပန်းအခြေအနေကောင်းလျှင် သွားလိုပါသည်ဟု ပြောရသည်။

အိမ်ရှင်ကလည်း ဝမ်းသာအားရ လိုက်ပို့သည်။ သူ့မှာ ဂျစ်ကားရှိသည်။ ပြီး သူက မြို့သိနယ်သိ ပုဂ္ဂိုလ်ဖြစ်သောကြောင့် လမ်းပန်းအခြေအနေအတွက် စိတ်ချရသည်။

မြစ်ဆုံသို့မရောက်ဘဲ မြစ်ကြီးနားသို့သာ ရောက်ခဲ့သော် မြစ်ကြီးနား ရောက်သည်မမည်။

မေခနှင့် မေလိခ မြစ်ညီနောင်တို့ ပေါင်းဆုံရာ မြစ်ဆုံသို့ ရောက်ပါလေမှ မြစ်ကြီးနားသို့ရောက်သည်မည်၏ဟု ဆိုစကားရှိ၏။

မြစ်ကြီးနား၏ မြို့ပြင်ဘက်သို့ ရောက်သွားသည်နှင့် မျက်စိကို အနားပေး၍မရအောင် သဘာဝအလှများ၏ ဖမ်းစားခြင်းကို စတင်ခံစားလိုက်ရ၏။

မြစ်ကြီးနားသို့ သွားရာလမ်းတစ်လျှောက်တွင် ရှိနေသော ညို့မှိုင်းနေသည့် မြင့်မြင့်မားမား တောင်တန်းကြီးများနှင့် ရွက်စိမ်းတောကြီးများမှာ

www.burmeseclassic.com



ရှမင်ြီးစရာသို့ရှိသလို အကွေ့အကောက်၊ အဆင်းအတက် ရောပြွမ်းနေသော လမ်းကြောင်းခရီးမှာလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားဖွယ်ရှိဘိ၏။

အမြင့်တစ်မျိုးဆန်းသော ကချင်အမျိုးသားများ၏ နေအိမ်၊ စိုက်ခင်းနှင့် သွားလာလှုပ်ရှားမှုများ၊ နှတ်ခမ်းနီ၊ ပါးနီ၊ မိတ်ကပ်မကူဘဲ သဘာဝ ပအိုနီ၊ နှုတ်ခမ်းနီပိုင်ရှင် ကချင်ပျိုဖြူကလေးများ၏ အလှမှာလည်း ဆွဲဆောင်မှုပြည့်ထင်၏။

မြစ်ဆုံသို့သွားရာ လမ်းခရီးတွင် ပျင်းရိငြီးငွေ့စရာမရှိသလို၊ ငိုက်မျဉ်းချိန်လည်းမရလိုက်။

ပြောစရာရှိသည်မှာ နဂိုအအေးဒဏ်အပြင် တရကြမ်းတိုးဝင်လာသော နှင်းဖျန်းသည့် လေးအေးဒဏ် လွန်ကဲမှုပင်ဖြစ်၏။

ဆေးမော့ပေမယ့် ဆေးတခြား အအေးတခြားဖြစ်နေသည်။

ခရီးတစ်ဝက်လောက်အရောက်တွင် ကားလမ်းကိုခွလျက် တည်ထားသော နှစ်ခြမ်းတစ်ရွာဟုဆိုရမည်သော ရွာတစ်ရွာတွင် ခေတ္တနားကြသည်။

ရွာရှိလူကုန် ထွက်လာကြရာ သူတို့က လိုက်ပို့သူ အိမ်ခံပုဂ္ဂိုလ်ကို အတော်ကြီး လေးစားဟန်ရှိ၏။ တရိုတသေ လာရောက်နှုတ်ဆက်ကြသည်။ သစ်သီးဝလံ လက်ဆောင်များကိုလည်း ပေးကြသည်။ အိမ်ခံပုဂ္ဂိုလ်က ပါလာသော ဆေးဝါးများကို ပြန်လည်ဝေငှပေး၏။

ခေါင်ရေဖြင့် ဧည့်ခံသည်။

စူးစူးရှရှ အရသာတစ်မျိုးရှိသော ခေါင်ရေမှာ နိုင်ငံခြားဖြစ် ဘီယာထက် အများကြီးသာသည်။

သောက်လို့မဝနိုင်အောင်ရှိပေမယ့် စိတ်ရှိသလောက် မသောက်လိုက်ရ။ ခရီးဆက်စရာရှိသောကြောင့် ချိုသောက်ကလေး သောက်လိုက်ရသည်။

သာယာရှုမောဖွယ်ရာ တင့်တယ်လှပသည့် အလှအပတို့စုဝေးရာဟုဆိုရမည်သော မြစ်ဆုံသို့ ရောက်သွားကြသည်။

ကုန်းကမူကလေးပေါ်သို့ ဟိုယိမ်းသည်ယိုင် တိုးတက်သွားပြီးနောက် အဆောက်အအုံကလေးတစ်ခုရှေ့၌ ကားရပ်သွားသည်။

ထိုအဆောက်အအုံကလေးမှာ မြစ်ဆုံသို့ လာရောက်အပန်းဖြေသူများ ခေတ္တနားနေရန် ဆောက်လုပ်ထားသည့် နားနေအဆောက်အအုံကလေး



ဖြစ်သော်လည်း နားနေရန် လာရောက်သူ နည်းပါး၍လားမသိ၊ သပ်ရပ်သန့်ရှင်းမှုမရှိ၊ အမြင်မလှရှိနေသည်။

နေရာတော်တော်များများမှာ အကျိုးအပဲ့၊ အပျက်အစီးများ ထင်သာမြင်သာ ပေါ်လွင်နေသည်။

ဂျစ်ကားပေါ်မှဆင်းပြီး နိမ့်လျှောလမ်းကြောင်းကို ဆင်းလိုက် ပြန်တက်လိုက်သည်နှင့် ကမ်းပါးအစွန်ကလေးပေါ်သို့ ရောက်သွားသည်။

အားပါး ... လှလိုက်ဘိခြင်း။

ကြည့်လေရာ နေရာတိုင်းတွင် သဘာဝအလှအပများ လွှမ်းရစ်သိုင်းခြုံလျက်ရှိနေသည်။

မေခနှင့် မေလိခ မြစ်ကြောင်းလမ်းနှစ်သွယ်မှ စီးဆင်းလာသော ရေညီနောင်မှာ မှန်သားပြင်ကဲ့သို့ ကြည်လင်နေသည်။

ရေအောက်မှာ အရာဝတ္ထုအားလုံးကို အတိုင်းသား မြင်နေရသည်။

ရပ်ရှင်ထဲတွင် 'နိုင်ဂရာ'ရေတံခွန်ကြီး၏ ရှုမငြီးစရာ အလှကို တွေ့ဖူးပါ၏။

မြစ်ဆုံ၏အလှကို တွေ့လိုက်ရသောအခါ နိုင်ဂရာအလှကို ချိုးမွမ်းရန် နှုတ်တွန့်သွားရသည်။

နိုင်ဂရာရေတံခွန်၏ အလှနှင့် မြစ်ဆုံ၏အလှကို ဘယ်သူက ပို၍ လှပါတော့နိုင်ဟု စစ်တမ်းအဖြေထုတ်ရလျှင် အဖြေတစ်မျိုးစီ ထွက်လာပါလိမ့်မည်။

အနောက်တိုင်းသားတစ်ယောက်အနေဖြင့် နိုင်ဂရာရေတံခွန်သည်သာ အလှဆုံးဟု ဆိုပါလိမ့်မည်။

အရှေ့တိုင်းသားတစ်ယောက်အနေနှင့်မှု မြစ်ဆုံက ပို၍ လှသည်ဟု ဆိုလိမ့်မည်ပါ။

မြစ်ဆုံ၏ အလှကြွယ်ပုံကို ခြယ်မှုန်းရလျှင် ဆုံးအံ့မထင်။

ဧရာဝတီ၏ တံခါးဝမြစ်ဆုံမှ ရေစီးကြောင်းအတိုင်း လိုက်သွားသော် ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်း၊ တတိယမြစ်ကျဉ်းတို့၏ အံ့တစ်ပါးအလှများကိုလည်း တွေ့နိုင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



မာန်ဟုန်ဝင့်ထည်သော ဇရာဝတီ၏အလှကို လှုပ်ရှားမှုကြမ်းတမ်းသောအလှဟုဆိုလျှင် ကန့်ကလျ မြစ်ဆုံအလှကို ငြိမ်သက်အေးချမ်းသောအလှဟု ဆိုရမည်ပါ။

မြစ်ဆုံ၏ အလှဖမ်းစားမှုကို တမေ့တမော ခံစားချင်ပေမယ့် အခြေအနေမပေးသောကြောင့် ခဏတစ်ဖြုတ် လှစ်ကြည့်ပြီး ပြန်ခဲ့ရသည်။

မြစ်ဆုံမှပြန်ပြီး နောက်တစ်နေ့တွင် လာရင်းအလုပ်ကိစ္စ ပြီးစီးသွားသောကြောင့် အအေးလွန်များ မြစ်ကြီးနားကို ဝွဒ်ဘိုင်လုပ်၍ ရန်ကုန်သို့ ပြန်ခဲ့ရ၏။

ကိုကျော်မြသန်းက ခရီးသွားလျှင် အထက်တန်းတွဲတို့ ဘာတို့ စီးလေ့မရှိသလို၊ ပပလွှားလွှား ဝတ်စားဆင်ယင်လေ့မရှိ။ အဝတ်နုံနုံ၊ အနေကုပ်ကုပ်ဖြင့် သာမန်ခရီးသွားအသွင်မျိုး သွားလာလေ့ရှိသည်။

သူ့ အမြဲပတ်သည့် ရိုးလက်(စ)နာရီနှင့် နဝရတ်လက်စွပ်ကိုပင် ဝတ်လေ့မရှိ။ အိတ်ထဲတွင် ထည့်သိမ်းထားပြီး မြို့ပေါ်ရောက်မှသာ ဝတ်လေ့ရှိသည်။

သာမန်ခရီးသည်အဖြစ် သွားလာလှုပ်ရှားရသည်မှာ ပို၍ လွတ်လပ်မှုရှိသလို၊ အန္တရာယ်ကြောနှင့်လည်း ဝေးသည်။

အပြန်ခရီးတွင် လေယာဉ်ပျံမရသောကြောင့် ရထားဖြင့် ခရီးဆက်ခဲ့ရသည်။ မြစ်ကြီးနားမှ မန္တလေးသို့ ...။

✧ ✿ ✧



(နှစ်)

**တွေ့ဆုံခြင်းအစ**

မြစ်ကြီးနား–မန္တလေး ရထားကြီးမှာ ခရီးသည်တွေ ပြည့်ကျပ်နေသည်။ ခြေချစရာမရှိအောင် တွဲတိုင်းမှာ ခရီးသည်တွေ ပြည့်လျှံနေသည်။

ထွက်ခွာအံ့ဆဲဆဲ ရထားကြီးမှာ ခေါင်းတွဲချိတ်ပြီး အသင့်ဖြစ်နေသည့်တိုင် ဂါတ်ဗိုလ်ကြီး၏ အလံစိမ်း မပြသေးသောကြောင့် ထွက်ရမည့်အချိန်ကျော်လွန်နေသည့်တိုင် ရထားကြီးမှာ လှုပ်ရှားမှု အလျှဉ်းမရှိ။ ရပ်မြဲရပ်လျက်သာ။

ရထားပေါ်မှာ ခရီးသည်တွေ ပြည့်လျှံနေသလို၊ ဘူတာစင်္ကြံမှာလည်း လူတွေ ရှုပ်ယှက်ခတ်နေသည်။

လူတွေများသလောက် စကားပြောသံတွေလည်း ကျွတ်စီကျွတ်စီ ညံညံစီစီရှိနေသည်။

ထွက်ချိန် လွန်လာသည်မှာ မိနစ်လေးဆယ်ရှိသွားပြီ။

ခရီးသည်များမှာ မည်သို့မျှ မထူးခြားဟန်ဖြင့် အေးအေးလူလူပင် စကားပြောဆိုနေကြသည်။ ရထား ထွက်ချိန်ဝင်ချိန်ကို အမှတ်အသားထားရှိဟန်မတူ။

ရထား ဘူတာမှခွာလျှင် ထွက်ချိန်၊ ဘူတာသို့ရောက်လျှင် ဝင်ချိန်အဖြစ် အသိအမှတ်ပြုထားသမို့ ရထားမထွက်သေးသည့် အကြောင်းကို အမေးအမြန်း အပြောအဆိုမရှိကြ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီနီးပါးကြာတော့မှ ခေါင်းတွဲဆီက ဥသြသံထွက်လာခဲ့သည်။ ရထားထွက်တော့မည်မို့ စကြံပေါ်တွင် စကားပြောနေရာမှ သူလည်း ရထားပေါ်သို့ တက်လိုက်ရသည်။

မိမိထိုင်ရမည် ထိုင်ခုံတွင် ထိုင်မိတော့မှ အတူခရီးသွားရမည့် ခရီးသွားဖော်များကို ရှုစမ်းမိရ၏။

တစ်နေ့နှင့်တစ်ညစီးရမည့် ခရီးလမ်းတွင် လိုက်လျောညီထွေ ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သော ခရီးသွားဖော်နှင့်တွေ့လျှင် ခရီးသွားရ အဆင်ပြေသည်။

စကားနည်း၍ ဘာသိဘာသာ နေတတ်သော ခရီးသွားဖော်နှင့် တွေ့လျှင် ခရီးသွားရ အလွန်ပျင်းစရာ ကောင်းလှ၏။

မြစ်ကြီးနားရထားက အိပ့် အိပ့်၊ တစ်ဘူတာနှင့် တစ်ဘူတာကို တမေ့တမော စီးရသည်။

သည်ခရီးလမ်းမျိုးမှာ လေတဖြူးဖြူး ခရီးသွားဖော်လိုသည်။

ဆန္ဒပြည့်ဝဖို့ လမ်းစမမြင်။

မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဖောင်းထုပ် ပန်ချာပီကြီးတစ်ယောက်နှင့် ကွာစိထောင်ကဲကြီး တစ်ယောက်တို့ ထိုင်နေကြသည်။ သူတို့နှစ်ယောက်မှာ သက်လွန်ရွယ်များ မဟုတ်သော်လည်း သူ့ထက် အသက်ကြီးသည်။

ဘေးဘက်ကပ်လျက် ထိုင်နေသူ ခရီးသွားဖော်မှာ မြန်မာအမျိုးသားတော့ ဟုတ်ပါ၏။ ဒါပေသိ လူရွယ် လူလတ် မဟုတ်၊ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးလောက်ရှိမည့် သက်လွန်အရွယ် အဘိုးအို ။

မျက်စိမှိတ်လျက် ပါးစပ် လှုပ်ရွ လှုပ်ရွဖြင့် ပုတီးစိပ်နေသည်။

စကားပြောဖို့ အခြေအနေ မပေးဟန် ပြနေသည်။

ပျင်းပျင်းရိရိ ခြောက်ခြောက်သွေ့သွေ့ သွားရမည့် ခရီးဖြစ်မို့ သေချာနေပြီ။

မြစ်ကြီးနားရထားကြီးမှာ ဘူတာမှ ထွက်ခွာစအချိန်တွင် အားမာန်မပါ၊ ပျင်းတိပျင်းတွဲ တရွေ့ရွေ့ လှုပ်ရှားထွက်ခွာလာခဲ့၏။ အထနှေးသည်ပဲလား၊ ဝန်နှင့်အား မမျှသည့် ဆွဲအားကြောင့်ပဲလား မသိ။ မြို့ကို တော်တော်ကြီး လွန်လာတော့မှ အရှိန်ကလေး ရလာသည်။



ရထားကြီး၏ဝဲယာတွင် တွေ့နေရသော တောတောင်သဘာဝ ရှုခင်းများမှာ သာသာယာယာ ရှိသလို တောင်စွယ်တောင်တန်းများမှာလည်း ဝေးသွားလိုက်၊ နီးလာလိုက် ရှိနေသည်။

စကားပြောဖော် မရှိသောကြောင့် ပြင်ပရှုခင်းများကိုသာ ငေးမော လိုက်ပါခဲ့ရ၏။

ဖောင်းထုပ်ကြီးက အင်္ဂလိပ်စာအုပ် တစ်အုပ်နှင့် သူ့ဟာသူ အလုပ်ဖြစ်နေသလို၊ ကွာစိထောင်ကဲလည်း ငိုက်လျက်သား အလုပ်ဖြစ်နေသည်။

ဘအိုကလည်း သူ့နည်း သူ့ဟန်ဖြင့် အလုပ်ဖြစ်နေသည်။

အလုပ်မဖြစ်သည်မှာ သူ တစ်ယောက်တည်းသာ။

အတော်ကြီး အရှိန်ရနေသည့် ရထားကြီး၏ သွားနှုန်းမှာ မြန်နေရာမှ တဖြည်းဖြည်း အရှိန်လျော့လာသည်နှင့်အတူ ဥသြသံလည်း ထွက်လာသည်။

ဘူတာတစ်ခုသို့ ဝင်တော့မည့် အမှတ်အသား။

မရမ်းဘူတာ။

ဘူတာမှာ ခပ်ဆေးဆေး။ ဘူတာနှင့်ဆက်နေသော ရွာမှာလည်း မကြီးမငယ် ရွာကလေး။ ဘူတာတစ်ခုလုံးတွင် ခရီးသွားအနည်းငယ်သာရှိသည်။

"ဘဲဥပြုတ် ရမယ် ... ဘဲဥပြုတ် ပူပူနွေးနွေး"

အော်သံများသည်သာ လွှမ်းမိုးနေသည်။

ဘဲဥပဲ ပေါလေသလား၊ တခြားရောင်းစရာမရှိ၍ဘဲ ဘဲဥပြုတ် ရောင်းလေသလား မသိ။ ဘဲဥသည်တွေကတော့ ရထားတွဲဘေးမှာ ဥဒဟို လူလားခေါက်တုံ့ လျှောက်ပြန်သံပေး လုပ်နေကြသည်။

မရမ်းဘူတာတွင် ခရီးသည် အတက်အဆင်းကလည်း ပြောပလောက်အောင်မရှိ။ ခဏတဖြုတ်ရပ်ပြီး ရထားထွက်လိမ့်မည်ဟု အထင်ရှိခဲ့သော်လည်း ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် ကြာသည့်တိုင် ရထားကြီးမှာ ရပ်မြဲရပ်လျက်သာ။

ခရီးသည်များ ခေါင်းတပြူပြူ ဖြစ်လာကြသည်။ အောက်ဆင်းပြီး ဟိုလျှောက် သည်လျှောက် လျှောက်သူတွေလည်း လျှောက်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကိုလည်း မျှော်သည်။ နောက်ကိုလည်း မျှော်ကြည့်ကြသည်။

သွားနေ လာနေကျ ခရီးသည်များထံမှ တိုးတိုးသံ ထွက်လာသည်။

"ဖြစ်မှဖြစ်ရလေတော်၊ သည်ဘူတာကျမှပဲ လာပြီးရပ်နေရတယ်လို့"

အန္တရာယ်ကြောနှင့် နီးသည်ဟု ဆိုလိုသည့်သဘော။

ရှေ့ထိုင်ခုံမှ ဖောင်းထုပ်ကြီးက မြန်မာသံပီပီသသဖြင့် ပြောလိုက်သည်။

"သည်ရွာက သူတို့ ဖြတ်သန်းနေကျ ရွာလေဗျာ"တဲ့။

သူတို့ဆိုတာက အဖျက်သမား မောင်သောင်းကျန်းတွေ။ မလွယ်ပါလား။

တစ်လမ်းလုံး စကားမပြောဘဲ မျက်လုံးပိတ်လာသည့် အဘကလည်း စကားပြောလာသည်။

"ဘာမှ တွေးပူမနေပါနဲ့၊ ဘာမှမဖြစ်ပါဘူး။ အားလုံး အေးအေးချမ်းချမ်း ရှိပါလိမ့်မယ်"တဲ့။

သူလည်း မနေသာတော့။ အကျိုးအကြောင်း စနည်းနာရန် တွဲအောက်ကို ဆင်းခဲ့ရသည်။

ဘူတာမှ ရုံပိုင်ခန်းထဲသို့ လှမ်းကြည့်လိုက်ရာ၊ ရုံပိုင်နှင့် ဂါတ်ဗိုလ်ကြီးတို့ အေးအေးလူလူထိုင်၍ လေကန်နေကြသည်ကို တွေ့လိုက်ရ၏။

တော်တော်နှင့် ရထားထွက်မည့် အခြေအနေက မရှိသည်ကို ခန့်မှန်းတွက်ချက်လိုက်ရ၏။

ခရီးသည်များမှာမူ ပါးစပ်အဆီးအတားမရှိ။ ပြောချင်ရာပြောနေကြသည်။

သူက စက်ခေါင်းဘက်သို့ လျှောက်သွားပြီး စက်ခေါင်းဗိုလ်ပားစီးကရက်ဖြင့် လောကွတ်လုပ်၍ မေးကြည့်ရသည်။

"မသိပါ၊ ဂါတ်ဗိုလ်ကြီး အလံစိမ်းပြမှ ထွက်ရပါမည်"တဲ့။

ပါတောပိတ် အဖြေ။

သူက ပြန်အလှည့်၊ ဂါတ်ဗိုလ်ကြီး ရုံပိုင်အခန်းထဲမှ ထွက်လာသည်ကို တွေ့လိုက်ရသောကြောင့် ဂါတ်ဗိုလ်ကြီးဆီသို့ ခြေလှမ်းသွက်သွက်လှမ်းလိုက်ရသည်။



"ကျွန်တော်လည်း တိတိကျကျ ဘာမှမသိရသေးပါဘူး၊ ထွက်လာဖို့အကြောင်းမကြားမချင်း သည်ဘူတာမှာပဲ ရပ်ထားဖို့ အမိန့်ရထားပါတယ်"

ရုံပိုင်တစ်ယောက်ပဲ မေးဖို့ကျန်တော့သည်။

သူ့ထံမှလည်း ကျေနပ်လောက်သောအဖြေ ရနိုင်ဖွယ်မရှိ။

စက်ခေါင်းဗိုလ်နှင့် ဂါတ်ဗိုလ်ကြီးတို့ထံမှ ထွက်လာသောအဖြေမျိုးပဲ ထွက်လာစရာရှိသည်။

ဟိုလျှောက် သည်ရပ်နှင့် ညောင်းလာသောကြောင့် ရထားပေါ်ပြန်တက်ခဲ့ရသည်။ တစ်နာရီ ကျော်သွားပြီ။

တွဲပေါ်ရောက်၍ ထိုင်ခုံပေါ် ပြန်ထိုင်လိုက်သည်နှင့် ဘအိုထံမှ အမေးစကား ထွက်လာသည်။

"ကိုရင်လေး ဘာများကြားခဲ့သလဲ"တဲ့။

မေးပုံက ခပ်အေးအေး။ အသံက ညင်ညင်သာသာ တိုးတိုးလေး။

"ဘာမှ ရေရေရာရာ မကြားခဲ့ပါဘူး အဘ။ ရထားဘက်က လူတွေကလည်း ဘာမှမပြောနိုင်ပါဘူး"

"အေး ... အေး၊ ကိုရင် သိပ်စိတ်ပူမနေနဲ့၊ စိတ်ကို အေးအေးထား။ ရှေ့မှာ တိုက်ပွဲနည်းနည်းပါးပါး ဖြစ်နေတယ်။ ရှေ့ပြေးရထားကိုချောင်းပစ်လို့ တိုက်ပွဲဖြစ်တာပဲ။ ခု ပြီးသွားပါပြီ။ မကြာရင် ရထားပြန်ထွက်ပါလိမ့်မယ်"

သူ့သားမှ ဦးကြီး၏ထိုစကားကို ကြားလိုက်ရသောအခါ အံ့သြတကြီး ဖြစ်ရသည်။ နှုတ်ဖျားမှလည်း "ခင်ဗျာ"ဟူသော အာမေဍိတ်သံလွှတ်ခနဲ ထွက်သွားရသည်။

ဦးကြီးကိုလည်း စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။

ဦးကြီးမှာ ရထားထွက်ကတည်းက စကားလုံးဝမပြော။ ပြောဖယ်ပြောတော့ ကြားရသူ ပါးစပ်ဟောင်းလောင်း ဖြစ်ရာ၊ အံ့သြဖွယ်ရာစကား။

နောက်ပြောင် မပြောတန်ရာသလို၊ ဦးကြီးမှာ အာခေးခင်သူလည်းမဟုတ်။ စိတ်ဗယောက်ဗယက် ဖြစ်နေသည့် အသွင်သဏ္ဌာန်လည်း ယုံးဝမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုပုံက အေးအေးသက်သက်၊ တည်တည်ခန့်ခန့်။

သတင်းတစ်ပုဒ်ကို တိတိကျကျ သိနေသူ တစ်ယောက်၏ပြောပုံမျိုး။

ကိုကျော်မြသန်းက မယုံရအခက်၊ ယုံရအခက် ဖြစ်နေသလို မေးခွန်းတွေ တသီတတန်းကြီး မေးချင်နေသည်။

ပါးစပ်တပြင်ပြင် ဖြစ်နေသော်လည်း မေးခွင့်မရလိုက်။

ပြောစရာရှိသည်ကို ပြောပြီးနောက် မျက်လုံးများ ပြန်ပိတ်သွား၏။

ဦးကြီးမှာ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်၊ နှုတ်ခမ်းမွေး ကျင်စွယ်နှင့် သျှောင်ပေသီးကလေးကို ပိုးပဝါဖြင့် ကပိုကရို ပတ်ထုတ်ထားသည်။

မျက်နှာသွင်ပြင်မှာ ခင်မင်နှစ်လိုဖွယ်ရာ ရှိသလို၊ ဥပဓိရုပ်သန့်၍ ကြည်ကြင်လင်လင် ရှိ၏။

ပင်ဖြူတိုက်ပုံအင်္ကျီနှင့် အညိုရင့်ရောင် ကချင်လုံချည်ကွက်စိပ်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။

တစ်ကိုယ်လုံး ခြုံကြည့်လျှင် အေးမြရိပ် ထင်းထင်းပပ ပေါ်လွင်နေသည်ဟု ဆိုရမည်ပါ။

မကြာခင် ရထားထွက်ပါလိမ့်မည်ဟု ပြောသည့်အတိုင်းပင် ဦးကြီး ပြောပြီး နာရီဝက်ပင် မပြည့်တတ်။ ခေါင်းတွဲဆီမှ နှစ်ဆင့်ဆက် နှစ်ခါဆွဲလိုက်သော ဥသြသံ ထွက်လာသည်။

ခရီးသည်များ ကပျာကယာပင် ရထားပေါ် ပြန်၍တက်ကြသည်။

ဒုတိယတစ်ကြိမ် ထွက်လာသော ဥသြသံမှာမူ ဆောင့်ဆောင့် အောင့်အောင့် ဒေါသတကြီး ထွက်လာသလို အသံမျိုး။

ခရာမှုတ်၍ အလံစိမ်းမပြသည့် ဂါတ်ဗိုလ်ကြီးကိုပင် ဒေါပွလေသလားမသိ။

ဆောင့်ဆောင့်အောင့်အောင့် အသံထွက်လာပြီးမှ ခရာသံနှင့်အတူ အလံစိမ်းပြလိုက်၏။

တတိယအကြိမ် ခပ်ရှည်ရှည် ဆွဲလိုက်သော ဥသြသံနှင့်အတူ ရထားကြီး စတင်လှုပ်ရှားလာသည်။



ခရီးသည်တို့၏ မျက်နှာများမှာ ကြည်သာရွှင်ပြုံးသွားကြလေ၏။

ရထားထွက်ပြီး မကြာခင် ဦးကြီး မျက်လုံးပြန်ပွင့်လာသည်။

ကိုကျော်မြသန်းက ဦးကြီးကို စိတ်ဝင်စားသည့်အလျှောက် မကြာခဏ စောင်းငဲ့ကြည့်နေမိရာ၊ ဦးကြီး မျက်လုံးပြန်ပွင့်လာသည်နှင့် ကပျာကယာပင် မေးချင်သည့်မေးခွန်းကို မေးလိုက်မိ၏။

"အဘ ... ကျွန်တော့်ကို တစ်ခုလောက် မေးခွင့်ပြုပါ ခင်ဗျာ"

သူက အဘဟုခေါ်၍ ပါးစပ်ထဲ ရှိလာသလို ပြောချလိုက်၏။

"အေးကွယ်၊ ကိုရင်က ဘာများမေးချင်လို့လဲ"

"စောစောက အဘပြောတာ သိပ်မှန်လွန်းလို့ ကျွန်တော်တော့ တော်တော့ကို အံ့သြနေပါတယ်"

"သြော် ... အဲလား၊ အံ့သြစရာမှ မဟုတ်ဘဲ ကိုရင်ရဲ့၊ ထူးထူးဆန်းဆန်းလည်း မဟုတ်ပါဘူး။ ကျုပ်လည်း စိတ်ထဲပေါ်လာတာကို ပြောချလိုက်မိတာပါပဲ"

"အဘပညာကို ကျွန်တော် လေးစားလို့ပါ၊ ကျွန်တော် သိချင်တာလေးများ သိခွင့်ရမယ် ဆိုရင် ..."

"ကိုရင်က ကျုပ်ကို အထင်ကြီးနေတာကိုး"

"ကျွန်တော် အဘကို လေးလည်း လေးစားပါတယ်၊ ဦးလည်း တင်ပါတယ်"

ပြောပြောဆိုဆို ထိုင်လျက် လက်အုပ်ချီပြီး ကန်တော့လိုက်၏။

"သြော် ... မောင်ရင်က ဝါသနာပါသကိုး။ အဘက ရှေ့ကျရင် ဆင်းရတော့မှာကွယ့်။ သည်အကြောင်းရပ်မျိုးက ခရီးသွားလာတုန်း မပြောအပ်ဘူးကွယ့်။ နောင်များ ကြုံရင်တော့ တွေ့ကြ ပြောကြရတာပေါ့နော။ ခုတော့ ဒီလောက်နဲ့ပဲ ကျေနပ်ပေါ့ ကိုရင်ရယ်"

"အဘက ဘယ်မှာဆင်းမှာပါလဲ ခင်ဗျာ"

"ဟိုပင်ဘူတာမှာ ဆင်းရမှာ ကိုရင်ရဲ့"

"အဘနဲ့တွေ့ဖို့ ကျွန်တော် ဘယ်လိုများ ဆက်သွယ်ရပါ့မလဲ အဘ"

"အဘနဲ့ တကယ်တွေ့ချင်တယ် ဆိုရင်တော့ အင်းတော်ကြီးဘုရားပွဲကို လာကွယ့်။ အဘက အဲဒီတစ်ချိန်ပဲ လူသူကြားထဲကိုရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့အချိန်ကတော့ တောထဲမှာပဲနေတယ်။ နေတာလည်း အတည်တကျ မဟုတ်ဘူးကွယ့်။ အဲ ... တစ်ခုတော့ ရှိတယ်နော်၊ အဘဆီလာလို့တော့ ဘာဘာညာညာတွေ ရလိမ့်မယ်လို့ မမျှော်လင့်နဲ့။ အဘမှာ ဘာမှလဲမရှိဘူး၊ ဘာမှလဲ မပေးနိုင်ဘူး။ အလုပ်သဘောလေးလောက်တော့ ပြောနိုင် ဆိုနိုင် ကောင်းပါရဲ့"

"အင်းတော်ကြီး ဘုရားပွဲက ဘယ်တော့လဲ အဘ"

"တပေါင်းလကွယ့်၊ အင်းတော်ကြီး ဘုရားကိုတော့ ကိုရင်တို့ ရောက်ဖူးသင့်တာပေါ့ကွယ်။ ထူးခြားတာလည်း အတွေ့အကြုံ ရတာပေါ့"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် ကြိုးစားဆင်းလာခဲ့ပါ့မယ်။ အဘနဲ့ပိုပြီး တွေ့ချင်လို့ပါ"

"အေး ... အေး၊ သာဓု ... သာဓု ... သာဓု၊ ကျန်းမာချမ်းမြေ့ပါစေကွယ်၊ လိုရာခရီးကို ဆေးမသီ ရန်မခ ရောက်ပါစေ"

အသက် ခုနစ်ဆယ့်လေးနှစ်။

ရာသက်ပန် သက်သတ်လွတ်စားသည်။

ခု မြစ်ကြီးနားကို ဘုရားကိစ္စအတွက် မသွားမဖြစ်လို့ သွားရသည်။ ဘုရားပွဲတော် တစ်ချိန်သာ လူအများနှင့် ထိတွေ့ဆက်ဆံမှုရှိသည်။

ကျန်အချိန်များတွင် လူသူမနီးသည့် တောထဲမှာပဲ နေသည်။ ဘုရားပွဲတော်ရက်အတွင်း ဂေါပကအဖွဲ့မှာ သူ့နာမည်ပြောလျှင် သူနှင့်တွေ့နိုင်ကြောင်း ပြောသွား၏။

ဒါက အကြမ်းဖျင်းသိရသည့် ခရီးကြုံ အဘအကြောင်း။

မည်သို့ပင်ရှိစေ။

အဘဦးရွှေသီးမှာ ဂန္ဓာရီ ဝိဇ္ဇာပညာကို တကယ်တမ်း ထဲထဲဝင်ဝင် လိုက်စားနေသူ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ဖွယ်ရှိကြောင်း သံသယ မထင်သာ။

ဤထူးခြားသော အဘဦးရွှေသီးနှင့် တွေ့ဖြစ်အောင် တွေ့မည်။ တွေ့ခွင့်ရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိ၏။

ဟိုပင်ဘူတာသို့ ရထားဆိုက်သောအခါ သူ့အား ပြုံးပြုံးရွှင်ရွှင်ရယ်ရယ်မောမော နှုတ်ဆက်ပြီး ...



"အေး ... အေး၊ ကိုရင်က သိချင်တာတွေ တယ်များသကိုး၊ သည်နှစ် အင်းတော်ကြီးပွဲကို ရောက်အောင်လာပေတော့။ ရောက်လည်း ရောက်ပါလိမ့်မယ်။ စိတ်ချ။ ဆက်ဆက် ရောက်လိမ့်မယ်"

ဟု ပြောပြီး ရထားပေါ်မှ ဆင်းသွားသည်။

သူက လက်ဆယ်ဖြာ နဖူးပေါ်တင်ပြီး ရှိခိုးဦးတင် ကန်တော့လိုက်၏။

အဘဦးရွှေသီးက လွယ်အိတ်တစ်လုံးလွယ်လျက် ဘူတာထဲမှ အေးအေးဆေးဆေးပင် ထွက်ခွာသွားသည်။

သူက အဘဦးရွှေသီး သွားရာဆီသို့ လှမ်းမျှော်ကြည့်ရင်း ရှားတော့ မရှား၊ ထူးမည့်ပုဂ္ဂိုလ်ဟု သတ်မှတ်လိုက်၏။

နာမည်နှင့် လိုက်အောင်များ ရွှေသီးလေမလား။

✧ ✿ ✧

www.burmeseclassic.com

www.burmeseclassic.com

## (သုံး)

### အနတ္တနှင့် အတ္တဝါဒ တိုက်ပွဲ

နှစ်ဆယ်ရာစုခေတ်ကို ဘိုးတော်ခေတ်၊ သမထခေတ်၊ ဓာတ်နန်းဓာတ်စီးခေတ်၊ အကြားအမြင်အဟော ထွန်းကားသည့်ခေတ်ဟု ဆိုရမည် ထင်သည်။

သမထတို့၊ အကြားအမြင်တို့၊ ဓာတ်စီးတို့ ဆိုသည်မှာ မြန်မာနိုင်ငံတွင်သာ ခေတ်စားနေသည် မဟုတ်ပါ။

အာရှတိုက်အပါအဝင် ကမ္ဘာနှင့်အဝှမ်း ခေတ်စားနေသော ပေါ်ပင်လုပ်ငန်းတစ်ခု ဖြစ်နေသည်။

အိန္ဒိယက မဟာရှရီဘိုးတော် ဆိုင်းဘာဘာ။

တိဗက်မှ တတိယမျက်လုံးပိုင်ရှင် ဒေါက်တာရမ်းပ(ခေါ်)အကြားအမြင် ဆရာကြီး လော့ဘဆန်ရမ်းပ။

အမေရိကန်မှ ဖန်လုံးပညာရှင် ဂျိမ်းဒစ်ကဆင်။

နယ်သာလန်မှ မှော်ပညာရှင် ပီတာမားကို့(စ်)။

ဘူလ်ဂေးရီးယားမှ ဖင်လာဒီမီဘရီးဘာ။

အင်္ဂလန်မှ ဝိညာဉ်ဝိဇ္ဇာ ဘုန်တော်ကြီး အာသာဖို့(ဒ်)။

အင်္ဂလန်မှ အကြားအမြင်ဆရာကြီး ဂျိမ်း(စ်)ပစ်(က်)။

အထက်ပါ ကမ္ဘာကျော်ဆရာကြီးများမှာလည်း သူ့နည်းသူ့ဟန်ဖြင့် အောင်မြင်ကြသည်။ ထင်ပေါ် ကျော်စောကြသည်။



မြန်မာဘိုးတော်များသည်လည်း စားသာနေကြသည်။ ဒါပေမဲ့ ကမ္ဘာမကျော်။

ကမ္ဘာနှင့် အာရှကို ထားဘိတော့၊ အရှေ့တောင်အာရှကျွန်းဆွယ်ကိုပင် လွှမ်းအောင် မကျော်စော။

သည်ကနေ့ သူတို့ဆီမှာ ဟစ်ပီအကြားအမြင်ဆရာတွေ ပေါ်နေကြသလို မြန်မာပြည်မှာလည်း ပေါ်နေပါပြီ။

သိပ္ပံပညာပိုင်းဆိုင်ရာတွင် အတိုးတက်ဆုံးဟု သတ်မှတ်ရမည့် နှစ်ဆယ်ရာစုခေတ်၌ ဝိဇ္ဇာပိုင်းဆိုင်ရာလည်း တိုးပွားနေသည်။

ရှင်တော်ဗုဒ္ဓက ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဟု ပြတ်ပြတ်ရှင်းရှင်း ဟောခဲ့၏။ အစိုးမရသော အနတ္တတရားကို ညွှန်းပြခဲ့၏။

သူတို့က မအိုအောင် ရုပ်ပြောင်းလဲနိုင်သည်။

ထာဝရနုပျိုလန်းဆန်းနေအောင် ပြုပြင်ဖန်တီးလို့ရသည်။

နာခြင်းကို "ရေ"နှင့်"ပြာ"ဖြင့် ကာကွယ်နိုင်သည်။ ကုသလို့ရသည်။

သေခြင်းကို လိုသလိုတားဆီးနိုင်သည်။ အာယုသိဒ္ဓိဖြင့် အသက်ရှည်ချင်သလောက် ရှည်လို့ရသည်ဟု အတ္တဝါဒကို ထူထောင်လာကြသည်။

ခေတ်ပေါ် ရှင်မထီး ဆိုသူက သူ၏အသက် နှစ်သုံးရာကျော်ပြီဟု ခပ်တည်တည်ပင် ပြောခဲ့၏။

အဲဒီလို ပေါကြောင်ကြောင် အပြောကို လက်ခံသူ ရှိပါ့မလားဟု မဆိုပါလေနှင့်။

ဒုနှင့်ဒေး ရှိပါ၏။

သာမန်လူတွေ မဟုတ်ပါ။ ပညာတတ် ရာထူးကြီးကြီး ဘရားဝါလားတွေက ခေတ်ပေါ် ရှင်မထီးနောက်မှာ တကောက်ကောက် လိုက်နေကြ၏။

အမျိုးသမီးအုပ်စုကဆိုလျှင် ရှင်မထီး ကိုယ်တော်ကြီးနှင့် မခွဲနိုင်မကွာရက်၊ သူ့ထက်ငါဦး ခြေဆုပ်လက်နယ် ပြုပေးနေကြ၏။

ရှင်တော်ဗုဒ္ဓ၏ မမြဲသော၊ အစိုးမရသော အနတ္တဝါဒကို သူတို့က မြဲသော၊ အစိုးရသော၊ ပြုပြင်သလို ဖြစ်လာသော အတ္တဝါဒဖြင့် ပခုံးချင်း

www.burmeseclassic.com

 www.burmeseclassic.com

ယှဉ်လာကြသည်။ မျဉ်းတစ်ပြေးတည်းဖြစ်အောင် ကြိုးစားလာသည်ကို ဆန်းသလားဟု မေးရသော် ဘယ်သို့ဖြေကြလိမ့်မှာပ။

နှစ်ဆယ်ရာစုခေတ်ကို အရည်းကြီးခေတ် တစ်ပတ်ပြန်လည်လာပြီဟု ဆိုရသော် လွန်အံ့မထင်။

✧ ✿ ✧

အမည်ခံ ဘိုးတော်တွေ များသလို ဂိုဏ်းမ၊ ဂိုဏ်းခွဲ၊ ဂိုဏ်းအသေးအမွှားများ များလာပြီး အချင်းချင်း ကလော်ကြ၊ ဆော်ကြ၊ နှက်ကြ၊ အပုဝ်ချတိုက်ခိုက်မှုများ ဖြစ်လာသောကြောင့် သက်ဆိုင်ရာက ဘိုးတော်တွေကို ဖမ်းဆီးအရေးယူခဲ့ရ၏။

အကြားအမြင် ဆရာကြီးများမှာ ဘာမှမမြင်လိုက်၊ မကြားလိုက်ဘဲ ထောင်နန်းစံကုန်ကြ၏။

အရေးမယူလို့လည်း မဖြစ်။

ငွေကြေးလိမ်လည်မှု သတင်းတွေ ဒုနှင့်ဒေး။ သတင်းစာထဲပါတာက နည်းနည်း၊ မပါတာက အများကြီး။ ရှက်လို့ ကြိတ်မှိတ်ခံလိုက်သူတွေ တစ်ပုံတစ်ပင်ကြီး ရှိပါလေ၏။

စိန်တစ်လုံးက နှစ်လုံး၊ ရွှေတစ်ကျပ်သားက နှစ်ကျပ်သားတိုးပွားစေရမည်ကို ယုံကြည်ပြီး ပုံအပ်ခဲ့ရာ၊ နှစ်ဆမတိုးဘဲ အရင်းပါဆုံးပြီး လူလုံးမလှ ဖြစ်ရသူတွေလည်း အများကြီး။

ဓာတ်ကူးရင်း လူပါပူးသွားသည့် ဇာတ်လမ်းများ။

အမေကို ဆေးကုသပေးရာမှ အမေရော သမီးပါ သုတ်ပြေးသည့် ဇာတ်လမ်းများ။

မကျွတ်လွတ်သေးသော ဝိညာဉ်ကို ခေါ်သွင်းရင်း သက်ရှိဝိညာဉ်နှစ်ခု အကြောင်းဆက် ပေါင်းဖက်သွားသည့် ဇာတ်လမ်းများ။

ကြာကူရှိဇာတ်လမ်းများ တစ်ထောင့်တစ်ည ပုံပြင်များအလားသို့နှယ် မကုန်နိုင်အောင် ရှိပါလေ၏။



မြန်မာပြည်မှာ နာရီတွေကများ၊ အချိန်မှန်နိုင်ပါ့မလား ဆိုသလိုဘိုးတော်တွေကများ၊ အစစ် မရှိပါကလားဟု ပြောရမည်သို့ ရှိပါချေ၏။

သူတို့က ဂန္ဓာရီ ဝိဇ္ဇာပညာကို သေးသိမ်အောင်၊ အပေါစားဖြစ်အောင် လုပ်နေကြ၏။

အလွတ်သဘောပြော၍ စိတ်ထင်သလို ဖြတ်လမ်းနည်းများ တွင်နေကြ၏။

အင်း၊ ဆေး၊ မန္တန်၊ ပြဒါး၊ သံ၊ လမ်းငါးသွယ်မှာ သူ့လမ်းကြောင်းနှင့်သူ၊ သူ့အကျင့်နှင့်သူ ရှိနေပါလျက် ဟိုရောသည်မွှေ လုပ်နေကြ၏။

အမောင် တောင်မှန်းမြောက်မှန်း မသိသံမားတွေကလည်း အများကြီး။

အင်္ဂလိပ်နည်းဖြင့် ထွက်ရပ်ပေါက်လမ်း လိုက်နေသည့် ဘိုးတော်ရူးတစ်ယောက်အကြောင်း ပမာပြပါမည်။

အင်္ဂလိပ်သမားတစ်ယောက်က စာချိုးတစ်ပိုဒ် ရလာသည်။

နောက်တစ်ယောက်ကို ပြသည်။

နှစ်ယောက်စလုံးမှာ နားဝေတိမ်တောင်သမားတွေ။

နားမလည်သူက မသိသူကို ပြသည်။

နှစ်ယောက်စလုံးက အင်္ဂလိပ်လို ဂုဏ်ချက်ဟု ဆုံးဖြတ်၍ လျှို့ဂုဏ်ပုစ္ဆာကို အဖြေထုတ်ကြသည်။

ရက်မှလ၊ လမှနှစ်သို့တိုင် အဖြေထွက်မလာ။

ဘယ်ထွက်ပါ့မလဲ။

ဆိုင်မှ မဆိုင်ဘဲကိုး။

ရှေးပညာရှိများသည် သေးငယ်သော အကြောင်းအရာလေးကိုပင် ဝက်ဝုတ္တိအလင်္ကာနည်းဖြင့် စာဖွဲ့ဝါသနာ ထုံမွှေ့ကြသည်။

ပညာရှိများ ဖွဲ့ထုံးခဲ့သော စာပိုဒ်မှာ ...

"နဂါးသုံးစီးထိပ်၊ ဂဠုန်ပိတ်၍ ခမောက်ဆောင်း၊
အသော့မကြာ ဟိုင်းမင်းလာ၊ သီဟာ ခြသေ့်လောင်း၊
ကျင်ငယ်စွန့်မှ သန္ဓေရ၊ မူလဓာတ်ဖြစ်ကြောင်း၊
လျူလေ တန်းလေ ဆရာကိုလည်း အမျှဝေ"

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂရိတ် စာလိုလို့နှင့် ဝက်ဝုတ္တိအလင်္ကာ စကားဗုက်မျိုးရေးထား ခြင်းဖြစ်၏။

အဓိပ္ပာယ်မှာ ဤသို့ ...

"နါးသုံးစီးထိပ်"မှာ ဖိုခလောက် သုံးလုံးထိပ်။

"ဂဠုန်ပိတ်၍ ခမောက်ဆောင်း"ဆိုသည်မှာ ဖိုခလောက်သုံးလုံး ပေါ်တွင် အိုးတင်၍ စလောင်းဖုံး။

"အသော့မကြာ ဟိုင်းမင်းလာ၊ သီဟာ ခြသေ့်လောင်း"ဆိုသည် မှာ အိုးထဲသို့ ရေလောင်း၊ မီးထည့်။ ရေဆူရင် ဆန်ထည့်။

"ကျင်ငယ်စွန့်မှ သန္တေရ၊ မူလဓာတ်ဖြစ်ကြောင်း" ဆိုသည်မှာ မီးထည့်၍ တည်ပြီးနောက် ကျင်ငယ်ရေတည်းဟူသော ထမင်းရေကိုငှဲ့။

"ဖိုခလောက်သုံးလုံး ထိပ်ပေါ်တွင် အိုးတင်၍ စလောင်းဖုံးပါ။ အိုးထဲသို့ ရေထည့်ပြီး မီးထိုးရမည်။ ရေဆူလျှင် ဆန်ထည့်ရမည်။ မီးထည့်၍တည်။ ထမင်းရေ ငှဲ့ပြီးနောက် ထမင်းဖြစ်လာမည်"

ထမင်းအိုးတစ်အိုး တည်ပုံကို ဝက်ဝုတ္တိအလင်္ကာစကားဗုက်ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်၏။

အချက်မသိတော့ သမက်သူခိုးထင် ဆိုသလို အင်္ဂရိတ်သမားက ထမင်းအိုးတည်ပုံကို ဓာတ်သဘောကောက်ယူလိုက်သည်။

စာတစ်ပိုဒ် နည်းမစေ့ ဆိုသည်မှာ ဒါမျိုးကို ဆိုလိုခြင်းဖြစ်ပေ မည်။

ယနေ့ အမည်ခံဘိုးတော်များနှင့် ဂိုဏ်းဂဏဆရာကြီးများ၊ စေ ပိုင်ဆရာကြီးများသည် "အင်း"ကိုင်နေကြ၏။

ဆရာဝန် သွားပြသူ လူနာက၊ လူနာရှင်က ဆေးထိုးမှ ကြိုက် သလို ဘိုးတော်ကိုးကွယ်သူများကလည်း အင်းပေး၊ အင်းတိုက်မှ ကြိုက်ကြ သည်။

ဆေးထိုးဆရာဝန်ထံသို့ လူနာအလာများသလို၊ အင်းကိုင်ဆရာ ကြီးများထံသို့လည်း တပည့်တပန်းတွေ အလာများကြသည်။

ဒါကြောင့်လည်း အမည်ခံ ဘိုးတော်၊ စေပိုင်ဆရာ၊ ဝင်းပိုင် ဆရာ အားလုံး"အင်း"ကိုင်နေကြ၏။



ဒါပေသိ ကိုင်ရုံသာကိုင်၍ တကယ်တမ်း မပိုင်၊ မနိုင်ကြ။

"ဆေးတစ်စက်၊ အင်းတစ်ကွက်"ဟု ဆိုရိုးစကားရှိ၏။

အင်းပိုင်လျှင် အင်းတစ်ကွက်နှင့် ပေါက်သည်။

မပိုင်မနိုင်ဘဲ ကိုင်ရုံသာ ကိုင်တတ်လို့တော့ဖြင့် မှိုင်းခံစက္ကူကုန် ရုံပဲရှိမည်။ ဝမ်းထဲမှာ ပြာငွေ့တွေ ပြည့်ရုံပဲရှိမည်။

ဘာမှမဖြစ်။

သို့တစေ ...

သူတို့ထင်ရာ ကြံနေကြသည်။

အင်းကို ဆွဲချင်တိုင်း ဆွဲနေကြသည်။ ဆွဲချင်သည့်နေရာတွင် ဆွဲချင်သလိုဆွဲပြီး "ဈေ ... အင့်"လုပ်နေကြသည်။

အင်းကျိုး၊ အင်းကန်း၊ အင်းပေါက်ခြင်း(၂၁)ပါးကို မသိကြ။ လိုက်လည်း မလိုက်နာကြ။

ထွက်နက္ခတ်၊ ဝင်နက္ခတ်၊ ခပတ်နက္ခတ် အကြောင်း အသေး စိတ် မေးကြည့်။ ခေါင်းညိတ်သူ တစ်ယောက်၊ ခေါင်းခါသူဆယ်ယောက်ရှိ လိမ့်မည်။

ထင်ရာကြံတော့ လွဲလိမ့်မည်။

လွဲပြီဆိုရင် ကွဲလိမ့်မည်။

စမအင်းအကြောင်း နောက်ပိုင်းတွင် အကျယ်ဖော်ပြပါမည်။

တကယ်တော့ အတုဆိုသည်မှာ အစစ်ရှိ၍ ပေါ်ခြင်းဖြစ်၏။ အများအားဖြင့် အတုက အစစ်ထက် ပို၍ထင်ပေါ်ကျော်စောမြဲ ရှိတတ်၏။

အစစ်က ရိုးသည်။

အတုက ဆန်းသည်။

လူ့သဘာဝက ရိုးသည်ကို မကြိုက်။

ဆန်းသည်ကိုမှ ကြိုက်သည့်သဘောရှိ၏။

ထို့ကြောင့် ဘိုးတော်အတုတွေ ဘော်တိုးပြီး၊ ဖြတ်လမ်းလိုက်သူ တွေ ပိုးသာကုန် မောင်ပုံစောင်းမတတ် ဟူသော စကားပုံ အဝန်းအဝိုင်းက ရုန်းမထွက်နိုင်အောင် ရှိနေကြသည်။

ရှင်တော်ဗုဒ္ဓက အနတ္တ၊ သူတို့က အတ္တ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အနတ္တလား၊ အတ္တလား။

ဆရာအစစ်အတု ခွဲဖို့ခက်သော်လည်း လမ်းစဉ်အမှန်နှင့် မမှန်ကို ခွဲခြားရန်မှာ လွယ်ကူလွန်းဘိ၏။

ဘယ်လမ်းကို လိုက်ရမည်ကို ရွေးချယ်ရန်မှာ မိမိမှတစ်ပါး အခြားသူဟူ၍ မရှိပါလေ။

✧ ✿ ✧

(လေး)

## အင်းတော်ကြီး ရွှေမဥ္စူဘုရား

မန္တလေးတည်းခိုအိမ်တွင် စကားစပ်မိရာမှ ဘရွှေသီးနှင့်တွေ့ခဲ့သည့် အကြောင်းနှင့် အင်းတော်ကြီး ရွှေမဥ္စူဘုရားအကြောင်းသို့ ရောက်သွားသည်။

တည်းခိုအိမ်မှ ကိုကျော်မြသန်း၏ သူငယ်ချင်း၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက် ကိုတင်မောင်ဦး၏ဖခင် ဦးကျော်မောင်မှာ ဝင်းဂိုဏ်းသုံးဆင့် တက်ထားသူဖြစ်၏။

ဝင်းဂိုဏ်းမှာ မြန်မာနိုင်ငံတွင် အဦးဆုံးပေါက်သောဂိုဏ်းဖြစ်၍ စည်းစနစ်ကျနမှု၊ စည်းကမ်းကြီးမှု၊ ကျင့်ကြံအားထုတ်မှုအပိုင်းတွင် ယနေ့ထက်တိုင် စံတင်ထားသော ဂိုဏ်းဖြစ်သည်။

ဂိုဏ်းတက် လုပ်ထုံးလုပ်နည်းမှာ ခက်ခဲလွန်း၍ တော်ရုံသမားများ တပ်လန်ကြရသည်။

ယနေ့ခေတ်ပေါ်ဂိုဏ်းများမှာဆို ဆေးထိုး၊ လက်ဝါးရိုက်၊ အင်းတိုက်၊ အင်းသောက်ရုံဖြင့် သုံးဆင့်၊ ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့် စသည့် အဆင့်များကို ခုန်ပျံကျော်လွှား၍ တက်လို့ရသည်။ ဝင်းဂိုဏ်းမှာမူ တစ်ဆင့်မှ တစ်ဆင့်သို့ လွယ်လွယ်ဖြင့် တက်လို့မရ။

ဦးကျော်မောင်က ဝင်းဂိုဏ်း၏ ဂိုဏ်းခွဲခေါင်းဆောင်ဖြစ်ခဲ့ဖူး၏။ ခု အသက်အရွယ် ထောက်လာပြီမို့ ဝိပဿနာဘက်သို့ လမ်းကြောင်းပြောင်းသွားပြီဖြစ်သည့်အလျောက် ဂန္ဓာရီလိုင်းနှင့် လမ်းခွဲလိုက်ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ဂိုဏ်းဂဏလုပ်ငန်းဆိုင်ရာ အကြောင်းကို အတော်လေး ပြောနိုင်သလို၊ အင်းတော်ကြီး ရွှေမဥ္ဇူဘုရားသမိုင်းကိုလည်း ပြည့်ပြည့်စုံစုံကြီး ပြောနိုင်သည်။

မှတ်သားထားသည့် မှတ်စုမှတ်ရာများကိုလည်း ထုတ်ပေးခဲ့၏။

ဦးကျော်မောင် ဝင်းဂိုဏ်းတက်ပြီးနောက် အင်းတော်ကြီးတွင် အမှိဋ္ဌာန်ဝင်ခဲ့ဖူးရာ ထိုစဉ်က တွေ့ကြုံခဲ့သည့် အတွေ့အကြုံများကို ပြန်လည် ပြောပြခဲ့၏။ စိတ်ဝင်စားစရာတွေ ပါသလို အံ့သြစရာများလည်းပါသည်။

အင်းတော်ကြီးရောဂါ စွဲကပ်လာသော ကိုကျော်မြသန်းမှာ ရောဂါပို၍ တိုးသွား၏။

တပေါင်းလတွင် ကျင်းပမည့် အင်းတော်ကြီးဘုရားပွဲသို့ မဖြစ်ဖြစ်သည့်နည်းဖြင့် မရောက်ရောက်အောင် သွားမည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်၏။

**အင်းတော်ကြီး ရွှေမဥ္ဇူဘုရား**

အင်းရေညို ရစ်ဝိုင်းလို့
တံတိုင်းက အပြာခံ
မားမတ်ပျော်စံ။
ရွှေပေါင်းငယ်ရံ ကြယ်ခံတဲ့လဝန်း
ပုထိုးစေတီဂူတို့
ရွှေမဥ္ဇူမုံ့ကာညွတ်တယ်
တလွတ်နတ်ကျွန်း။
မြူမင်းလွှင် ကြွေလောင်းတဲ့
တပေါင်းလ ပွဲတော်ခါ
ကြွေးကြော်ခြိမ့်ညာ
သဲခုံကသာ ရေပြာကအေး
အမောပြေ တစ်ထောင့်နားလို့
ဘုရားဆီ ရင်ပြင်သိုက်အောင်
လိုက်ခဲ့ပလေး။



ကျွန်းလယ်ခေါင် သောင်ဦးက
ကြာဖူးထွင့် ရွှေစည်းခုံ
ချဉ်းမိပြန်တုံ။
လူမျိုးကစုံ ခိုလှုံတည့်ပြည့်ကြမ်း။
မောင်လဲ သဒ္ဓါဝေ၍၊ မယ်လဲ သဒ္ဓါဝေ၍
အင်းတော်မြေ ငွေသောင်ပြန့်မှာ
ဖူးအံ့မခန်း။

**(ဗန်းမော်ညိုနွဲ့)**

ကဗျာဆရာ ဗန်းမော်ညိုနွဲ့က အင်းတော်ကြီး ရွှေမဥ္ဇူဘုရားသို့ ရောက်ခဲ့စဉ်က ရွှေမဥ္ဇူဘုရားနှင့် အင်းတော်ကြီးကို သူ့အမြင် သူ့ခံစားချက်အရ အထက်ပါအတိုင်း ကဗျာဉာဏ် ကွန့်မြူးခဲ့၏။

ရွှေမဥ္ဇူဘုရား တည်ရှိရာ အင်းလေးရေပြင်ကျယ်ကြီးမှာ ထင်းရှူးတောင်၊ လွှဲခေါ်တောင်၊ လွဲအိမ်တောင်၊ ဝတော်တောင်၊ ကျူခံလဲတောင်၊ လောခွန်တောင်၊ ဆင်ခေါင်းတောင်၊ နန့်တင်တောင်၊ ဝါးတောင်၊ လွဲငယ်တောင်၊ ကဝါထုံးတောင်၊ ရွှေတောင် အမည်ရှိ တောင်ဆယ့်ခြောက်လုံး ဝိုင်းရံထား၏။

ရေပြင်၏အကျယ်အဝန်းမှာ အနံ ၇–မိုင်၊ အလျား ၁၄–မိုင်ခန့် ရှိပေသည်။

ဤရွှေ့ ဤမျှလောက် ကျယ်ပြန့်သော ရေပြင်ကြီးမှာ မြသားပြင်အလား စိမ်းလဲ့နေ၏။ အင်းကြီးအားပတ်ပတ်လည်တွင် ရှိနေသော တောင်တန်းကြီးများမှာ ပြာလဲ့လဲ့။

မြသားပြင်အလယ်တွင် ထည်ထည်ဝါဝါ ထိုးထွက်နေသည့် စေတီတော်မှာ အင်းတော်ကြီး ရွှေမဥ္ဇူဘုရားကြီးပင်တည်း။

မြန်မာပြည်တစ်ခွင်တွင် အင်းတွေအများအပြား ရှိပါ၏။ ထိုအထဲတွင် ယခုဖော်ပြလတ္တံ့သော အင်းကြီးမှာ အလွန်ကြီးမားသော အင်းကြီးဖြစ်သဖြင့် “တော်”တစ်လုံး တိုးခဲ့သည်ကြောင့် “အင်းတော်ကြီး”ဟူ၍ ခေါ်ဝေါ်သမှတ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ အင်းတော်ကြီးနှင့် ပတ်သက်၍ ရှေ့မိနောက်မိပုဂ္ဂိုလ်ကြီးများ အဆိုအရ ရာဇဝင်လာ သမိုင်းပုံပြင်တွင် ဤသို့ဆိုထား၏။

လူစင်စစ်က ကျားဖြစ်သည်ဆိုသော ထမန်သီ လူမျိုးများ၏ဒေသတွင် ဥတ္တရစောဖြူ၊ ရှမ်းအခေါ် "စောင်ဆေးပိတ်"ကျားဖြူမင်း အုပ်ချုပ်နေသည့်အချိန် ...။

သမုဒ္ဒရာ ရေပြင်ကျယ်ကြီးထဲမှာ ဧရာပထနဂါးမင်းကြီးသည် တန်ခိုးရှိန်စော် ကြီးမားလွန်းသည့်အတိုင်း မိဖုရားပျိုပျိုအိုအို မောင်းမမိဿံ ခြွေရံတဲ့သင်းနဲ့ ပျော်ရွှင်မြူးထူးစွာ စံပယ်ခဲ့၏။

ဧရာပထ နဂါးမင်းကြီးမှာ မိဖုရားတွေ များလွန်းသည့်အတိုင်း သားတော် နဂါးလေးတွေလည်း တပြွတ်ပြွတ် ဖွားမြောက်လာ၏။ ဒီတော့ နဂါးလေးတွေအတွက် တိုင်းပြည်သစ် ရှာဖွေပေးဖို့ ဧရာပထ နဂါးမင်းကြီးမှာ တာဝန်တွေ ရှိလာသည်။

ဒါနဲ့ နဂါးညီနောင်သုံးပါးကို "နေရာသစ် ရှာဖွေကြ"လို့ နဂါးမင်းကြီးက အမိန့်ပေးလိုက်တော့ နဂါးညီနောင်သုံးဦးဟာ နေရာသစ်ရှာဖို့ ထွက်ခဲ့ကြရသည်။

နဂါးညီနောင်သုံးဦးဟာ တစ်တောဝင် တစ်တောင်တက်၊ တစ်တောင်ဆင်း၊ တစ်တောဝင်ရင်း နေရာသစ်ရှာ ထွက်ခဲ့ရာမှ အနေအထားကောင်းမွန်သည့် ကွင်းပြင်ကြီးတစ်ခုကို တွေ့ခဲ့ကြ၏။ အဲဒီနေရာကို အင်းဖွဲ့ဖို့ အညီအညွတ် တိုင်ပင်ကြပြီး အင်းကြီးတစ်အင်းကို ဖွဲ့လိုက်ကြသည်။

ထိုနေရာသည် ကသာမြို့ အနောက်ဘက်၊ နဘားမီးရထားလမ်းဆုံခရီး၊ အင်းတော်မြို့ အနောက်ဘက်ယွန်းယွန်းမှာရှိ၏။ ယခုခေတ် အခေါ်နဲ့တော့ "အင်းတော်အင်း"လို့ ခေါ်တဲ့နေရာဖြစ်၏။ ရှမ်းလိုကတော့ "နန့်ဖားအင်း"လို့ ခေါ်ကြသည်။

နဂါးညီနောင်သုံးဦးဟာ နန့်ဖားအင်းမှာ အစ်ကိုအကြီးဆုံးကို အခြေစိုက်စေပြီး ကျန်နှစ်ပါးက နောက်ထပ် နေရာသစ်ရှာဖို့ ခရီးဆင့်ခဲ့ကြပြန်၏။

တစ်နေရာရောက်တော့ တောတောင်တွေကို စောင့်ရှောက်ရတဲ့ နတ်သမီး ပျိုကညာလေးတွေနဲ့ တွေ့ကြရာ နဂါးပျိုလေးတွေက ချောချော၊



နတ်သမီးတွေက ချောချော၊ တောထဲတောင်ထဲ တွေ့ကြတော့ မောကုန်ကြတော့တာပေါ့။

ရိုတိုထိ ငြိတိတိ မခွဲနိုင် မခွာရက် ဖြစ်ကုန်ကြပြီး နတ်ကညာပျိုတို့ ညွှန်ပြရာ ကွင်းပြင်ကြီးကို နဂါးတို့တန်ခိုးနဲ့ မိုးကြီးရွာချစေလိုက်ကာ အင်းကြီးတစ်အင်း ပေါ်လာတော့၏။

အဲဒီအင်းဟာ "နောင်မဲအင်း"လို့ အမည်တွင်ခဲ့ဆေမယ့် ယခုအခါ "နောင်ခွင်အင်း"ရယ်လို့ ခေါ်ဝေါ်သမှု ပြုကြ၏။

နောင်ခွင်အင်းမှာ နဂါးညီနောင်တို့ နတ်သမီးတစ်ဖက်ငါးရာနဲ့ ကာမဂုဏ်အာရုံတွေ ခံစားရှင်း ပျော်ပျော်ပါးပါး နေခဲ့ရာမှ ညီအငယ်ဆုံးက နန်းတော်တစ်ခုတည်း ဘုရင်နှစ်ပါးဖြစ်နေတာ မသင့်တော်ဘူး၊ ငါလည်း နန်းတော်တစ်ခု တည်ထောင်ဦးမှပဲလို့ စိတ်ကူးပေါက်ပြန်ပါလေရော။

ဂူတစ်ခုတည်း ခြင်္သေ့နှစ်ကောင် မအောင်းဘူးဆိုတာလိုပေါ့လေ။

ညီတော်အငယ်ဆုံး နဂါးကလေးဟာ နေရာသစ် ရှာဖွေခဲ့ပေမယ့် တောကြီးတောင်ကြီးထဲက နေရာတွေကို စိတ်ကြိုက်မတွေ့နိုင်ဘဲ ဖြစ်နေ၏။

နဂါးမင်းသားလေးက ကြေးကလည်း ခပ်များများ ထင်ပါရဲ့။ လိုချင်တဲ့နေရာ မရတာနဲ့ ရှာရင်းဖွေရင်း ခရီးဆက်ခဲ့တာမှာ ဥတ္တရစောဖြူမင်း နန်းစိုက်ရာ နေရာကို သွားတွေ့ခဲ့၏။

အဲဒီ ဥတ္တရစောဖြူမင်း နန်းစိုက်တဲ့မြို့မှာ လူနေအိမ်ခြေ အလွန်စည်ကားပြီး လူစင်စစ်က ကျားဖြစ်တဲ့ ထမန်သီလူမျိုးတွေ နေကြသောဒေသဟု အဆိုရှိ၏။

ဥတ္တရစောဖြူမင်းနဲ့ ထမန်သီလူမျိုးတွေဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မကြည်ညို မကိုးကွယ်ကြဘဲ ရသေ့ကြီးတစ်ပါးကို ကိုးကွယ်ပြီး မိစ္ဆာဒိဋ္ဌိအယူကို ယူနေကြ၏။ ကာမဂုဏ်အာရုံတွေမှာ မွေ့ပျော်ပြီး အပျော်အပါးကိုပဲ အာရုံစိုက်နေကြရာ ဝန်တိုမိစ္ဆာစိတ် လွန်ကဲသည်ဟု အဆိုရှိ၏။

အဲဒီလို ရတနာသုံးပါးကို မကိုင်းရှိုင်းဘဲ ကာမဂုဏ်အာရုံနဲ့ ပျော်မွေ့ပြီး ဝန်တိုမိစ္ဆာ အားကြီးသည့် လူတွေကို ဆက်လက်ပြီး အသက်ရှင်ခွင့် မပေးစကောင်းတော့ဘူးလို့ နဂါးမင်းကလေးက ဆင်ခြင်မိပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ နဂါးမင်းက မုဆိုးမတစ်ဦးကို အိပ်မက်ပေးပါလေရော။

ရှေ့ခုနစ်ရက်လွန်ရင် ထမန်သီတို့ နေထိုင်ရာဒေသမှာ ရေကြီးလတ္တံ့။ ဥတ္တရစောဖြူမင်း နေပြည်တွင် ရေအင်းကြီး ဖြစ်လတ္တံ့။ ရေအင်းကြီး မဖြစ်ခင် လွတ်အောင်ရှောင်ကြ၊ မရှောင်နိုင်သူများ ရေဘေးနှင့်တွေ့ကြုံရလိမ့်မည်ဟု အိပ်မက်ပေးခဲ့၏။

အဲ ... အိပ်မက်,မက်တဲ့ မုဆိုးမကြီးကလည်း သူ့အိပ်မက်ကို ဘုရင့်နားပေါက်အောင် တင်လျှောက်ပါသတဲ့။ တွေ့သမျှလူတွေကိုလည်း ပြောပါသတဲ့။

ဒါပေမဲ့ မုဆိုးမကြီးပြောတာကို ကြားတဲ့လူတွေက မယုံကြည်ကြဘူး။

လင်မရလို့ လင်တရှူး,ရှူးပြီး ထင်ရာပြောတာပဲလို့ ယိုးစွပ်ကြဆိုပဲ။

ခုံနစ်ရက်လည်းစေ့ရော အရှေ့ အနောက် တောင် မြောက် လေးဖက်လေးတန်ကနေပြီး ရေတွေတက်လာလိုက်တာ ဥတ္တရာစောဖြူမင်းရဲ့နန်းတော်ကြီးနဲ့ မြို့ကြီးတစ်မြို့လုံးဟာ ရေနောက်မျောပါကုန်ပြီး မြို့လုံးပျောက်ဖြစ်သွားခဲ့တော့၏။

အဲဒီအချိန်ကစပြီး အင်းတော်ကြီးရယ်လို့ ပေါ်လာခဲ့တာပါပဲ။

ဒါကတော့ အင်းတော်ကြီးရဲ့ သမိုင်းပုံပြင်ကြမ်းလေးပါ။

✧ ✿ ✧

အင်းတော်ကြီးနှင့် ပတ်သက်၍ ယင်းဒေသမှ ဆရာတော်တစ်ပါးက ဤသို့ ဝိဂြိုဟ်ပြုထား၏။

ဗဟူ၊ ဥဒကာနိ၊ အဘိဏှံ

အတိဂူဟန္တိ တိ၊ ဣတိတသမာ၊ အင်းတော်ကြီး။

ဗဟူ၊ များစွာကုန်သော။ ဥဒကာနိ၊ ရေတို့သည်။ အဘိဏှံ၊ မပြတ်ဘဲ။ အတိဂူဟန္တိ တိ၊ စီးဝင်တတ်ကုန်၏။ ဣတိတသမာ၊ ထိုသို့များစွာကုန်သော ရေတို့ စီးဝင်တတ်သော သတ္တိကြောင့်။ အင်းတော်၊ အင်းတော်ကြီးမည်၏။



ထိုဝိဂြိုဟ်ပြုချက်နှင့်အတူ အင်းတော်ကြီး၏ အံ့ကိုးပါးကိုလည်း ဤသို့ဖော်ကျူးထားပြန်၏။

၁။ အင်းတော်ကြီးသည် အလျား(၈)တိုင်၊ အနံ(၄)တိုင်ကျော်ရှိ၍ အလွယ်ကျယ်ပြန့်ခြင်း ... အံ့တစ်ပါး။
(အင်္ဂလိပ်မိုင်နှင့်ဆိုသော် ၁၄-မိုင်၊ ၇-မိုင်ခန့်ရှိသည်။)

၂။ နတ်ဆေးခတ်သောအချိန်၌ အင်းနတ်ခမ်းတွင်ပေါက်သော ကျီးပင်မှ အခေါက်များကို ကြက်တူရွေးက ခွာယူဆေးခတ်ပြေးခြင်း ... အံ့တစ်ပါး။

၃။ ကန်တော့ချိန်၌ နန့်တိန်ချောင်းရေသည် အင်းတော်ချောင်းအတိုင်း ဆန်တက်၍ အင်းထဲသို့ ဝင်ရောက်ကန်တော့ခြင်း ... အံ့တစ်ပါး။

၄။ နန့်စန်းတာ အကောက်၌ ထင်း၊ ဝါး၊ ကျူ၊ သစ်ပင်ဝါးပင်များ အလိုအလျှောက် စီတန်းစိုက်ထောင်နေခြင်း ... အံ့တစ်ပါး။

၅။ အင်းထဲတွင် အမှိုက်သရိုက်မရှိဘူး၊ ရှိသောအမှိုက်များကို အမြဲတမ်း လှိုင်းပုတ်၍ ကမ်းပေါ်သို့ တင်ပေးခြင်း ... အံ့တစ်ပါး။

၆။ အင်းတော်ကြီးသို့ စီးဝင်ရာ ချောင်းများတွင် တစ်ချောင်းလျှင် ငါးတစ်မျိုးစီ တက်ခြင်း ... အံ့တစ်ပါး။
(ငါးတစ်မျိုးစီတက်ခြင်း အံ့တစ်ပါး ဆိုရာ၌ နန့်ရင်ခါချောင်းတွင် ငါးဖန်းမချည်းသာ တက်၍၊ အင်းတော်ချောင်းတွင် ငါးသိုင်းများသာ တက်၏။ ထို့အတူ အခြားချောင်းများတွင်လည်း ငါးပတ်တက်သောချောင်း ရှိသလို ငါးရွှေတက်သော ချောင်းရှိ၏။)

၇။ အင်းတော်ရှင်ကြီး မကြိုက်သော မျောက်ပွဲပြုခြင်း၊ နတ်သံပစ်ခြင်းများ ပြုလုပ်ခဲ့သော်လည်းကောင်း၊ ဘုရားပတ်ဝန်းကျင်၌ မြူးထူးပျော်ပါးသော ငါးများကို ဖမ်းဆီးလျှင်သော်လည်းကောင်း ချက်ချင်း ကြီးမားသော လှိုင်းတံပိုးထလာခြင်း ... အံ့တစ်ပါး။

၈။ အင်းတော်ကြီး အနီးအနားတွင်ရှိသော မြေသလဲအမှုန့်များကိုယူ၍ ကျင်လိုက်လျှင် ရွှေမှုန် ရွှေဖတ်ကလေးများ ရနိုင်ခြင်း ... အံ့တစ်ပါး။

www.burmeseclassic.com

www.burmeseclassic.com



၉။ အင်းတော်ကြီးထဲမှ အခြားချောင်းသွယ်များသို့ ထွက်ခွာသွားသော ငါးများကို နောက်တစ်ဖက် ပြန်လာခွင့် မပေးခြင်းနှင့် လပြည့် လကွယ်နေ့များတွင် ချောင်းထိပ်ဖျားမှ အမြောက်ပစ်ဖောက်သံ ကြားခြင်း ... အံ့တစ်ပါး ဟူ၍ အံ့ကိုးပါးနှင့် ပြည့်စုံလေ၏။

ဤသို့ အံ့ကိုးပါးနှင့် ပြည့်စုံသည့်အပြင် ဟိုးရှေးရှေးတုန်းက အင်းတော်အရှင်ကြီးမှာ တန်ခိုးထွားသလောက် စိတ်လည်းအလွန်ခက်ထန်၏။

ကြမ်းလည်း အလွန်ကြမ်းတမ်း၏။

သူပိုင် အင်းထဲတွင် “လှေ”ကိုအချမခံပေ။

လှေငယ်၊ လှေကြီးတွေ ထားလိုက်ဘိဦး၊ စက္ကူနှင့်လုပ်သည့် လှေကိုပင် အချမခံ။

အင်းထဲသို့ လှေချခဲ့သော် အလွန်ကြီးမားသော လှိုင်းကြီးများ ထစေ၍ ပုတ်ခတ်ဖျက်ဆီးပစ်တတ်၏။

ထိုသို့သော အကြောင်းများကြောင့် အင်းကြီးထဲသို့ မည်သူမျှ မသွားဝံ့ မလာဝံ့ ရှိကြ၏။

အင်းတော်အရှင်ကြီး တန်ခိုးထွား၍ ကြမ်းတမ်းနေသည့်အချိန်တွင် အင်းတော်နယ်ထဲ၌ တောရဆောက်တည်၍ ကျင့်ကြံအားထုတ်နေသော တရားဓမ္မနှင့် ပြီးပြည့်စုံသည့် ဦးညီဆု ဆိုသူ ကိုယ်တော်ကြီးတစ်ပါးလည်း ထွန်းပေါက်နေ၏။

သူနှင့်ခေတ်ပြိုင် ပုဂ္ဂိုလ်များက ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ မေတ္တာကမ္မဋ္ဌာန်းပေါက်ပုဂ္ဂိုလ်ဟု သမုတ်ကြ၏။

အဆိုပါ ဦးညီဆု ကိုယ်တော်ကြီးက အင်းတော်ရှင်ကို ငါ ချွတ်မှ ကျွတ်တော့မည်ဟု မှတ်ယူခဲ့၏။ အင်းတော်ကြီး ပတ်ဝန်းကျင်တွင် နေထိုင်ကြမည့် ပုဂ္ဂိုလ်သတ္တဝါများ ကိုယ်စိတ်ချမ်းသာစွာ နေနိုင်ရေးအတွက် အင်းတော်ရှင်ကို ချွတ်မှဖြစ်တော့မည်ဟု အဓိဋ္ဌာန်ပြုပြီး အင်းကြီးပတ်ပတ်လည်သို့ကြွချီ၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပြီးနောက် အင်းမြောက်ဘက်အရပ်တွင် လောင်းလှေတစ်စင်း ခုတ်နိုင်းခဲ့ပေသည်။



## တန်ခိုးရှင်နှင့် မေတ္တာရှင်တိုက်ပွဲ

လောင်းလှေ ခုတ်၍ပြီးသည့်အခါ စိတ်ဓာတ်ရင့်သန် ခိုင်မာသော တပည့်များကို အဓိဋ္ဌာန်ဝင်ခိုင်းခဲ့၏။ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းစေခဲ့၏။

အဓိဋ္ဌာန်ရက် စေ့သောအခါ ဆရာတော်ပေးသည့် ပရိတ်ချည်များကို လွယ်သိုင်းစေပြီးလျှင် ဆရာတော်ဦးညီဆုက သာသနာစောင့်နတ်များကို တိုင်တည်၍ အမျှအတန်း ပေးဝေပြီး ကျောက်တုံးငယ် သုံးတုံးကို လှေပေါ်တင်နိုင်းလိုက်၏။

ဆရာတော်မှာမူ လှေဦးမှ ပရိက္ခရာရှစ်ပါးကို လွယ်ပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေ၏။

လက်ရွေးစင် တပည့်များက လောင်းလှေကို တက်ညီလက်ညီ လှော်၍ ဖားနန်းပုံဒေသမှ စတင်ထွက်ခဲ့ကြ၏။

လှေစတင်ထွက်၍ မကြာမီ အင်းကြီးမှာ ဆူပွက်လာပြီး ကြီးမားသော လှိုင်းတံပိုးများ ထလာသော်လည်း လှိုင်းအရှိန်မှာ လှေနားသို့ မရောက်သဖြင့် မည်သို့မျှ ဘေးအန္တရာယ် မတွေ့ကြရဘဲ တဖြည်းဖြည်း အင်းထက်ဝက်သို့ အရောက်လှော်ခတ်လာခဲ့ကြ၏။

ဆရာတော်မှာ ရင့်ကျက်သော ဣန္ဒြေကိုဆောင်လျက် တည်တည်ငြိမ်ငြိမ် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေသည်ကို တွေ့ရသည့် လှေတော်သားများမှာ အားတက်လာပြီး “ယီးလေလေး ... ယီးလေလေး”ဟု သံပြိုင်ဟစ်အော်လျက် ပျော်ပျော်ပါးပါးကြီး လှော်ခတ်နေကြသည်မှာ လှေပြိုင်ပွဲ ကျင်းပနေသည့်အလားသို့ ထင်မှတ်ရ၏။

ကမ်းနှစ်ဖက် ဝဲ–ယာမှ ကြည့်နေသည့် လူအုပ်ကြီးမှာ ကမ်းလုံးညွှတ်မျှ ရှိနေသည်။

အင်းတော်ကြီးတစ်ခုလုံး လှိုင်းတံပိုးတွေ ထနေသော်လည်း လှေဦးတွင် ရပ်နေသော ဆရာတော်၏ ဣန္ဒြေသိက္ခာမှာ အနည်းငယ်မျှ ဖောက်ပြန်ခြင်း မပြုမပြင်သည်ကို ... ဖြစ်၍ မလှုပ်မယှက်သည်

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ကြည့်နေကြရင်း လောင်းလှေတော်မှာ ဘုရားတည်မည့် အင်းအလျားတစ်ဝက်ခန့် ရောက်လာ၏။ ထိုစဉ် မမျှော်လင့်ဘဲ အခြေအနေ ပြောင်းလဲသွား၏။

ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်လိပ်များ ဖုံးလွှမ်း၍ မှောင် အတိကျသွား၏။ အလင်းရောင် လုံးဝမရှိတော့။

အလွန်ပြင်းထန်သော မိုးသက်မုန်တိုင်းကြီး ကျလာ၏။ မိုးသက် မုန်တိုင်းကြောင့် ရေအပြင်မှ လှိုင်းတံပိုးများမှာ အလိပ်လိုက် အလိပ်လိုက် ထ လာ၏။

ကြီးမားသော လှိုင်းကြီးများ အကြားတွင် လှေကိုမမြင်ရတော့၊ တစ်ခါတစ်ရံမှသာ ဆရာတော် ဦးညီဆု၏ ခေါင်းကလေးကို မြင်ရ၏။

ကမ်းပေါ်မှ ကြည့်နေသူများမှာ ဆရာတော်နှင့်တကွ လှေလှော် သားများပါ ပြန်လမ်းမရှိတော့ဟု ယူဆပြီး ရင်ဘတ်စည်တီး ဟစ်အော်ငိုကြွေး ကြသည့် အသံမှာ ပွက်ပွက်ညံနေ၏။

တစ်မိုးလုံး မှောင်မည်း၍ လှိုင်းများ ပြင်းထန်လာသောအခါ ဆရာတော် ဦးညီဆု ကိုယ်တော်မှာ လှေဦးမှ တည်ငြိမ်စွာရပ်လျက် ကောင်းကင် သို့မော့ပြီး ...

"အကျွန်ုပ်သည် ပွင့်ခဲ့ပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများနှင့် ပွင့်ဆဲ ပွင့်လတ္တံ့သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများအား ရည်စူး၍ ထူးမြတ်သော သစ္စာတရားနှင့် မေတ္တာတရားကို ရင်ဝယ်ပိုက်လျက် တရားဓမ္မများကို အဂတိ မဖက်ဘဲ ပွားများအားထုတ်ခဲ့ပါသည် ...

"ဤမှန်ကန်သော သစ္စာစကားကြောင့် လှိုင်းတံပိုးထလျက်ရှိသော အင်းရေပြင်သည် လုံးဝငြိမ်သက်သွားပါစေသတည်း"

ဆရာတော် ဦးညီဆု အဓိဋ္ဌာန်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ကောင်းကင်တစ်ပြင်လုံး လင်းထိန်လာပြီးနောက် မိုးသက်မုန်တိုင်းများ လုံးဝ ကင်းစင်သွားပြီး၊ အင်းရေပြင်မှာ သင်ဖြူးဖျာခင်းထားသည့်အလား ငြိမ်သက် သွားခဲ့၏။

လှိုင်းတံပိုးတွေ အလိပ်လိုက် အလိပ်လိုက် ထနေသော ရေပြင် ကြီး ငြိမ်သက်သွားစေကာမှ အနှောင့်အယှက်တစ်ခု ထပ်ပေါ်လာပြန်၏။



အမျိုးအမည် မဖော်ပြနိုင်သော အလွန်ကြီးမားသည့် ရေသတ္တဝါ ကြီးတစ်ကောင်သည် အင်းကိုဖြတ်၍ လှေကိုတားဆီးနေပြန်၏။ ထိုရေသတ္တဝါ ကြီး၏ ရှေ့နားတွင် သောင်ပြင်မို့ကလေး ကွက်ပေါ်နေ၏။

ဆရာတော် ဦးညီဆုက သောင်ပြင်မို့ကလေးဆီသို့ လှေကို မြန်လှော်ရန် အမိန့်ပေးလိုက်ပြီး၊ သောင်ပြင်မို့ကလေး အရောက်တွင် ဆရာတော်လက်၌ ကိုင်ထားသော တောင်ဝှေးကို သောင်ပြင်ပေါ်သို့ စိုက်လိုက် ရာ၊ ရေသတ္တဝါကြီး ပျောက်ကွယ်သွားရုံမက၊ အမှောင်ကိုခွင်း၍ လင်းရောင် ခြည်များလည်း ပေါ်ထွက်လာ၏။

တစ်ခဏချင်းမှာပင် လှိုင်းများလည်း လုံးဝငြိမ်သက်သွားတော့ ၏။

ကမ်းပေါ်မှ ကြည့်ရှုနေကြသော ပရိသတ်ကြီးက လက်ခုပ်လက် ဝါးတီး၍ ကောင်းချီးပေး၍ သာဓုသုံးကြိမ်ခေါ်ပြီး ကောင်းချီးပေးလိုက်သည့် အသံကြီးမှာ အင်းရေပြင်ပေါ်သို့ လွှမ်းခြုံသွားတော့၏။

ဆရာတော် ဦးညီဆု တောင်ဝှေးစိုက်ထူပြီး ကျောက်တုံးသုံးတုံး ...ပ်၍ ဓိဋ္ဌာန်ခဲ့သော ထိုသောင်ပြင်မို့မို့သည် နောင်သောအခါတွင် ရွှေမဥ္ဇူ ဘုရားတည်ရာ နေရာဖြစ်ခဲ့ပါလေသည်။

ထိုအချိန် ထိုအခါမှစ၍ အင်းတော်ကြီး ရေပြင်တစ်လွှားတွင် လှေကြီး၊ လှေငယ်များ ဖြစ်သန်းခွင့် ရခဲ့တော့၏။

ဤကား ရွှေမဥ္ဇူဘုရားတည်ရန် ပန္နက်ချပုံ ရာဇဝင်လာပုံပြင်ပါ တည်း။

✧ ● ✧

ရွှေမဥ္ဇူဘုရား တည်ခဲ့ပုံ အဆိုတွင် ထိုသို့လာရှိ၏။

အင်းတော်ကြီးအင်း အနောက်ဘက်အရပ်တွင် "တောင်သုံးလုံး ...လောက်ဆိုင်" တည်ရှိ၏။

ထိုတောင်သုံးလုံးကြားတွင် ဦးသောဘိတ ဘွဲ့မည်ရှိ ကိုယ်တော် တစ်ပါး တောရဆောက်တည်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ငယ်မည် ဦးသာအေး(ခေါ်)ဦးသောဘိတ ကိုယ်တော်မှာ ကိုရင်ဘဝကပင် စတင်၍ တောရဆောက်တည်ခဲ့သည့် ကိုယ်တော်ဖြစ်၏။

ဦးသောဘိတ ကိုယ်တော် တောရဆောက်တည်သော နေရာမှာ လူများနေထိုင်သောဒေသနှင့် အလွန်ကွာလှမ်းသဖြင့် လူများအရောက်အပေါက်အလွန်နည်းလေရာ တောင်သုံးလုံးစောင့်သော နတ်များသည် ဆရာတော်ကို ဆွမ်းကပ်၍ ဆရာတော်ထံတွင် တရားနာကြသည်ဟု အဆိုရှိပေသည်။

တစ်နေ့သောအခါ မိုင်းပုတ်ရွာမှ ဒကာတစ်ယောက်သည် ဆရာတော်ထံသွားရင်း တောရကျောင်းအတွင်း၌ စကားပြောသံကြား၍ ထရံပေါက်မှ ချောင်းကြည့်ရာ ခန့်ညားသော အဘိုးအိုတစ်ယောက်နှင့် ဆရာတော်တို့ စကားပြောနေသည်ကို တွေ့မြင်ရ၏။

ဆရာတော်နှင့် အဘိုးအိုတို့မှာ စကားပြောနေကြပေသေ ထိုဒကာမှာ သူတို့ပြောနေကြသော စကားကိုမူ နားမလည်ပေ။

ခဏကြာသောအခါ အဘိုးအိုက ဆရာတော်ကို ဦးချပြီး ထွက်သွားရာ၊ အဘိုးအို ထွက်သွားရာဘက်သို့ လိုက်ကြည့်သော်လည်း မျက်နှာကို မမြင်လိုက်ရပေ။ ထို့ကြောင့် ကျောင်းပေါ်သို့တက်သွား၍ ဆရာတော်အား လျှောက်ထားခဲ့၏။

"အရှင်ဘုရား ... ခုနကဆင်းသွားတဲ့ ဒကာကြီးက ဘယ်အရပ်ကပါလဲ ဘုရား"

"မမြင်အပ်တဲ့နေရာက ပုဂ္ဂိုလ်တစ်ယောက် တရားမေး လာဆွေးနွေးပြီး အခု ကိစ္စပြီးလို့ ပြန်ကြွသွားတာပဲ"

"တပည့်တော် အသံကြားလို့ ချောင်းကြည့်မိလိုက်ပါတယ် ဘုရား၊ အရှင်ဘုရားတို့ ပြောနေကြတာကိုတော့ နားမလည်ပါဘူး ဘုရား"

"အေးလေ ... ဒါက ဒကာကြီးတို့ နားလည်အပ်တဲ့ကိစ္စမှ မဟုတ်ဘဲကလား"

ဤသို့ ဆရာတော် ကျောင်းပေါ်တွင် ဆရာတော်နှင့် အဘိုးအိုတစ်ယောက်တို့ စကားပြောနေကြသည်ကို တွေ့ရပြီးနောက် မကြာမီ ဆရာတော် ဦးသောဘိတ ကိုယ်တော်ကြီးသည် တောင်သုံးလုံးစခန်းမှ အင်းတော်ကြီးဒေသသို့ ကြွလာခဲ့၏။



ဆရာတော်မှာ အင်းတော်ကြီး၌ ဘုရားတည်ရန် တာဝန်ရှိသဖြင့် နန့်ပေါင်စည်ရွာနှင့် ရွှေမဲ့ဥုဘုရားတည်မည့် ရွာအကြားရှိ မိုင်းပုတ် ဆိုသော ရွာကလေးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူလေ၏။

(မိုင်းပုတ်ရွာမှာ ယခုအခါ ပျက်စီးယိုယွင်းသွားပြီဖြစ်၍ ရွာကို မတွေ့မြင်နိုင်တော့သော်လည်း ရှေးဘုရားများကိုမူကား မြင်တွေ့နိုင်ပေသေး၏။)

ဆရာတော် ဦးသောဘိတ ကိုယ်တော်သည် မိုင်းပုတ်ရွာမှနေ၍ ဘုရားတည်ရန် စီစဉ်ပြီး ခရိုင်အုပ်များ၊ မိုင်းလေးမိုင်းတိုက်သူကြီးများကို ဖိတ်ခေါ်ပြီး ဘုရားတည်ရန် အစီအစဉ်ကို ပြောပြပြီးနောက် အင်းစွယ်သောင်ကုန်းတွင် ဘုရားတည်ရန် နေရာသတ်မှတ်လိုက်၏။

စေတီတော်တွင် ဌာပနာရန် ဓာတ်တော်များကို မိမိရှာဖွေမည်၊ အုတ်နှင့်တကွ လိုအပ်သော ပစ္စည်းများကို ဒကာများက ရှာဖွေပေးရန် အမိန့်ရှိခဲ့ရာ၊ ခရိုင်အုပ် ဦးရွှေဦးနှင့် မိုင်းမဲလေးမိုင်း တိုက်သူကြီးများမှာ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၍ ဆရာတော် အလိုရှိသည့်အတိုင်း တာဝန်ယူကြမည့်အကြောင်း အညီအညွတ် ပြန်လည်လျှောက်ထားခဲ့ကြ၏။

"မိုင်း"ဆိုသည်မှာ ရှမ်းအခေါ်ဖြစ်၍ ရွာများစုပေါင်းပိုင်ဆိုင်ခြင်းကို ဆိုလိုပါသည်။

(မြန်မာရွာများတွင် တိုက်သူကြီးအခေါ်ရှိသလို ဖြစ်မည်ထင်ပါသည်။)

ထိုအချိန်က အင်းတော်ကြီးတွင် မိုင်းလေးမိုင်း ရှိခဲ့၏။

၎င်းတို့မှာ "မိုင်းပင်း"၊ "စီးခန်း"၊ "ငွန့်စင်း"၊ "မောက်တောင်"ဟူ၍ ဖြစ်၏။

မိုင်းပင်းအုပ်စုတွင် ပါတောင်းရွာ၊ ညောင်ပင်၊ နန့်တောင်းဆယ်၊ ကုန်းမမုံ၊ နယ်စပ် နယ်ခြားရွာများ ပါဝင်၍ အုပ်ချုပ်သူ ပေါမိုင်းမှာ ဦးအိုက်မောင်း ဆိုသူဖြစ်၏။

"စီးခန်း"အုပ်စုတွင် နန့်မီးလောင်၊ လွဲမွန်၊ ဝိုင်းလုံ၊ နန့်ပြင်၊ နန့်ပခဲကြီး၊ နန့်ပခဲချောင်းဖျားရွာတို့ ပါဝင်၍ ပေါမိုင်းမှာ ဦးအိုက်လုံဆိုသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငွန့်စင်း"အုပ်စုတွင် လုံးကောက်၊ နန့်ကင်၊ ဆုံပေးကုန်း၊ မန်နဲဖောင်ခင်၊ လှိုင်းပုတ်ကြီး၊ လုံတုံ၊ ဘိုဖာရွာများ ပါဝင်၍ ပေါမိုင်းမှာ ဦးဘန်ကြွင်း ဆိုသူဖြစ်၏။

"မောက်တောင်"အုပ်စုတွင် မိုင်းဖုတ်၊ ထုံပင်၊ ထဲပန်၊ ဟဲကောင်း၊ ကုန်းတောင်းနယ်ခြားရွာများ ပါဝင်၍ ပေါမိုင်းမှာ ဦးစံပင်း ဆိုသူဖြစ်၏။

ဆရာတော် ဦးသောဘိတ ကိုယ်တော်မှာ ခရိုင်အုပ်၊ ပေါမိုင်းများနှင့် စည်းဝေးတိုင်ပင်ပြီးသည့်အခါ ရှေးအခါက သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်း နန်းစံနေစဉ်၊ အရှင် သောဏထေရ်၏ ရဟန္တာအရှင်မြတ်သည် နဂါးပြည်သို့ ကြွသွားတော်မူ၍ မြတ်စွာဘုရားသခင်၏ အရိယဓာတ်တော်များ ပင့်ဆောင်သကဲ့သို့ လေးဆူဓာတ်ပုံ ရွှေတိဂုံမှ ဓာတ်တော်များ ပင့်ဆောင်ရန် ဒဂုံမြို့သို့ ကြွသွားခဲ့၏။

ဒဂုံ(ရန်ကုန်)မြို့သို့ ရောက်သောအခါ ရွှေတိဂုံစေတီတော်အား ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပြီးနောက် ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင်ပင်ကိုးရက်အဓိဋ္ဌာန်ဝင်ခဲ့၏။

အဓိဋ္ဌာန်ရက် စေ့သည့်နေ့တွင် ဆရာတော် ဦးသောဘိတ ကိုယ်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဤသို့ လျှောက်ထားခဲ့၏။

"ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ တပည့်တော်တို့ အထက်မြို့ဒေသ အင်းကြီးအလယ်တွင် တည်ထားခိုးကွယ်မည့် စေတီတော်၌ ဌာပနာရန် အရှင်ဘုရား၏ ဓာတ်တော်မွေတော်များအား အပင့်ရောက်ရပါသည်။ အထက်မြို့ဒေသ၌ သာသနာရောင်ဝါ ထွန်းလင်းတောက်ပစေခြင်းငှာ တပည့်တော် ပူဇော်ထားသည့် ပန်းကလပ်အတွင်းသို့ ဓာတ်တော်မွေတော်များ ချီးမြှင့်ရန် လျှောက်ထားအပ်ပါသည် ဘုရား"

ဟု ရှိခိုးလျှောက်ထား အဓိဋ္ဌာန်ပြု၍ ပန်းကလပ်ကို အထက်ပစ္စယံခြေတော်ရင်း၌ ထားခဲ့ပြီး တည်းခိုရာကျောင်းသို့ ပြန်ကြွသွားခဲ့၏။

နောက်တစ်နေ့နံနက် အရုဏ်ဦးတွင် ဆရာတော် ဦးသောဘိတသည် ရွှေတိဂုံစေတီတော်သို့ကြွ၍ အရုဏ်ဆွမ်းများ ကပ်လှူပူဇော်ပြီး၊ ပန်းကလပ်ကို သွားရောက်ကြည့်ရှုရာ ပန်းကလပ်အတွင်း၌ "ဓာတ်တော်ငါးဆူ"



မှာ ရောင်ခြည်တော်ကွန့်မြူး၍ တင်နေသည်ကို ဖူးတွေ့ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဓာတ်တော်များ ကိန်းဝပ်ရာ ပန်းကလပ်ကို ကိုယ်တိုင်ပင့်ဆောင်၍ အင်းတော်ကြီးဒေသသို့ ပြန်ကြွခဲ့၏။

ဆရာတော် ပြန်ကြွလာသောအခါ ခရိုင်အုပ် ဦးရွှေဦးနှင့် ပေါမိုင်းများ အသင့်စုဆောင်းထားသော အုတ်၊ ကျောက်၊ အင်္ဂတေ၊ ရွှေငွေများ အသင့်ဖြစ်နေပြီ ဖြစ်သည့်အတိုင်း ဆရာတော် ပင့်ဆောင်လာသည့် ဓာတ်တော်များကို ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုပြီး ဆရာတော်ဦးညီဆူ မှတ်သားထားခဲ့သည့် အနောက်အင်းကမ်းခြေမှ အတောင်ပေါင်း ၂၇၆ တောင်ကွာသော သဲသောင်ခုံထိပ်တွင် ထူပါစေတီတော်တည်ရန် ပြင်ဆင်ခဲ့ကြ၏။

စေတီတော် တည်ရန်အတွက် အုတ်၊ ကျောက်များကို သယ်ယူရာတွင် နေ့အချိန်၌ လူအများကသယ်၍၊ ညအခါ၌ နတ်များက သယ်ယူကြသည်ဟု အဆိုရှိခဲ့လေသည်။

မြတ်စွာဘုရား သာသနာ ၂၄၁၂–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၃၀–ပြည့်နှစ်၊ ဟေမန္တရာသီ၊ ဆောင်းအကုန် နွေအဝင်၊ တပေါင်းလဆန်း ၁၁ ရက်၊ စနေနေ့မွန်းတည့်အချိန်တွင် ရှေးဦးပန္နက်ရိုက်ခဲ့ကြ၏။

တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ ရောက်သောအခါ ဌာပနာသွင်းရန်ကျောက်တိုက် စတင်တည်ခဲ့၏။

၁၂၃၃–ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့မွန်းတည့်အချိန်တွင် ရတနာရွှေအုတ်၊ ငွေအုတ်များ ထည့်သွင်းမြှုပ်နှံ၍ ဌာပနာသွင်းခဲ့၏။

တောရဆရာတော် ဦးသောဘိတ ကိုယ်တော် ဌာပနာသွင်းပုံမှာ ရတနာရွှေစင်ကို လှေပုံစံ ပါးပါးလုပ်၍ ၎င်းရွှေလှေပေါ်၌ ဓာတ်တော်ငါးဆူတင်ပြီးလျှင် ကျောက်တိုက်ရေပေါ်သို့ ချထားခဲ့၏။

ဓာတ်တော်များ တင်ထားသည့် ရွှေလှေတော်မှာ ရေများလျှင် အပေါ်တက်၍ ရေနည်းလျှင် အောက်သို့ ဆင်းနေလေသည်။

နယုန်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့နံနက် ၄ ချက်တီးအချိန်တွင် ပိန္နဲတိုင်စိုက်၍ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့ မွန်းလွဲအချိန်တွင် ထီးတော်ကို အောင်မြင်စွာ တင်ဆောင်နိုင်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားတည်ရန် အုတ်တစ်ဖိုသာရသဖြင့် စေတီတော်မှာ ညာဏ်တော် ၁၀ တောင်ကျော်သာ ရှိလေသည်။

ပထမဆုံး ဘုရားပွဲတော်ကို ဦးသောဘိတ ကိုယ်တော်၏ တပည့်ရင်း ဦးပညာနှင့် ဦးသာရတို့ ဦးစီး၍ အင်းတော်ဒေသ ခရိုင်အုပ်၊ ပေါမိုင်းများနှင့် နယ်သူနယ်သားများ ကြိုးပမ်းမှုဖြင့် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလဆုတ် ၁ ရက်နေ့အထိ ဘုရားပွဲတော် ကျင်းပနိုင်ခဲ့၏။

ဆရာတော် ဦးသောဘိတ ကိုယ်တော် ပင့်ဆောင်လာသည့် ဒဂုံဆံတော်ရှင် ဓာတ်ပွားတော်များကို ရွှေသေတ္တာနှင့်ထည့်ပြီးသကာလ ရွှေလှေပေါ်တင်၍ ဌာပနာခဲ့သည်ကို အကြောင်းပြု၍ "ရွှေမဋ္ဌုဘုရား"ဟု ဘွဲ့တော်သမုတ်ခဲ့ကြလေသည်။

သက္ကရာဇ် ၁၂၃၅-ခုနှစ် ရောက်သောအခါ နန့်ဖောင်းစင်ရွာ၌ နေထိုင်သော မောင်ရှင်ညီ ဆိုသူက အုတ်တစ်ဖိုခွဲ ဖုတ်ပြီးလျှင် ရွှေမဋ္ဌုစေတီတော်ကို ထပ်မံ၍ မွမ်းမံပြင်ဆင်ခဲ့၏။

ညာဏ်တော် တစ်ဆယ့်ရှစ်တောင် နှစ်မိုက် လေးသစ် ရှိလာ၏။ ဖိနပ်တော်မှာ ကိုးတောင်နှစ်မိုက်ခြောက်လက်မ ရှိလေသည်။

ထိုအချိန်အခါမှစ၍ ဗုဒ္ဓဘာသာ မြန်မာ၊ ရှမ်း၊ ကချင်နှင့် ခန္တီးလူမျိုးတို့သည် ထက်သန်သော စေတနာ ယုံကြည်ချက်ဖြင့် ရွှေမဋ္ဌုစေတီတော်အား ပူဇော်သက္ကာရ အရိုအသေပြုကြကုန်၏။

ဤသို့ အေးအေးချမ်းချမ်း ရှိခဲ့ရာမှ ပြောင်းလဲသော အခြေအနေတစ်ရပ်ကို တွေ့ကြုံခဲ့ရပြန်သည်။

၁၂၃၆-ခုနှစ်မှစ၍ ကချင်လူမျိုး "ဟော်ဆိုင်း" သူပုန်ကြီးသည် မြစ်ကြီးနားခရိုင် ကျောက်စိမ်းတွင်းနယ်မှ စတင်ထကြွခဲ့ရာ စည်ကားအေးချမ်းသော နယ်မြေကြီးမှာ ပျက်စီးခြင်းအခြေသို့ ရောက်ခဲ့ရပေသည်။ အင်းတော်နယ်အတွင်း နေထိုင်ကြသူများမှာ ခြေဦးတည့်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရ၏။

ဟော်ဆိုင်းသူပုန်ကြီး၏ နယ်ပယ်မှာ အောက်ပိုင်းတွင် ဝန်သိုနယ်အထိ၊ အရှေ့ဘက်တွင် ဗန်းမော်နယ်အထိ ကျယ်ပြန့်လာသဖြင့် ဝန်သိုစော်ဘွားကြီးသည် မင်းတုန်းမင်းတရားကြီးအမိန့်နှင့် ဟော်ဆိုင်းသူပုန်ကြီးကို တိုက်ခိုက်ဖြိုခွင်းခဲ့ရ၏။



"မြန်မာရာဇဝင်တွင် ဟော်ဆိုင်းသူပုန်အကြောင်း မပါဝင်သော်လည်း မြောက်ပိုင်းနယ်တွင် နေထိုင်ကြသော သက်ကြီးရွယ်အိုတိုင်းပင် ဟော်ဆိုင်းသူပုန်အရေး ရှေးဖြစ်ဟောင်းကို ပြန်လည်ပြောလေ့ရှိကြ၏။

မာန်လည်ဆရာတော်၏ အတ္ထုပ္ပတ္တိတွင် ဟော်ဆိုင်းသူပုန်ထကြွခဲ့ပြီး မာန်လည်မြို့ကို လွှမ်းမိုးအုပ်ချုပ်ခဲ့သည်ကြောင့် ကချင်သူပုန်များနှင့် သင့်တင့်အောင် ပေါင်းသင်း၍ ဆွမ်းဝတ်ပြုခဲ့ရသည်ဟု မှတ်တမ်းရှိခဲ့ပေသည်။

ထို့ပြင်တဝ မကြာမီ ကချင်သူပုန်များကို နှိမ်နင်းရန် မြန်မာစစ်သည်တော်များ ဆိုက်ရောက်လာပြီး မာန်လည်မြို့အနီး တိုက်ပွဲဖြစ်ပွား၍ မာန်လည်ဆရာတော်ကျောင်းမှာ တိုက်ပွဲအတွင်း ကျရောက်ခဲ့သည်ကြောင့် ဆရာတော်မှာ မာန်လည်မြို့အနောက် မင်းဝံတောင်တန်းသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ရ၏။

ထိုသူပုန်အရေးအခင်းကြောင့် ဒေသနေလူအများ အခြေအနေပျက်ပြားခဲ့ရာ ဝန်သိုစော်ဘွားကြီး ကိုယ်တိုင် နှိမ်နင်းတိုက်ခိုက်ပါသော်လည်း သူပုန်အရေးမှာ ရတ်တရက် အေးချမ်းမသွားဘဲ ပြောက်ကျားဆူပွက် နေပြန်သဖြင့် ရွှေမဋ္ဌုဘုရားကြီးမှာ ပြုပြင်သူ မရှိတော့ဘဲ သီပေါမင်း ပါတော်မူသည်အထိ နှစ်ပေါင်းနှစ်ဆယ့်နှစ်နှစ်ကြာမျှ တန်ခိုးတော် ညှိုးမှိန်ခဲ့ရလေသည်။

သက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် နန့်တိန်းချောင်း ဝဲဘက်ကမ်းရှိ လောဆွန့်ရွာတွင် သီတင်းသုံး နေထိုင်တော်မူသော ဦးဝဏ္ဏ ကိုယ်တော်က အုတ်ခုနစ်ဖိုကုန် ပြန်လည်ပြုပြင်ခဲ့၏။

အုတ်ခုနစ်ဖိုကုန် ပြန်လည်ပြုပြင်အပြီးတွင် မိုးကြီးသည်းထန်စွာ ရွာသွန်း၍ မကြုံစဖူး ထူးကဲသော ဒီလှိုင်းကြီးများ ပုတ်ခတ်သဖြင့် ဝါခေါင်လဆန်း ၈-ရက်နေ့တွင် ကျောက်တိုက်အုတ်ပလ္လင် ပျက်စီးခဲ့ပေသည်။

ထိုသို့ပျက်စီးသွားခဲ့သည်ကို ၁၂၅၈-ခုနှစ်တွင် အင်းတော်ကြီးအနောက်ဘက် နန့်မီးလောင်ရွာကျောင်းတွင် သီတင်းသုံးနေတော်မူသော ဂိုဏ်းအုပ်ဆရာတော် ဦးခေမ ကိုယ်တော်က ရဟန်းရှင်လူများ စုဝေးစေ၍ ကျွန်းတိုင်ကြီးများကို ရစ်ခွေလျက် ပျက်စီးသွားသော အုတ်တိုက်ပလ္လင်ကြီးကို ပြန်လည်ပြုပြင်ခဲ့ပါသော်လည်း ၁၂၆၀-ပြည့်နှစ်တွင် တစ်ဖန် ပြန်လည်ပျက်စီးခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၂၆၁–ခုနှစ်တွင် ဦးဓမ္မ ကိုယ်တော်ပင် ဦးစီး၍ အင်းတော်လေးဝိုင်းရှိ ဒါယကာ ဒါယိကာမ အပေါင်းတို့ ဝိုင်းဝန်း၍ ကျောက်ခဲကျောက်တုံးများကို သယ်ယူကြပြီး ခိုင်ခံ့သော ကျောက်တိုက်ကြီး တည်လေရာ လေးနှစ်ကြာမှ ပြီးစီးခဲ့၏။

၁၂၆၅–ခုနှစ်တွင် ဘုရားပလ္လင်ကို အခိုင်အခံ့ ပြုပြင်ပြီး စေတီရံလေးဆူ ထပ်မံတည်ဆောက်ခဲ့၏။ စေတီရံလေးဆူ၏ ဒါယကာများမှာ ဦးဘိုးကြွင်း၊ ဦးစီ၊ ဦးဘိုးအိုက်၊ ဦးရွှေစီးတို့ဖြစ်၏။

သက္ကရာဇ် ၁၂၈၀–ပြည့်နှစ် အရောက်တွင် အင်းတော်ကြီးအနောက်ဘက် လုံးကောက်ရွာ ကျောင်းကြီးတွင် သီတင်းသုံးနေတော်မူသော ဦးဇိန ကိုယ်တော် ဦးစီး၍ ရွှေမဥ္ဇူဘုရားကြီးကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်ခဲ့ရပြန်၏။

တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ညနေသုံးနာရီအချိန်တွင် ရတနာရွှေအုတ်ကို ချမြှုပ်၍ သတ္တဌာနနှင့်တကွ ရွှေဘုရား၊ ငွေဘုရား၊ ရွှေတံခွန်၊ ငွေတံခွန်များ ဌာပနာသွင်းခဲ့ပြန်၏။

၁၂၈၄–ခုနှစ်တွင် ထီးတော်တင်ရာ၊ ထီးတော်သစ်မှာ အမြင့်ခုနစ်တောင်နှစ်မိုက်ရှိ၍ ထီးတော်ဝမှာ နှစ်တောင်နှစ်မိုက် ရှိပေသည်။

ဘုရားဖိနပ်တော်မှာ ၂၆–တောင် တစ်မိုက် လေးသစ် ရှိလာ၍ ဉာဏ်တော် ၃၃–တောင် နှစ်မိုက် ရှိ၏။

ကျောက်တိုက်ပေါ်၌ရှိသော စေတီရံမှာ ပထမအပတ်၌ စေတီရံအဆူနှစ်ဆယ်၊ ဒုတိယပတ်၌ စေတီရံ နှစ်ဆယ့်ရှစ်ဆူ၊ တတိယပတ်၌ စေတီရံ သုံးဆယ့်ခြောက်ဆူ ရှိလေရာ သုံးပတ်ပေါင်း ရှစ်ဆယ့်လေးဆူ ရှိလေသည်။

ပထမပစ္စယံပေါ်၌ စေတီရံ နှစ်ဆယ့်ရှစ်ဆူ ဒုတိယပစ္စယံပေါ်၌ အဆူလေးဆယ်၊ ပေါင်း ခြောက်ဆယ့်ရှစ်ဆူရှိရာ စေတီရံ စုစုပေါင်း ၁၅၂ ဆူအထိ တိုးတက်လာခဲ့၏။

လုံးကောက်ဆရာတော်ဘုရား လက်ထပ်မှစ၍ နှစ်စဉ်မပျက် တပေါင်းလဆန်း ၈ ရက်နေ့တွင် ပွဲတော်ပြုလုပ်ခဲ့ပေသည်။

ဤသည်မှာ အင်းတော်ကြီး ရွှေမဥ္ဇူဘုရားသမိုင်း အကြမ်းပင်။



ဘုရားကြီးနှင့် ပတ်သက်သည့် အံ့ဖွယ်အထူးများကို ဖော်ပြပါဦးမည်။

ဘုရားဖူးရန် သဲလမ်းပေါ်ပုံမှာ ...

ရွှေမဥ္ဇူဘုရားမှာ အင်းလယ်တွင် တည်ထား၍ ဘုရားပတ်လည်တွင် ရေပြင်အတိပြီး၏။

သို့သော် ပွဲတော်ချိန် နီးကပ်လာသောအခါ တပေါင်းလဆန်းလောက်ကစပြီး အင်းလှိုင်းများသည် မျက်နှာချင်းဆိုင်ညှပ်၍ သဲများကို အလိုအလျောက် ပုတ်ခတ်စုတင်ပေး၏။

ထိုသို့ လှိုင်းပုတ်တင်ပေးသည့် သဲများမှာ တပေါင်းလဆန်း ၆ ရက်သို့ ရောက်သောအခါ သဲလမ်းကြီးနှစ်ခုသည် အလိုအလျောက် ပေါ်လာတော့၏။ သဲလမ်းပေါ်ရာတွင် တစ်လမ်းတည်းမဟုတ်၊ နှစ်လမ်း ပေါ်လာ၏။

တစ်လမ်းမှာ လူလမ်း။

တစ်လမ်းမှာ နတ်လမ်း။

လူအများ ဘုရားဖူးအသွား လျှောက်ရန်တစ်လမ်း။

နတ်များဘုရားဖူးအသွား လျှောက်ရန်တစ်လမ်း ... ဟူ၍ ပေါ်ခဲ့သည်။

ကမ်းမှ ဘုရားအရှေ့ဘက် မျက်နှာပြု၍ ပေါ်လာသည့် ဝဲဘက်လမ်းသည် လူသွားလမ်း၊ ယာဘက်လမ်းသည် နတ်လမ်းဟူ၍ ပေါ်လာ၏။

ဘုရားတည်နေရာသည် အနောက်အဆုံးကမ်းခြေနှင့် နှစ်ဖာလုံခန့် ဝေးကွာနေရာ လူလမ်းနှင့် နတ်လမ်းမှာ တစ်ဖာလုံကွာ၍ ဘုရားနားတွင် တြိဂံပုံ(သုံးထောင့်ချွန်ပုံ)ဖြစ်နေလေသည်။

ထို လူလမ်း၊ နတ်လမ်း နှစ်ခုကြားတွင် "အဝိစိတိုက်"ဟူ၍ ရှိလေရာ ရေအလွန်နက်၏။

သဲလမ်းပေါ်ပုံမှာ သောင်ပြင်ကဲ့သို့ ရေတိမ်ရာနေရာမှာ ပေါ်သည် မဟုတ်ပေ။

ရေတိမ်တွင် သောင်ပြင်ပေါ်လျှင် ထူးဆန်းသည်ဟု မဆိုသာ။

လှိုင်းနှစ်ဖက်ညှပ် ရိုက်သောကြောင့် ခပ်စောက်စောက် ပေါ်လာခြင်းဖြစ်ရာ နံဘေးဆင်းကြည့်လျှင် ရေအလွန်နက်သည်ကို တွေ့ရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော့်မြသန်းက လှေတစ်စင်းငှား၍ သဲလမ်းဘေးရှိ ရေအတိမ် အနက်ကို ဝါးလုံးထောက်၍ စမ်းသပ်ကြည့်ခဲ့ရာ ဝါးလုံးတစ်လုံး ဆုံးသွားသည် အထိ အောက်ခြေကို မထောက်မိခဲ့ပေ။

ရွှေမဥ္ဇူဘုရားပွဲမှာ နှစ်စဉ်နှစ်တိုင်း အလှူနစ်စည်ကား၍ လူမျိုး ပေါင်းစုံ ရောက်ရှိကြ၏။

မြန်မာပြည်အရပ်ရပ်မှ ကုန်းလမ်း၊ ရေလမ်း အမျိုးမျိုးဖြင့် လာ ရောက်ဖူးမြော်ကြရုံမက အနောက်ဘက်တွင်းမှ ခုနစ်ညအိပ် ခြေလျင်ခရီးဖြင့် ပင် လာကြသည်ကို တွေ့ရ၏။

ကျောက်စိမ်းနယ်မှဆိုလျှင် ဆင်များဖြင့် ဘုရားဖူးလာကြ၏။

ရွှေမဥ္ဇူဘုရား၏ တန်ခိုးအံ့ဖွယ်ရာများမှာ ...

(၁) နှစ်စဉ် ပွဲတော်ချိန်နီးမှ အလိုလို သဲလမ်းမကြီး ပေါ်လာခြင်း။

(၂) အင်းကြီးအတွင်း၌ မိုးတွင်း ရေမည်မျှပင်ကြီး၍ ရေမည်မျှ ပင် တိုးစေကာမူ ဖိနပ်တော် ရေမခြင်း။

(၃) ဘုရားပွဲတော်ချိန်တွင် ကျီးများ မရှိခြင်း။

(၄) ဘုရားပွဲတော်တွင် လူမျိုးစုံ စည်ကားလှသော်လည်း ခိုက် ရန်ဖြစ်ပွားမှု မရှိခြင်း။

(၅) ဘုရားပွဲတော်ချိန်တွင် အလွန်ကြီးမားသော ငါးကြီးများ ဘုရားဖူး လာကြခြင်း၊ ဘုရားပတ်လည်တွင် မြူးထူးပျော် ပါးနေသော ငါးများကို မဖမ်းယူရခြင်း၊ ဖမ်းလျှင် လှိုင်း ကြီးထလာတတ်ခြင်း၊ ပွဲချိန်မဟုတ်သော်လည်း ဘုရားပတ် လည်မှ ငါးများကို မဖမ်းယူဝံ့ခြင်း။

(၆) လှူလမ်းအပြည့် သဲများပေါ်ချိန်တွင် တချို့လူများက ဖိနပ် စီး၍ လျှောက်တတ်ရာ ဘုရားနားအရောက် ထိုဖိနပ်ကို ချွတ်စေရန်အတွက် ရေချန်ထားခြင်း၊ နတ်လမ်းမှ လူများ မသွားနိုင်စေရန် ဘုရားမရောက်မီ တစ်ဝက်ခန့် ရေဖြတ် ချန်ထားပေးခြင်း။

(၇) နတ်ဆေးခတ်ချိန်၌ လွဲအိမ်အရှင်ပိုင်သော နေရာများတွင် မျဉ်းဖြောင့်ဆွဲထားဘိသကဲ့သို့ ဆေးခတ်၍ ရေနီမြုပ်များ



ထခြင်း၊ အင်းတော်ပိုင်ရေမှာ နက်မှောင်စိမ်းညို့နေရာ ရေ နှစ်ရောင်မှာ ရေစပ်ခြင်းမရှိဘဲ မူး၍ ပက်လက်မျောနေသော ငါးကို ဘုရားမြောက်ဘက် ဘုရားအနီး ချလိုက်လျှင် ရှင် လာခြင်း။ ထိုဆေးခတ်၍ သေသည့်ငါးများကို ဘုရားမြောက် ဘက်တွင် ဘယ်တော့မှ မရှိစေခြင်း။ (ဘုရားအနီး ငါးဆေး ခတ်ခြင်း၊ ငါးသေခြင်း မရှိစေရ။)

(၈) ဘုရားသို့ ရောက်လာကြသည့် မည်သည့်ဘာသာဝင်မဆို ဘုရားသို့ ရောက်ခဲ့ပြီးနောက် အထူးပင် ကြည်ညိုသဒ္ဓါပွား ၍ အံ့သြစိတ် ပြင်းထန်စေခြင်း။

(၉) တပေါင်းလပြည့်နေ့သည် ဗုဒ္ဓဟူးနေ့နှင့် ကြုံကြိုက်ပါက တန်ခိုးရောင်ခြည်တော်လွှတ်ခြင်း၊ ရဟန္တာများ ဘုရားဖူး ကြွလာသည်ဟု ပြောစမှတ်ပြုခြင်း၊ နှစ်စဉ်နှစ်တိုင်း တစ်ခုခု ထူးခြားမှု ဖြစ်ပေါ်တတ်ခြင်းတို့မှာ ဘုရားကြီး၏ အံ့ဖွယ်ရာ များပင် ဖြစ်ပေသည်။

အင်းတော်ကြီးအင်းကို ကြီးမားသော တောင်သုံးလုံးက ဖို့ခံ လောက်ဆိုင် ဝိုင်းရံထား၏။

ရာဟုထောင့်တွင် ဝေမိဋ္ဌကဘုရော ခေါ် “ကဝါပွန်းတောင်ကြီး”။

တနင်္ဂနွေထောင့်တွင် မောရိယဘုရော ခေါ် “ရွှေတောင်ကြီး”။

အင်္ဂါထောင့်တွင် နာဌာဂီရိဘုရော ခေါ် “ဆင်ခေါင်းတောင်ကြီး” တို့ ရှိလေသည်။

မောရိယဘုရော (ခေါ်) ရွှေတောင်သည် ရှေးအခါက ဘုရား လောင်း ရွှေဥဒေါင်းမင်း ပျော်မွေ့ကျက်စားရာ နေရာဟု အဆိုရှိ၏။ ယခုတိုင် ရွှေဥဒေါင်းလမ်းဟူ၍ တောင်ပေါ်တက်သော လမ်းကြောင်းကို မြင်တွေ့နိုင် ပေသည်။

ရွှေတောင်အောက်၌ရှိသော “လယ်ဆိန်မာ” ချောင်းသည် မိုးတွင်း အခါ ရေကြည်၍ နွေအခါတွင် ရေနောက်၏။

အင်းတော်ကြီးအင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ရာ၏။ အင်းရေကြည် လျှင် ချောင်းရေနောက်၍ အင်းရေနောက်လျှင် ချောင်းရေကြည်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်၌ အဖိုးတန် ကန့်ကူဆန်များထွက်၏။

အင်းတော်ကြီးဒေသမှာ ဤသို့သော ထူးခြားချက်ကလေးများနှင့် ပြည့်စုံသည့်အပြင် "ဆင်ဖြူတော်ကလေး"တစ်ကောင်လည်း ပေါ်ထွန်းခဲ့ဖူးလေသည်။

၁၉၅၉-ခုနှစ်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်လာသည့် ဆင်ဖြူတော်ကလေးမှာ အင်းတော်ကြီးဒေသ ဟိုပင်မြို့အနီး မိုင်းနောင်သစ်တောတွင် မွေးဖွားခဲ့၏။

အဆိုပါ ဆင်ဖြူကလေးကို ၁၉၃၉-ခု တပေါင်းလပြည့်ကျော် ၁၃-ရက်အဝင်၊ နံနက်အရုဏ်တက်တွင် ဖွားမြင်ခဲ့ကြောင်း မှတ်တမ်းပြုထား၏။

ဤမျှလောက်ဆိုလျှင် အင်းတော်ကြီး ရွှေမဥ္ဇူဘုရားသမိုင်းကို စာဖတ်သူများ ငံ့မိလောက်ပေပြီ။

သမိုင်းစဉ်ကို ပြန်လည်ဖော်ထုတ်ရခြင်းမှာ ထိုဒေသတွင် ရှေးရှေးအခါက အာဏာစက် ပြည့်စုံသည့်၊ သီလပြည့်စုံသည့်၊ သမာဓိပေါက်မြောက်သည့် ဦးညီဆု ကိုယ်တော်၊ ဦးသောဘိတ ကိုယ်တော်တို့လို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပေါ်ထွက်ခဲ့သလို ယနေ့ခေတ်တွင်လည်း ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းလျက်ရှိကြောင်း ဖော်ညွှန်းလို၍ ဖြစ်ပေသည်။

မျက်မှောက်ခေတ်တွင် သူကြီး ဖိုးရွှေသီးမှာ အင်းတော်ကြီးဒေသတွင် ပုဂ္ဂိုလ်ထူးကြီးတစ်ဦးနှင့် တွေ့ဆုံခဲ့ရပြီးနောက် သူ၏ လူဆိုးကြီးဘဝကို ခဝါချခဲ့၏။

လောကတွင် မကောင်းတာမှန်သမျှ အကုန်လုပ်သည့် လူဆိုးလူပေကြီးဘဝမှ သူတော်စင်တစ်ယောက် ဖြစ်လာအောင် ကျင့်ကြံအားထုတ်ခဲ့ပုံများနှင့် ထိုမှ တွေ့လာရသည့် ထူးဆန်းသည့် လောကီပညာရပ်များအကြောင်းကို ဆက်လက် တင်ဆက်ရန်အတွက် ...

အင်းတော်ကြီး ရွှေမဥ္ဇူဘုရားသမိုင်းကို စာဖတ်သူများအား ကဗျာရှင် ဗန်းမော်ညိုနွဲ့ ခံစားမှုဖြင့် ဖွင့်ပြခဲ့ပြီးနောက် ထီးချိုင့်နတ်စိုး၏ ရွှေမဥ္ဇူဘုရားပွဲ ကဗျာဖြင့် တစ်ခန်းရပ်ပါရစေ။



## အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲ

* ချောင်းအဆင့်တွေနှင့် မြောင်းကလဲ တင့်တဲ့ပြင်၊
တောင်မင်း ပြာပြာညိုတို့၊
တာခါရို အမြင်ကျယ်လှတာက၊
ဖြာဖြာစို ရှင်ဖွယ်ခပါတဲ့၊
ပင်လယ်တမျှ အမြတ်အင်းတော်။

* စကားတစ်ရပ်ဟာက၊ အလကား မမှတ်သာဘူး၊
နဂါးနတ်တွေ ဖန်ကာဆည်သတဲ့၊
မြန်မာပြည် မြောက်ခွင်တိုင်းမှာဖြင့်၊
မန္တာကီ ထောက်ချင့်နှိုင်းသင့်ပါရဲ့၊
မှိုင်းစွေစွေ ရေအမော်မှာနော် (ခင်ရယ်)
လှိုင်းလေက အော်။

* ဉာဏ်မလှစ်သော်လဲ၊ ကံက သစ်သမို့၊
တစ်ခေါက်တစ်ခါ ကြုံခဲ့ရ၊
ဖြစ်လာပုံ အံ့မခန်းနိုင်ဘူး၊
ရှုစမ်းပါ မဒ္ဒီပျိုငဲ့၊
ဥဒါန်းလှာ သီဆိုဖွယ်ပေါ့၊
နဒီညိုလယ် ဆန်းလာရပုံက၊
ကြည်ညိုဖွယ် လမ်းနှစ်ဖြာခပါလို့၊
နန်းပမာတမျှပါတဲ့ ရေကြည်ပျော်၊
စကောသီမော်ပါလို့ ဖူးရန်အများ၊
အောင်စေတီတော်တွေက ထူးဟန်ခြား။

* ကြင်ချစ်တဲ့ မယ်ရယ်၊
မြစ်ပြင်ကျယ် သံသာဘေးမှာလဲ၊
ညင်ညစ်တွယ် မာန်တဏှာဝေးတဲ့ပြင်၊
ရန်ဘယာအေးခါ ခမာလှုံ့ရအောင်၊

www.burmeseclassic.com

www.burmeseclassic.com



စေတနာဟုန် စိတ်အကြံမြူးပါလို့၊
တစ်အားရုံ အမိဋ္ဌာန်ဖူးကြပါစို့ရဲ့၊
တိတ်သဏ္ဍာန်ထူးလို့ လွမ်းစရာရေအငူအကြားမှာဖြင့်၊
ဘိတ်လျှံမြူးတဲ့ ထွန်းပဝေဘူ ပတ္တမြားလိုပ၊
ဩော် ... နိဗ္ဗာန်ကူးဖို့ ကျွန်းမြေ ရွှေမဋ္ဌုဘုရား။ ။

✧ ✺ ✧

(၅)

## အင်းတော်ကြီးဒေသသို့

ကိုကျော်မြသန်းမှာ ရန်ကုန် ပြန်ရောက်ပြီးနောက် လုပ်လက်စ လုပ်ငန်းများကို ရပ်တန်သည်ကိုရပ်၊ ဖြတ်တန်သည်ကိုဖြတ်ပြီး အင်းတော်ကြီး သို့ သွားရေးကိုသာ တာစူလိုက်၏။

မန္တလေးအထိ ခရီးအဆင်ချောသည်။ မန္တလေးမှ ဆက်ရမည့် ခရီးမှာ အဆင်မချော။

ဘုရားပွဲတော်အချိန်တွင် ဖင်တစ်နေရာစာ နေရာရဖို့မလွယ်။ မြစ်ကြီးနားရထားမှာ သာမန်အချိန်များတွင်ပင် ခရီးသွားများ ပြည့်လျှံစမြဲရှိ ရာ၊ ဘုရားပွဲတော်အချိန်နှင့်ဆုံတော့ အထိုင်ခက် အထဓက်သည်အထိ တွဲတိုင်း မှာ ခရီးသည်များ ပြည့်ညပ်ပြွတ်သိပ်နေသည်။

ဂါတ်ဗိုလ်ကြီးကို ချဉ်းကပ်ပြီး အပေးအယူ လုပ်ရသည်။

ဖင်တစ်နေရာစာအတွက် ရမ်တစ်ပုလင်းနှင့် စီးကရက်နှစ်ဘူး ပေးရသည်မှာ အကြောင်းမဟုတ်ပါ။ လှည့်သာ ပွဲသာ ချောင်ချောင်ချိချိလေး လိုက်ခဲ့ရသည်။

မန္တလေးမှ ညခြောက်နာရီ ထွက်ခဲ့သော ရထားကြီးမှာ ဆင်းရ မည့် ဟိုပင်ဘူတာရောက်တော့ နောက်တစ်နေ့ နေ့လယ် တစ်နာရီကျော်ရှိပြီ။

ဟိုပင်ဘူတာကို ရထားဆိုက်တော့မှ ဘုရားဖူးခရီးသည်တွေ များပြားလွန်းလှကြောင်း တွေ့လိုက်ရသည်။

ရထားတွဲပေါ်မှ အန်ထွက်လာသော ဘုရားဖူးများမှာ ခြောက် ခန်းလီလီ များပြားလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုပင်ဘူတာကို ရောက်ရှိနေသော အထူးလက်မှတ်စစ်အဖွဲ့နှင့် မီးရထားပြန်ကြားရေးဌာနမှ ဘုရားဖူးခရီးသည်များနားနေရန်နှင့် ခရီးဆက်ရန် အစီအစဉ်များကို ကြေညာပေးလျက်ရှိ၏။

အောက်မှတက်လာသော အဆန်ဘုရားဖူးများနှင့် မြစ်ကြီးနားမှ ဆင်းလာသော အစုန်ဘုရားဖူးများ ဆုံစည်းရာ ဟိုပင်ဘူတာကြီးမှာ ကြက်ပျံမကျ စည်ကားနေ၏။

ဘုရားဖူးအင်အား များပြားလွန်းသောကြောင့် အင်းတော်ကြီးဘုရားသို့ သယ်ယူရမည့်ယာဉ်များ မနိုင်မနင်း ဖြစ်နေ၍ ဘုရားဖူးများမှာ သစ်ပင်ရိပ်များရှိရာသို့ ဝင်ရောက်ခိုလှုံနေကြရ၏။

အရိပ်ရှိသည့် နေရာတွင် ထိုင်သူထိုင်၊ လှဲသူလှဲ ရှိနေကြသည်။

ဘုရားဖူးရောက်လာကြသော ကဒူးကဏန်းများ၊ ရှမ်းလူမျိုးများနှင့် အခြားသော တိုင်းရင်းသားများမှာ ရိုးရာဝတ်စုံများ ဝတ်ဆင်လာကြသောကြောင့် အရောင်မျိုးစုံပွင့်နေသော ပန်းခင်းကြီးနှယ် ရှိပါချေ၏။

ဘုရားဖူးခရီးသည်များမှာ ပင်ပန်းနွမ်းနယ်နေကြသော်လည်း ရှေ့ဆက်ရမည့် ခရီးအတွက် စိတ်စောနေ၏။

ကိုကျော်မြသန်းမှာ မန္တလေးမှ ဦးကျော်မောင် ရေးပေးလိုက်သည့် မိတ်ဆက်စာနှင့် တည်းခိုအိမ်သို့ ထွက်ခဲ့၏။

ဘူတာနှင့် မနီးမဝေးမို့ ဆယ်မိနစ်လောက်ပင် မလျှောက်လိုက်ရ။ တည်းခိုအိမ်သို့ ရောက်ခဲ့သည်။

ပျူပျူငှာငှာ လိုက်လိုက်လှဲလှဲကြီး ဆီးကြိုကြသည်။ ပင်ပန်းနွမ်းနယ်လာသမျှ ပြေလျော့သွားရသည်။

သူက ညအိပ်ရန် မရည်ရွယ်သော်လည်း ညအိပ်ဖို့အကြောင်း ဖြစ်လာသောကြောင့် တည်းခိုအိမ်တွင် တစ်ညတာ နားခိုလိုက်ရ၏။

ဟိုပင် တည်းခိုအိမ်မှ အိမ်ခံမိသားစုများမှာ နောက်တစ်နေ့တွင် အင်းတော်ကြီးသို့ သွားကြမည်ဖြစ်သောကြောင့် သူတို့ကားနှင့် လိုက်ခဲ့ရန်ပြောသဖြင့် ချက်ချင်း ခရီးဆက်မည့် အစီအစဉ်ကို ရွှေ့လိုက်ရ၏။

မနေ့ညကလည်း တစ်ညလုံးလိုလို အိပ်ရေးပျက်လာသည်။ ဆက်ရမည့်ခရီးကလည်း ခရီးကြမ်း။



တစ်ညတာ အိပ်ရေးဝဝ အိပ်လိုက်ရလျှင် နောက်နေ့ဆက်ရမည့် ခရီးတွင် လန်းဆန်းဆန်းဆန်းရှိမည်။

အင်းတော်ကြီးခရီးမှာ မျှော်မှန်းထားသည်ထက် ပိုမိုအဆင်ပြေမည့် အခြေအနေ ဖြစ်သွားသည်။

သို့ကလို ဖြစ်လိမ့်မည်ဟု လုံးဝမျှော်လင့်မထား။

ကိုကျော်မြသန်းကတော့ ဆိုင်ရာပုဂ္ဂိုလ်များ၏ အစီအစဉ်ဖြစ်လိမ့်မည်ဟု ခံယူလိုက်၏။

နောက်တစ်နေ့ မနက်စာ စားသောက်ပြီး ဆယ့်တစ်နာရီကျော်ကျော်လောက်မှ အိမ်ကထွက်ခဲ့ကြသည်။

သူ့အတွက် ဂျစ်ကားရှေ့ခန်း၌ နေရာပေးသော်လည်း သူက ရှေ့ဂျစ်ကားဖြင့် မလိုက်ဘဲ ပတ်ဝန်းကျင်၏ အနေအထားများကို လွတ်လွတ်လပ်လပ် ကြည့်နိုင်သော ဂျစ်ကားနောက်တွဲမှ လိုက်ပါရစေဟု ခွင့်တောင်းပြီး လွတ်လွတ်လပ်လပ် လိုက်ခဲ့သည်။

သူတို့ဆီက ဂျစ်ကားများမှာ အများအားဖြင့် နောက်တွဲထရေလာထားကြသည်။

ဘုရားပွဲတော်ချိန်ကျလျှင် ရှေ့ရော နောက်ပါတင်မှ လူပိုဆံ့သလို ဝင်ငွေလည်း ပိုရသည်။

မနက်အစောပိုင်း မထွက်ဘဲ၊ နေ့ခင်းပိုင်းကျမှ ထွက်ခဲ့ရသည်မှာ လမ်းခရီး အခြေအနေကြောင့်ဖြစ်၏။

ဟိုပင်မှ အင်းတော်ကြီး အတက်ခရီးတွင် နန့်မွန်တောင်နှင့် လွဲအိမ်တောင်ကြီးများကို ကျော်ဖြတ်ရ၏။

မြင့်သလား မမေးနှင့်၊ အောက်ခြေမှ မျှော်ကြည့်လိုက်လျှင် အတက်ခရီးအတွက် ရင်တုန် ပန်းတုန် ဖြစ်ရလောက်အောင်ကို မြင့်သည်။ ထိုသို့သော ကားအိုကားဟောင်းများဖြင့် တက်မှတက်နိုင်ပါ့မလား ထင်မှတ်ရ၏။

တောင်ပေါ်အတက်အဆင်း ခရီးမှာ ကားနှစ်စီး မရှောင်သာအောင် ကျဉ်းမြောင်းလှသောကြောင့် အတက်ကားနှင့် အဆင်းကား လမ်းတွင်ဆုံစေရန် အချိန်ပိုင်းခြား ထားရ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြောလမ်းပေါ်တွင် အတက် အဆင်းကားများ မဆုံမိစေရန်အတွက် ဘုရားမှ အဆင်းကားများကို နံနက်စောစောပိုင်းတွင်လွှတ်၍ ဟိုပင်မှ အတက်ကားများကို မွန်းတည့် ၁၂–နာရီထိုးသည်နှင့် စတင်လွှတ်ပေး၏။

ဟိုပင်မြို့မှ ထွက်လိုက်သည်နှင့် အလွန်မြင့်မားသော မိုးထိတောင်ကြီးများကို ဘွားခနဲ တွေ့လိုက်ရ၏။

မျက်ဝန်းထဲ၌ မိုးမိုးမတ်မတ် တွေ့နေသော မိုးထိတောင်ကြီးကို မျှော်ကြည့်ရင်း ရင်ထဲတွင် တလှပ်လှပ် ဖြစ်ရသည်။

တောင်ကို မတက်ရသေးခင် တောင်ကြီးကို မြင်လိုက်ရုံနှင့် ရင်ထဲတွင် အေးသလိုလို၊ နွေးသလိုလို ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ၏။

တောင်ကြီးက အမြင့်ကြီး၊ တောင်ပေါ်တက်မည့်ကားတွေက ခပ်ချာချာမို့ သည်တောင်နှင့် သည်ကား ဖြစ်ပါ့မလားဟု စိုးရိမ်စိတ် ဖြစ်ရသော်လည်း တကယ် တက်လိုက်တော့ တောင်ကြီးကားအောက် ရောက်သွား၏။

အလွန်မြင့်မားသည့် တောင်ကြီးကို အထပ်လိုက် ခရုပတ်အကွေ့အကောက် အလှည့်အပတ် ဖောက်ထားသောကြောင့် တောင်ပေါ်တက်နေသည့် ကားများမှာ အိပ့် အိပ့်၊ ဖြည်းဖြည်းမှန်မှန် တက်နေရသည်။

နန့်မွန်တောင်ကြီးပေါ်သို့ တက်နေစဉ် ရှေ့သို့မျှော်ကြည့်မလား၊ ဘေးသို့ လှမ်းကြည့်မလား၊ နောက်သို့ ငဲ့ကြည့်မလား။ ဘယ်သို့ပဲကြည့်ကြည့် သာယာလှပသော ရှုခင်းများသည်သာ မျက်ဝန်းထဲ၌ ရစ်ဝဲလျက်ရှိချေ၏။

တပေါင်းလတွင် ပင်ရွက်တွေ ညှိုးရော်ခြောက်သွေ့နေစေကာမူ တောင်ပေါ်တွင် အစုလိုက် အအုပ်လိုက် ရှိနေသည့် အမြဲစိမ်းတောမှာမူ စိမ်းစိမ်းစိုစိုပင် ရှိနေသည်။

ဟိုပင်မှ အင်းတော်သို့ သွားသည့်ခရီးမှာ ကြမ်းတမ်းသော်လည်း တောင်ကြီးဖဝါးအောက်ကို နှလုံးမူ၍ ခြေလျင်ခရီးနှင့် နေသူများလည်း ရှိ၏။

သူတို့မှာ ဘုရားတွင်လှူမည့် လှူဖွယ်ပစ္စည်းများနှင့် ချက်ပြုတ်စားသောက်မည့် အိုးခွက်ပန်းကန်နှင့် စားစရာများကို ထမ်းပိုးလျက် သွားနေရစေကာမူ ပင်ပန်းရိပ် မထင်။ အပြုံးမပျက် သွားနေကြ၏။



အထူးသဖြင့် ပအိုဝ့်အမျိုးသား အမျိုးသမီးများနှင့် ဂဒူးကဏန်းတောင်သူများမှာ ဘုရားဖူးခရီးစဉ် သွားရာတွင် မိမိ၏ခွန်အားကို အသုံးပြု၍ သွားလာနေကြသည်မှာ သူတို့၏ဓလေ့ထုံးစံပင်။

လုံးတုံ့ရွာသို့ မရောက်မီ တောင်အဆင်းတွင် အင်းတော်ကြီးရေပြင်ကို ခပ်ရေးရေး လှမ်းမြင်လိုက်ရ၏။

ရောက်ဖို့နီးလာလေ၊ ရောက်ချင်သည့်ဆန္ဒ ပို၍လွန်ကဲလာလေ။

နန့်မွန်၊ လုံးတုံ့၊ နန့်ပေါင်ခင်ရွာများကို ကျော်ဖြတ်ခဲ့ပြီးနောက် ကိုးတောက်ရွာသို့ မရောက်ခင်မှာပင် ရွှေမဥ္ဇူဘုရား၏ တစ်စွန်းတစ်စကို လှမ်းမြင်ဖူးမြော်လိုက်ရ၏။

ကားများမှာ ဘုရားပွဲခင်းထိပ်ရှိ လုံခြုံရေးစခန်းခွဲနေရာတွင် ရပ်လိုက်ရသည်။

ကားပေါ်မှ ဆင်းပြီးနောက် ကိုယ်ပေါ်တွင် တင်နေသည့် ဖုန်သဲများကို ခါချပြီး၊ ပွဲခင်းဆီသို့ မျက်စိကစားကြည့်လိုက်သည်။ ရုပ်ရှင်ပြရန် ဆောက်ထားသော ယာယီရုပ်ရှင်ရုံကြီးတစ်ရုံနှင့် ဇာတ်ပွဲကပြရန် ဆောက်ထားသော ဇာတ်ရုံတစ်ရုံကို တွေ့လိုက်ရ၏။

ဘုရားဖူးပရိသတ်များ ညဥ့်လုံးပေါက် အချိန်ဖြုန်းရမည့်နေရာဖြစ်ဖွယ်ရှိ၏။

ရုပ်ရှင်ရုံရှေ့တွင် ပြမည့်ဇာတ်ကားပိုစတာများနှင့် အထူးချိတ်ဆွဲထားသော ပိုစတာမှာ "မိုးအလင်း သုံးကား တစ်ဝကြီး ကြည့်ရမည်။ လက်မှတ်စောစော ဝယ်ထား"ဟူ၍ ဖြစ်၏။

ထိုမှဆက်၍ လျှောက်ခဲ့ရာ ဘုရားဖူးများ တည်းခိုရန် ဆောက်လုပ်ထားသော တဲတန်းလျားများနှင့် ဈေးဆိုင်တန်းကို တွေ့ရ၏။

ဂေါပကအဖွဲ့စခန်းချရာ ဇရပ်မှာမူ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံ ဖြစ်၏။

ထိုမှလွန်သော် ဘုရားသို့သွားရာ အဆင်းလမ်း။

တွေ့ရပါပြီ။

ရေလယ်မရောက်တရောက်တွင် ရှိနေသော ရွှေမဥ္ဇူစေတီတော်မှာ ရေအောက်မှ ရေပေါ်သို့ ထိုးထွက်နေသလား ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ရေပြင်အလယ်တွင် မှဲ့မှိုးမတ်မတ်။

ကမ်းခြေမှ ဘုရားထိအောင် ပြန့်ပြန့်ပြူးပြူး ပေါ်နေသော သဲလမ်းကြီးပေါ်မှာ ဘုရားဖူးတွေ အပြည့်။

• ဘုရားသို့ ရောက်ချင်ဇောဖြင့် ခြေလှမ်းခပ်သွက်သွက်လှမ်း၍ သဲလမ်းပေါ်သို့ ခြေချလိုက်မိသည်နှင့် တစ်လမ်းလုံး ပင်ပန်းလာသမျှ ပြေပျောက်၍ ရွှင်လန်းပေါ့ပါးသွား၏။

စိတ်ထဲတွင် ခံစားလိုက်ရသော ကြည်နူးပီတိမှာ ရင်ဝယ်သိမ့်သိမ့် အေးမြရိပ် ထင်သွား၏။

ဝဲယာနှစ်ဖက် ရေပြင်ကြီး၏အလယ်တွင် ရှိနေသော သဲလမ်းမကြီးမှာ ထူးခြားသလို၊ သဲလမ်းကြီးပေါ် လျှောက်ခဲ့ရသော အရသာမှာလည်း တစ်မျိုးပင်။

ပြန်လည်ဖော်ပြခြင်းငှာ မစွမ်းသာအောင် ရှိဘိ၏။

အင်းရေပြင်ကို ဖြတ်သန်း၍ တိုက်ခတ်လာသော လေနုအေးမှာ ညက်ညက်ညောညော၊ နုနုနှော့နှော့လေး။

သဲလမ်းဆုံးပြီးနောက် ကုန်းကမူလေးပေါ် လှမ်းတက်လိုက်သည်နှင့် ဘုရားရင်ပြင်တော်။

ရင်ပြင်တော်မှာ မကျဉ်းမကျယ် အနေအထား ရှိသော်လည်း များပြားလှသော ဘုရားဖူးများမှာမူ ကျပ်ကျပ်တည်းတည်းမရှိ။ ချောင်ချောင်ချိချိပင် သွားလာလှုပ်ရှားလို့ ရနေသည်။

ရင်ပြင်တော်ပေါ်ရောက်ပြီး ဘုရားမရှိခိုးနိုင်သေး။ ဦးငါးကြိမ်အလောသုံးဆယ် ချလိုက်ရ၏။

စေတီတော်ကို လှည့်ပတ်ကြည့်ချင်သောဆန္ဒ နှိုးဆွနေသောကြောင့် ဦးချပြီးသည်နှင့် စေတီတော်ကို လက်ယာရစ် ပတ်လိုက်ရ၏။

ရင်ပြင်တော်ကို လှည့်ပတ်ရင်း တွေ့နေရသော ရေပြင်ကျယ်ကြီးမှာ ရင်ကိုအေးမြ၍ စိတ်ကိုလန်းဆန်းစေ၏။

စေတီ၏အရပ်တိုင်းတွင် ဘီလူးမအရုပ်များ ရှိနေသော်လည်း ကြောက်မက်ဖွယ်ရာ အသွင်သဏ္ဌာန်မထင်၊ နှစ်လိုဖွယ်ရာ အသွင်သဏ္ဌာန် ရှိနေသည်ကလည်း ကိုယ်တွေ့ကြုံရသည့် ထူးခြားမှုဟု ဆိုရမည်ပါ။



စေတီတော်ကို သုံးပတ် ပတ်ပြီးမှ အေးအေးဆေးဆေး အာရုံပြု ဘုရားရှိခိုးပြီး ပုတီးစိပ်ရသည်။

ဘုရားရင်ပြင်တော်တွင် နှစ်နာရီခန့် အချိန်ယူ နေထိုင်ပြီးမှ ကမ်းဘက်သို့ ပြန်ကူးခဲ့ရသည်။

အတူလာကြသည့် ဒေသခံများက နားနေရန်နှင့် ညအိပ်ရန် အထူးစီစဉ်ထားသောကြောင့် သက်သောင့်သက်သာ နားခွင့်ရခဲ့သည်၊

ဘုရားဖူးကိစ္စ ပြီးသွားပြီ။ ဘရွှေသီးနှင့်တွေ့ရန်ကိစ္စပဲ ကျန်တော့သည်။ ဘရွှေသီး မှာထားသည့်အတိုင်း ဂေါပကအဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် တွေ့၍ စုံစမ်းမေးမြန်းရမည် ဖြစ်သည်။

ညဘက် ဘုရားသို့ တစ်ခေါက်သွားရင်းမှ စုံစမ်းမည်။ လောလောဆယ် ခဏနားပြီး ရေမိုးချိုးရမည်။

စောစောက ဘုရားသို့ရောက်ခဲ့စဉ် ရေချိုးသည့်နေရာကို တွေ့ရပြီး ဘုရားအဆင်း ဝဲဘက်ကမ်းတွင် ကမ်းမှ အင်းရေပြင် အတော်ဝေးဝေးအထိ ဝါးစင်ကြီး ထိုးပေးထား၏။

စင်ပေါ်မှ လျှောက်သွားပြီးနောက် မိမိကြိုက်သည့်နေရာတွင် ရေခွက်နှင့်ခပ်၍ ချိုးလိုကချိုး၊ ဒါမှမဟုတ် ဒိုင်ဗင်ထိုး၍ ရေထဲဆင်းပြီး ကြိုက်သလို ရေစိမ်၊ ရေကူးနိုင်၏။

အရိပ်အာဝါသကလည်း ကောင်းမှကောင်း။

ကမ်းစပ်တွင် ခက်လက်ရွက်ညွန့်ရိပ်တွေ စိမ်းစိုဝေဆာနေသော အလွန်ကြီးမားသည့် သစ်ပင်ကြီးများ၏ အရိပ်အာဝါသက ရေချိုးဆိပ်ပေါ် လွှမ်းမိုးပေးထား၏။

ရေချိုးဆိပ်မှ လှမ်းကြည့်လိုက်သည့်အခါ သဲလမ်းကြီးပေါ်သို့ ဆည့်ဆာရိပ် ဖျန်းပက်ထားပုံမှာ ဘယ်ပန်းချီ ရေးလို့မှမမီသို့နှယ် ရှိပါချေ၏။

စိမ်းဖန့်ဖန့် ရေပြင်ကြီးပေါ်တွင် လေှကလေးကို အသာမျှောရင်း ဆည်းဆာ၏အလှရိပ် ဟိုတစ်ကွက်၊ သည်တစ်ကွက် ထိုးကျနေသော တောင်စွယ် တောင်တန်းကြီးများကို ကြည့်ရသည်မှာ လွှမ်းဆွတ်ဖွယ် ကောင်းလှ၏။

ရေမိုးချိုး၊ ထမင်းစားပြီးနောက် ဂေါပကအဖွဲ့ရှိရာသို့ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဂေါပကအဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးအား အဘဦးရွှေသီး အကြောင်း မေးကြည့်ရာ ရင်ပြင်တော်ပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း ပြောလိုက်၏။

ကျေးဇူးတင်စကားပြောပြီး ကပျာကသီထ၍ ရင်ပြင်တော်ပေါ်သို့ အသော့နှင်လိုက်ရသည်။

သဲလမ်းပေါ်တွင် အလင်းရောင်ရစေရန် ရောင်စုံမီးသီးများ သွယ်တန်းထွန်းပေးထားသည်။ နှစ်ပေမီးချောင်းများလည်း ထွန်းပေးထား၏။

ရင်ပြင်တော်မှာ သိပ်မကျယ်သည့်အလျောက် ဘရွှေသီးကို အလွယ်တကူပင် တွေ့လိုက်ရ၏။

လူကြီး လေး၊ ငါးယောက်ခန့် ဝိုင်းဖွဲ့နေသည့်ဝိုင်းမှာ ဘရွှေသီးက အေးအေးလူလူပင် ထိုင်စကားပြောနေ၏။

ဘရွှေသီးက လက်ယပ်ခေါ်လိုက်သည်။

"အဘ နေကောင်းတယ်နော်"

"ကောင်းပါတယ် ကိုရင် ... ကောင်းပါတယ်၊ ကဲ ... ထိုင်၊ အေးအေးပေါ့"

"ဟုတ်ကဲ့ပါ အဘ"

ပြောပြောဆိုဆို ခပ်ယို့ယို့လေး ဝင်ထိုင်လိုက်ရသည်။

အဘတို့ ပြောနေကြသည်မှာ ဘုရားပြုပြင်ရေးကိစ္စ။ အဘတို့ စကားဝိုင်းရှိ ပုဂ္ဂိုလ်အားလုံးက ငွေရေးကြေးရေးကိစ္စကို အဓိကထားပြီး ပြောဆိုနေကြသည်။

ငွေရေးကြေးရေးကိစ္စမှာ ကိုယ်ရေးကိုယ်တာကိစ္စမပါ။ ဘုရားပြုပြင်ရေးအတွက် လိုအပ်သောငွေကြေး ရဖို့ဖြစ်၏။

ပြုပြင်စရိတ်အတွက် အလှူခံရရှိငွေနှင့် မလုံလောက်သောကြောင့် အလှူငွေရရှိရေးကိစ္စအတွက် နည်းလမ်းရှာဖွေ ဆွေးနွေးနေခြင်းဖြစ်၏။

အဘဦးရွှေသီးက အချိန်မတန်သေးလျှင် ဘာမှလုပ်၍ မနိုင်သေးကြောင်း၊ အချိန်တန်လျှင် သူ့ဟာနှင့်သူ ဖြစ်လာလိမ့်မည့်အကြောင်းကို ဆန္ဒစောနေသည့် ကျန်လူကြီးများအား ခပ်အေးအေးပင် ပြောပြနေသည်။

အဘတို့ဝိုင်း လူစုခွဲလိုက်သည့်အချိန်မှာ ဆယ့်တစ်နာရီကျော်ပြီ။ ရင်ပြင်တော်ပေါ်မှာလည်း ဘုရားဖူးများ ပါးစပြုနေပြီ။



အဘဦးရွှေသီးက ဘာမှမပြောဘဲ ထိုင်ရာမှထပြီး သဲလမ်းဘက်သို့ လျှောက်သွားသောကြောင့် သူလည်း အလိုက်သိစွာဖြင့် နောက်ကလိုက်သွားရသည်။

ထင်သည့်နေရာနှင့် ရောက်သည့်နေရာမှာ တခြားစီ။

ဂေါပကအဖွဲ့ရုံးဇရပ်သို့ သွားလိမ့်မည်ဟု ထင်သော်လည်း သွားနေသည်မှာ အမှောင်ရိပ်အတွင်း တောအုပ်ကလေးဆီသို့။

မိနစ်နှစ်ဆယ်ခန့်လောက် လျှောက်ပြီးနောက် လူတစ်ယောက် အိပ်သာ ထိုင်သာရုံ တစ်ဖက်ယပ် တဲကလေးဆီသို့ ရောက်သွားသည်။

"ကဲ ... ကိုရင်၊ ဖြစ်သလိုသာ ထိုင်ပေတော့။ ဒါနဲ့ ကိုရင် ဒီမှာဘယ်လောက် နေနိုင်မှာလဲ"

"ကျွန်တော် တစ်ပတ်လောက်တော့ နေနိုင်ပါတယ် အဘ"

"ကျုပ်စခန်းကို လိုက်ချင်တဲ့ဆန္ဒကော ရှိသလား"

"ရှိပါတယ် အဘ"

"ကျုပ်စခန်းမှာ စားရေးသောက်ရေးကတော့ အဆင်ပြေချင်မှ ပြေလိမ့်မယ်၊ ကျုပ်က သက်သတ်လွတ်ကို ဖြစ်သလိုစားတယ်၊ ဆယ်ပါးသီလ စောင့်ထိန်းတယ်၊ နေထိုင်ဖို့ နေရာကလည်း အခုထက်တော့ သာတာပေါ့လေ၊ ဒါပေမဲ့ ဖြစ်သလို နေထိုင်အိပ်စက်ရလိမ့်မယ်၊ အဲဒါ စဉ်းစားဦးပေါ့"

"ကျွန်တော် စားနိုင် နေနိုင်ပါတယ် အဘ၊ ကျွန်တော် လိုက်မှာပါ"

"ဒါဆိုလည်း ခေါ်သွားရတာပေါ့လေ၊ ကိုရင့်ပစ္စည်းတွေ ပြန်ယူပြီး မနက်လေးနာရီထိုး ရင်ပြင်တော်ပေါ်ကစောင့်နေ၊ အတူလာတဲ့လူတွေကိုလည်း ပြောခဲ့ဦး"

"ဟုတ်ကဲ့ပါ အဘ"

"ပွဲခင်းဘက်သွားတဲ့ ဖြတ်လမ်းလေး ပြလိုက်မယ်၊ သွားပေဦးတော့"

တည်းခိုသည့်နေရာသို့ ရောက်သွားတော့ တစ်နာရီထိုးလုနေပြီ။

ဟိုပင်တည်းခိုအိမ်မှ ဦးတင်စောကို အကျိုးအကြောင်း ပြောပြ၍ ပြန်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရေးတစ်မော မှေးစက်ဖို့ အချိန်ရသေးသောကြောင့် ကျော ခင်းလိုက်ရသည်။ အိပ်မပျော်သည့်တိုင် ခြေဆန့်လက်ဆန့်နားရန် ရည်ရွယ် ရင်းဖြစ်၏။

တကယ်လည်း အိပ်မပျော်ပါ။

ရင်ပြင်တော်ပေါ်ရောက်တော့ သုံးနာရီကျော်ကျော်ပဲ ရှိသေးသည်။ သို့တစေ အရဏ်ဆွမ်းကပ်မည့် ဘုရားဖူးများမှာမူ သူ့ထက်ငါဦး တဖွဲဖွဲရောက် နေကြပြီ။

အဆင်သင့် ဝယ်၍ရသော အရုဏ်ဆွမ်းပွဲဝယ်၍ အရုဏ်ဆွမ်း ကပ်ပြီး ကုသိုလ်ယူလိုက်ရသည်။

စေတနာသည်သာ ပဓာန။

တချို့က ဘုရားနှင့် ခပ်လှမ်းလှမ်းတွင် ဆောက်ထားသော ဆွမ်းမျှောစင်ပေါ်မှ ဘုရားကို အာရုံပြု၍ ဆွမ်းကပ်ပြီးနောက် အမိဋ္ဌာန်ဖြင့် ဆွမ်းဗန်းများကို ရေတွင်မျှောကြ၏။

စိတ်ဝင်စားစရာ တစ်မျိုးသာပ။

သူက ဆွမ်းမျှောစင်ဆီသို့ အာရုံရောက်နေသောကြောင့် အဘ အနားရောက်လာသည်ကို မသိလိုက်။

"ကဲ ... ကိုရင်၊ ဘုရားအာရုံပြုပြီးရင် သွားကြရအောင်၊ ခရီးက နည် နည်း လှမ်းတယ်၊ နေပူနေမှာစိုးလို့၊ သြော် ... ဒါထက် ကိုရင် မို ဆာနေဦးမယ်၊ တစ်ခုခု စားခဲ့ဦး"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် စားပြီးပါပြီ"

အဘဦးရွှေသီးက နှုတ်ထွက်စကား ထပ်၍မဆိုတော့ဘဲ မျက် မှုရာရှေ့သို့ လျှောက်သွားရာ သူက နောက်မှကပ်လျက် လိုက်ပါလာခဲ့ရ၏

အဘဦးရွှေသီး၏ စခန်းသို့ ...။

✧ ✺ ✧



(ခြောက်)

## တောလမ်းခရီးမှ ကျောင်းစဥ်စခန်းသို့

ဘရွှေသီးက စကားလုံးဝမပြော။ မေတ္တာသုတ်ကို မရပ်မနား ရွတ်ဖတ်လျက် ရှေးရှုရာအရပ်သို့ သွက်သွက်ကြီး လှမ်းနေသည်။

ဘုရားမှ ထွက်လာသည်မှာ တစ်နာရီနီးပါးခန့်ရှိပြီ၊ ခရီးတာအား [illegible]သုံးမိုင်ကျော် လေးမိုင်နီးပါး ပေါက်ရောက်မည်။ ဘရွှေသီးက မရပ်မနား နားမြဲ သွားဆဲပင်။

ခြေထောက် မရပ်မနားသလို မေတ္တာသုတ် ရွတ်ဖတ်နေသည်မှာ လည်း မနား။ ရွတ်မြဲ ရွတ်ဆဲပင်။

တစ်နာရီကျော်ကျော် ခရီးလမ်းကြောင်းမှာ သက်သက်သာသာ လျှောက်ရသော လမ်းကြောဖြစ်သော်လည်း နောက်ထပ် တစ်နာရီကျော်ကျော် လျှောက်ရသည့် လမ်းကြောင်းမှာမူ သက်သက်သာသာ မရှိ။

လမ်းကြောမကောင်းသလို လမ်းကြောင်းဟူ၍ သတ်သတ်မှတ် မှတ် မရှိဘဲ ဖြစ်သလို သွားလာခဲ့ရ၏။

စိမ်းညို့ညို့တောအုပ်ကြီးတစ်ခုအနီးသို့ ရောက်သောအခါ ဘရွှေသီး [illegible]လှမ်းရပ်သွားသည်။ သူလည်း ရပ်လိုက်ရသည်။

ထိုမှ တောအုပ်ထဲသို့ ဆယ်မိနစ်ခန့် ဝင်သွားပြီးနောက် ဆယ် [illegible]ပတ်လည်ခန့် တဲကလေးတစ်တဲကို ဘွားခနဲ တွေ့လိုက်ရ၏။

တဲကလေးအနားသို့ရောက်မှ ဘရွှေသီး စကားစပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကိုရင်၊ အေးအေးချမ်းချမ်း အနားယူပေတော့၊ ဆာရင် ဘက်အဆွယ်ထဲမှာ ငှက်ပျောသီး ရှိလိမ့်မယ်"

"ဟုတ်ကဲ့ အဘ"

သူက ဖိနပ်ချွတ်ပြီး ဘရွှေသီး၏တဲပေါ်သို့ တက်ထိုင်လိုက်သည်။

အဘ၏စခန်းမှာ ကြီးကြီးကျယ်ကျယ် မဟုတ်သလို ခန့်ခန့်ညားညား သွင်ပြင်လည်း မရှိပါ။

အထင်ကြီးစရာ ရုပ်ပြပစ္စည်းပစ္စယျဟူ၍ ဘာတစ်ခုမျှ မရှိသလို သာမန် လူနေတဲ တစ်ခုသာဖြစ်၍ ထူးထူးခြားခြား ဖော်ပြစရာဟူ၍လည်း တစ်စုံတစ်ရာမျှ မရှိပေ။

သပ်ရပ်သည်။ သန့်ရှင်းသည်။

တောပန်းများဖြင့် ဝေဆာနေသည်မှာ ဘုရားစင်တွင်သာ။

ဘရွှေသီး၏စခန်းမှာ အေးချမ်းခြင်း၊ ရိုးစင်းခြင်း၊ မှန်ကန်ခြင်းသဘော ဆောင်နေသည်ဟု ပြောရန်မှတစ်ပါး အခြားပြောစရာအကြောင်းရာဟူ၍ ဘာမျှမရှိ။

သူက တဲဝန်းကျင်ကို အကဲခတ်နေစဉ် ဘရွှေသီး အနားသို့ ပြန်ရောက်လာသည်။

"ကဲ … ကိုရင်၊ ကျုပ်နေရာကို ရောက်တော့ အထင်နဲ့အမြင် ကွာနေဘူးလား"

"ကွာပါတယ် အဘ၊ ကျွန်တော် တွေ့ဆုံရောက်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေ‌ရာနဲ့တော့ အဝိုင်းနဲ့လေးထောင့် ကွာသလို ကွာပါတယ် အဘ"

"အေးပ … အေးပ၊ တစ်ချိန်တုန်းကဆို ကျုပ်လည်း ဝမရှိဘဲ ဝိလုပ်တဲ့အထဲ ပါခဲ့ဖူးသေးတာပေါ့။ နောက်ပိုင်းကျမှ သတိနဲ့အသိယှဉ်ပြီး လမ်းခွဲခဲ့ရတာပါ"

"ဟုတ်ကဲ့ အဘ၊ အဲဒီအကြောင်းလေးများ သိခွင့်ရမယ်ဆိုရင် သိပါရစေ"

"သိရပါတယ် ကိုရင်ရယ်၊ ဖြည်းဖြည်းပေါ့၊ ဒါနဲ့ ကိုရင့်ကို မေးရဦးမယ်၊ ကိုရင် ကျုပ်နဲ့လာတွေ့တဲ့ ရည်ရွယ်ချက်ကို အရင်ပြောဦး"



"ပညာစခန်းကို လေ့လာချင်လို့ပါ အဘ"

"အေးပေါ့လေ၊ လေ့လာတာ ဘာခက်တာမှတ်လို့၊ လွယ်လွယ်လေးပါ၊ ခက်တာက အလုပ်ပိုင်းဆိုင်ရာပဲ ကိုရင်ရဲ့၊ လေ့လာတာက သိဖို့၊ သိပြီးရင် လုပ်ဖို့၊ အဲဒီလို မဟုတ်လား ကိုရင်"

"ဟုတ်ကဲ့ပါ အဘ"

"ကိုရင်လည်း ဒီမှာနေဦးမှာဆိုတော့ အေးအေးပေါ့၊ ဒီမှာတော့ အစားအသောက် ဆင်းရဲမယ်၊ ထမင်းတော့ စားရမယ်၊ ဟင်းရယ် ဘာရယ်လို့တော့ မရှိဘူး၊ ထန်းလျက်နဲ့ ထမင်း၊ ငှက်ပျောသီးနဲ့ ထမင်း၊ အဲဒါကို ကြိုက်သလို စားပေတော့"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ် အဘ"

"ကဲ … ကဲ … အနားယူလိုက်ဦး၊ ကိုရင်တို့ ကျုပ်တို့ဟာ ပဋ္ဌာန်းဆက်ရှိလို့ တွေ့ကြရတာ၊ တွေ့တဲ့အခိုက် အကျိုးရှိတာလေးတွေ ပြောကြဆိုကြ လုပ်ကြ ကိုင်ကြပေါ့"

"ဟုတ်ကဲ့ပါ အဘ"

သည်လိုဖြင့် တွေ့ကြုံဖူးသမျှထဲမှာ ထူးခြားသော ပုဂ္ဂိုလ်ဟု မှတ်တမ်းပြုရမည့်၊ အတုအယောင်တွေ ကြားထဲမှာ စစ်မှန်သောပုဂ္ဂိုလ်ဟု ဆိုရမည်သော ဘရွှေသီးနှင့် တွေ့ခဲ့ရသည်။

ထိုမှ သိခွင့်ရခဲ့သော ဘရွှေသီး၏အကြောင်းမှာ …။

✧ ● ✧

"ကဲ … ကိုရင်၊ ရေချိုးရအောင်"

"ဟုတ်ကဲ့ အဘ"

ဘရွှေသီးက ရှေ့ကသွားသည်။ သူက နောက်မှလိုက်သွားရသည်။ တဲကလေးနှင့် တစ်ခေါ်သာသာလောက် အရောက်တွင် ရေတွင်းကလေးတစ်ခုကို တွေ့ရ၏။ ရေတွင်းကလေးကို ဝါးကပ်နှင့် ဖုံးအုပ်ထား၏။

ရေမချိုးမီ ရေတွင်းနှင့် မနီးမဝေးတွင်ရှိသော သစ်ပင်လေးတစ်ပင်မှ အရွက်သုံးရွက်ကိုခူး၍ စားနိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အစွက်ပုံသဏ္ဌာန်မှာ သရက်ရွက်ပုံသဏ္ဌာန် ရှိသော်လည်း သရက်ရွက်လောက် အရွက်မကြီး။ အရသာမှာ အတော်ကြီး ခါးသက်သည်။

ကပ္ပာကသီဝါး၍ ကမန်းကတန်း မျိုချလိုက်ရသည်။

"အဘ ... သည်အရွက်လေးက ဘာအရွက် ခေါ်ပါသလဲ ခင်ဗျာ"

"ဆေးခါးရွက်လို့ ခေါ်သကွယ့်၊ ငှက်ဖျားရန်ကို ကာကွယ်နိုင်တယ်၊ အဖျားအနာအတွက် ဆေးတစ်လက်အဖြစ် အသုံးဝင်သကွယ့်"

တောသဘာဝက သူ့အထာနှင့်သူ့ဆေး လိုက်ဖက်အောင် ဖန်တီးပေးထားလေသလား မသိ။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် စကားရှိသည်နှင့်အညီ သဘာဝအပင်များမှာ ဆေးဖက်ဝင်နေသည်။

ရေတွင်းရေမှာ ကျောက်စက်ရေတမျှ အေးမြလွန်းလှ၏။

ပထမဆုံး တစ်ခွက်လောင်းလိုက်ရ၏။ တစ်ကိုယ်လုံး တုန်ခါသွားသည်။ သုံးလေးခွက်လောက် ဆက်လောင်းလိုက်တော့မှ နေသာထိုင်သာရှိသွားသည်။

ရေမိုးချိုး တဲသို့ပြန်လာပြီးနောက် သူ့အား ထမင်းစားခိုင်းသည်။

ဘရွှေသီးက ဆယ်ပါးသီလကို အစဉ်စောင့်ထိန်းသောကြောင့် အလုပ်မရှုပ်၊ ကရိကထ မများ။

အစားအသောက် ဇိဇာကြောင်သူ ကိုကျော်မြသန်းမှာ အဖြူထည် ထမင်းတစ်ပန်းကန်ကို ငှက်ပျောသီးနှစ်လုံးဖြင့် ကိစ္စပြီးလိုက်ရသည်။

မတင်းတိမ်ပေမယ့် ဒုက္ခတော့ အငြိမ်းသား။

ပန်းကန်ဆေးရ၊ လက်ဆေးရ သက်သာသည်။ ဟင်းနံ့ ကျွေးနံ့လည်း ကင်းသည်။

ဘရွှေသီးအတွက် ရည်စူးဝယ်လာသော ဟောလစ်၊ နို့ဆီ၊ သကြားနှင့် မုန့်သေတ္တာပုံးများမှာ သည်အတိုင်းပင် ရှိနေသည်။

ပေးလျှင်လည်း ခေါင်းခါမည်မှာ သေချာသည်။ သူကလည်း စားလို့မသင့်။

သည်စခန်းက သက်သတ်လွတ်အစစ်စခန်း။

သက်သတ်လွတ်စခန်း သုံးလေးစခန်းသို့ရောက်ဖူးသည်။ တကယ့် သက်သက်လွတ်အစစ်စခန်းမှာ ဘရွှေသီး၏စခန်းဟု မှတ်တမ်းတင်ရမည်ပါ။



ထမင်းစားပြီး ဝါးခေါင်းအုံးလေးပေါ် မျက်နှာသုတ်ပဝါစုတင်၍ ခဏလှဲလိုက်ရာ အိပ်ပျော်သွားခဲ့သည်။

အဘ၏စခန်းမှာ လဲမှို့သွင်း အဝတ်ခေါင်းအုံး မရှိပါ၊

ဝါးချောင်းသတ် ခေါင်းအုံးသာရှိသည်။ အခင်းမှာ ဖျာကြမ်း။ ခြုံစောင်နှင့် ပိတ်ခြင်ထောင်တော့ ရှိသည်။

ဒါကလည်း ချည့်သည်အတွက် ထားသည်မဟုတ်။ ဘရွှေသီးလို တောစခန်းဝင်၍ ကျင့်ကြံအားထုတ်နေသူများ အကြုံအသန်း ရောက်လာသည့်အခါ ညဥ့်အိပ်နေတတ်သဖြင့် အသင့်ဆောင်ထားခြင်းဖြစ်၏။

အိပ်ရာမှ နိုးလာသောအချိန်တွင် ကညင်ဆီမီးတိုင်ကို တဲအပြင်မှာ ထွန်းထားသည်။

တဲအတွင်းမှာ ထိုမီးအရောင်မှ ဖြာဝေလာသော အလင်းရောင် ရှိနေသည်။

ဘရွှေသီးက ဘုရားစင်ရှေ့၌ ပုတီးစိပ်နေသည်။

အဘ ပုတီးစိပ်ပြီးမည့်အချိန်ကို စောင့်နေပါသော်လည်း တော်တော်နှင့် မပြီး။ သုံးနာရီနီးပါးရှိပြီ။ ပုတီးစိပ်ပြီး တရားဆက်ထိုင်နေပြန်သည်။

ဘရွှေသီး ကိစ္စဝိစ္စအားလုံး ပြီးစီးသွားသည့်အချိန်မှာ ဆယ့်တစ်နာရီခွဲဖို့ ဆယ်မိနစ်ပဲ လိုတော့သည်။

ဘရွှေသီးက သူ၏အကြောင်းကို ဤသို့ပြောပြ၏။

ထိုနေရာ ဤစခန်းတွင် ဆယ်ပါးသီလကို လုံခြုံမြဲမြံစွာ ထိန်းသိမ်း၍ သက်သတ်လွတ်စားပြီး ဆရာရသေ့၏ အဆုံးအမကိုခံယူ၍ ကျင့်ကြံအားထုတ်နေသည်မှာ ငါးနှစ်ကျော်ကာလသို့ ရောက်ပြီ။

ထွက်ရပ်ပေါက်စခန်းနှင့်မူ မနီးသေး။

သူတို့မပြောနှင့် ကျင့်စဉ်စခန်းတွင် ဆယ့်ငါးနှစ်ကျော်ကြာပြီး လမ်းမှန် အကျင့်မှန် ကျင့်ကြံအားထုတ်နေသူ ဆရာရသေ့သည်ပင် ထွက်ရပ်ပေါက်စခန်းသို့ လှမ်းမဝင်နိုင်သေးပေ။

ဘရွှေသီးတို့ ဆရာတပည့် နှစ်ယောက်မှာ ဇွဲကိုတင်း၍ တအားခဲပြီး သူနိုင် ကိုယ်နိုင် အပြိုင်ကြံ၍ စခန်းသိမ်းပွဲ ဝင်နိုင်ရန် ကြိုးစားလျက်ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှလောက် ကျင့်ကြံအားထုတ်နေသည့်တိုင် ဘရွှေသီးတို့မှာ ယနေ့ မြို့ပေါ်က ဘိုးတော်များလို "အပ်ချုလောင်း"ပညာများနှင့် မပွန်းတီးကြ။

မိုးပေါ်လက်မြှောက်ပြီး လက်ဖွဲ့အဆောင်အယောင် ဆေးဝါး၊ စသည်များ ယူ၍ပေးသော အတတ်ပညာတွေ မတတ်ကြ။

လက်ဝါးချင်းအုပ်ရိုက်ပြီး ဆရာဖြစ်ပညာ၊ ဓာတ်ကူးပေးသော နည်းနိသယာတွေ မသိကြ။

မေးခွန်းနှင့် တစ်ပြိုင်တည်း ကြိုတင်အဖြေရေးသည့်နည်းတွေ မသုံးကြ။

အသံဖျက်စကားပြောနည်း၊ ဓာတ်စကားပြောနည်းတွေ မပြောကြ။

BURMESE CLASSIC

အစစ်တို့၏ ကျင့်စဉ်ထဲမှာ ဒါတွေမပါ။

အတုတို့ တီထွင်ထားသော အထင်ကြီးစရာ ပြကွက်အမျိုးမျိုး၊ အထွေထွေထဲမှာသာ ဒါမျိုးတွေပါသည်။

ရွှေအစစ်ကို တုပ၍ ရွှေအတုပေါ်လာသည်။ အစစ်နှင့်အတုမှာ ခွဲခြားမရအောင် တူရုံမက၊ အတုကပင် အရည်အသွေးပို၍ ကောင်းသယောင် ရှိပါချေ၏။

ဒါကြောင့်လည်း "ဦးဘိုးချမ်း"ဆို၍ နာမည်ကြီးသွားသည်။

ဂန္ဓာရီဝိဇ္ဇာပညာဖြင့် ပေါက်ရောက်သွားသူ ပုဂ္ဂိုလ်တွေရှိသည်။

အရေအတွက်မှာမူ နည်းပါးလွန်းလှသည်။

ဂန္ဓာရီဝိဇ္ဇာပညာ အမည်ခံရုံသက်သက်ဖြင့် လုပ်ကွက်စားကွက် တီထွင်နေသူတွေ ရှိသည်။

အရေအတွက် များလွန်းနေသည်။

အစစ်ပုဂ္ဂိုလ်က ကျင့်စဉ်လမ်းပဲ ပေးသည်။ အကျင့်စခန်းပေါက်အောင် ညွှန်ပြမည်။

ဘာဘာညာညာ ပေးလိမ့်မည်မဟုတ်။

အတုအယောင်သမားတွေကတော့ ဘာတောင်းမလဲ၊ တောင်းတာကို ရအောင်ယူပေးလိမ့်မည်ပ။



ယနေ့ ဘိုးတော်အမည်ခံနေသူတွေ၊ ဂိုဏ်းဆရာကြီးများအဖြစ် ခွန်လွှင့်နေသူတွေ၊ အဓိဋ္ဌာန်ဆရာအဖြစ် အမည်ခံတစ်ဖြစ်လဲနေသူများက တင်းသူဂိုဏ်းသားများ၊ တပည့်သားမြေးများအား သွက်သွက်တွင်တွင် ပေးနေသည်မှာ "အင်း"။

"အင်း"ကို အိမ်မှာ၊ လုပ်ငန်းခွင်မှာ အဆောင်အဖြစ်ထားရန်၊ ကိုယ်နှင့်မကွာ ဆောင်ရန်၊ အစိမ်းသောက်၊ ပြာချသောက် သောက်ရန် တဖောဖောသီသီ ပေးနေကြ၏။

ဒါပေသိ အင်းနှင့်ပတ်သက်၍ အလေးအနက်ထားရမည့် စည်းကမ်းနည်းလမ်းများ၊ အင်းသောက်ရန် နည်းလမ်းများ၊ ဂိုဏ်းစောင့်နတ်များ ပင့်ရခြင်းနှင့် လက်ရိုးကြီးဆေးထဲမှ တစ်မျိုးမျိုး ထည့်၍ သောက်ရခြင်း စသည်များကို မျက်ကွယ်ပြု၍ ပေါ့ပေါ့တန်တန် 'ရော အင့်' လုပ်နေကြ၏။

မျက်ကွယ်ပြုသည်ဆိုရာတွင် နားမလည်ခြင်းသည် အဓိကဖြစ်လိမ့်မည်။

"ဆေးကောင်းတစ်စက် အင်းကောင်းတစ်ကွက်"ဆိုသည်ကိုပင် နားမလည်သူတွေက ဒုနှင့်ဒေးရှိနေ၏။

လိုက်စားသူများက အင်းထက် ဆေးက စွမ်းအားသတ္တိကြီးသည်ဟု အယူရှိကြ၏။

တကယ်တော့ အင်းက ဆေးထက်ပို၍ အဓိကကျ၏။

ဆိုပါတော့ ဆေးကြိတ် ဆေးသွေးသည့် ကျောက်ပျဉ်တွင် အင်းမချဘဲ ဆေးကြိတ် ဆေးသွေးလို့မရ။

ထိုမျှလောက်သော သဘောကိုပင် မသိမဆေါက်မိသူတွေ အများကြီးရှိကြသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အများစုမှာ အင်းကို အဓိကထား၍ စမအက္ခရာများဖြင့် နဝင်းဓာတ်တက်ပြီးမှ အလိုရှိသော ထွက်ရပ်ပေါက်စခန်းကို တက်ကြ၏။

"ထင်ရာကြီးတော့ လွဲတတ်သည်"ဟု ဆိုစကားရှိသည်မှာ ယနေ့ အမည်ခံ ဘိုးတော်များကို ရည်စူး၍ ပြောလေခဲ့သလားဟု ဆိုရမည်သို့ရှိပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ မှိုင်းခ်စက္ကူပေါ်တွင် လွယ်လွယ်ပေါ်ပေါ် ရေးဆွဲအသုံးပြုနေကြသော အင်း၊ အိုင်၊ စမများမှာ အင်းကန်းခြင်းခုနစ်ပါး၊ အင်းကျိုးခြင်းခုနစ်ပါး၊ အင်းပေါက်ခြင်း ခုနစ်ပါးနှင့် မလွတ်မကင်း ရှိ မရှိကို ဆန်းစစ်ကြည့်ရာ၏။

စမအင်းတစ်ခုကို စီရင်ရာတွင် အင်းကန်း၊ အင်းကျိုး၊ အင်းပေါက်ခြင်းမပါရသည့်ပြင် ထွက်၊ ဝင်၊ ခပတ်နက္ခတ်များကို နားလည်ရမည်။ နားလည်ပြီးမှ စီရင်ရမည်။

ကျိုး၊ ကန်း၊ ပေါက်၊ အင်းပျက် အင်္ဂါနှစ်ဆယ့်တစ်ပါးရှိသည်ကို သိထားလျှင် ကိုယ့်လက်ထဲရောက်လာသည့် အင်းတစ်ကွက်၏ အစစ်အမှန် တန်ဖိုးကို သိရှိ၍ အလိမ်အညာခံရခြင်းမှ လွတ်တင်းမည်ဖြစ်၏။

နက္ခတ် မမှန်ခြင်း။

အင်းသွား လွဲခြင်း။

ဂဏန်း စမ အတိုအရှည် မညီညွတ်ခြင်း။

ကိုယ်ဝန်ဆောင်မိန်းမအပါအဝင် သန့်ရှင်းစင်ကြယ်မှု မရှိသော မိန်းမတို့ ကိုင်တွယ်ခြင်း။

အင်းရေးဆွဲသူ ကိုယ် ညစ်ပေခြင်း။

ဂါထာမန္တန် မှားယွင်းခြင်း။

အင်းဆန်း အဆင်း၊ အတက် မညီညွတ်ခြင်း။

ဤသည်မှာ အင်းကန်းခြင်း ခုနစ်ပါးဖြစ်၏။

အင်းစီရင်၍ မပြီးမီ အင်းစီရင်သူ နေရာရွှေ့ခြင်း။

အင်းစီရင်၍ မပြီးမီ စကားပြောမိခြင်း။

အင်းကို လူလဲ၍ စီရင်ခြင်း။

အင်းအုံ ပြတ်ခြင်း။

အင်းဘောင်ကို ရေးဦးစွာ မချွတ်ဘဲ အစီအစဉ်အတိုင်း မျဉ်းသားမိခြင်း။

အင်းတောင်း ရွဲ့ခြင်း။

ဤသည်မှာ အင်းကျိုးခြင်းခုနစ်ပါး ဖြစ်၏။

အင်းဘောင်ချင်း မထိခြင်း။



အင်းဘောင် ပိုနေခြင်း။

အင်းသွား မမှန်ခြင်း။

အင်း အရေးအသားနှင့် ဂဏန်း၊ စမ စသည်တို့ မထိခြင်း။

အက္ခရာ ဝမိဂဏန်း စမ စသည်တို့ မမှန်ခြင်း။

ဂဏန်း စမ စသည်တို့ ထောင့်မတိုက်ခြင်း။

အင်းကွက် မညီခြင်း။

ဤသည်တို့မှာ အင်းပေါက်ခြင်းခုနစ်မျိုးဖြစ်၏။

ဤသို့သော အင်းစီရင်ရာတွင် လိုက်နာရမည့် နှစ်ဆယ့်တစ်ပါးနှင့် မညီညွတ်လျှင် တကယ့်အင်း မဖြစ်။

ဖြစ်သလို ရေးဆွဲသည့်အင်းသည် အဖြစ်အင်းပဲဖြစ်မည်။ မည်သို့မှ ထိရောက်မှုရှိလိမ့်မည် မဟုတ်။

အင်းရေးဆွဲမည့် ပုဂ္ဂိုလ်သည် ဆယ်ပါးသီလကို စောင့်ထိန်း၍ သက်သတ်လွတ်စားရမည်။ အမျိုးသမီးများနှင့် ဒွေးရောယှက်တင် နေထိုင်ပြောဆိုခြင်းကို ရှောင်ရမည်။ သန့်ရှင်းထွတ်မြတ်သောနေရာတွင် ဝတ်ဖြူစင်ကြယ် ဝတ်လျက် ဆွမ်း၊ ရေချမ်းများ၊ ဆက်ကပ်ပြီးမှ စီရင်ခြင်းကိစ္စကို စတင်ရမည်။

စမ ထည့်သွင်းသည့်အချိန်တွင် ရွတ်ဆိုရန် မန္တန်များရှိသည်။ တစ်လုံးသော အက္ခရာကိုရေးလျှင် ကညစ် (ခဲတံ)ချသည်မှ ကညစ်နုတ်သည့်တိုင် ရွတ်ဆိုရမည့်အပြင်၊ ကညစ်အချ အနုတ်တွင် ရွတ်ဆိုခြင်းနှင့် အနုတ်အပြီး ညီစေရမည်။

က၊ ခ၊ ဂ၊ ဃ၊ င အက္ခရာငါးလုံးထဲမှ တစ်လုံးလုံး ရေးသွင်းတိုင်း ဂေါတမ ရှင်တော်ဘုရားဟု ရွတ်ဆိုရမည်။

စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ၊ ဌ၊ ဍ၊ ပ၊ ဏ၊ တ၊ ထ၊ န၊ ဗ အက္ခရာ တစ်ဆယ့်လေးလုံးထဲမှ တစ်လုံးရေးသွင်းတိုင်း ကဿပရှင်တော်ဘုရားဟု ရွတ်ဆိုရမည်။

ငါ ည၊ ဒ၊ ဖ၊ ဗ၊ ဘ၊ ယ၊ ရ အက္ခရာကိုးလုံးထဲမှ တစ်လုံး ရေးသွင်းတိုင်း ကောဏဂုံ ရှင်တော်ဘုရားဟု ရွတ်ဆိုရမည်။

ဓ၊ လ၊ သ၊ ယ၊ ဠ၊ အ အက္ခရာခြောက်လုံးထဲမှ တစ်လုံးသွင်းတိုင်း ကောက္ကသံရှင်တော်ဘုရားဟု ရွတ်ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် နက္ခတ် အထွက်၊ အဝင်၊ ခပတ် စသည့် စည်းမျဉ်းကလနားများ ရှိသေး၏။

အင်းဆွဲသူအပိုင်းက လိုက်နာရန် ကာလသတ်ထုံးရှိသည်။

အင်းသောက်သူဘက်က လိုက်နာရမည့် သတ်မှတ်ချက်များလည်း ရှိသည်။

အင်းသောက်မည့်နေ့တွင် နဝင်္ဂသီလကို ဆောက်တည်ရမည်။

ရတနာသုံးပါးအတွက် ကန်တော့ပွဲ၊ ဂိုဏ်းစောင့်ပုဂ္ဂိုလ်များအတွက် ကန်တော့ပွဲပြင်၍ ဂိုဏ်းစောင့်ပုဂ္ဂိုလ်များကို ပင့်ဖိတ်ပြီး အင်းကို အပ်ရမည်။

ပဥ္စသီလထဲမှ အနည်းဆုံး သုံးပါးကို ရာသက်ပန် မကျိုးမပေါက် မပျောက်မပြားအောင် ထိန်းသိမ်းပါမည်ဟု သစ္စာပြုရမည်။

ဤသို့ ရည်ရွယ်ပြီးမှ ပွဲပေါ်တင်ထားသော အင်းကို ဂိုဏ်းစောင့် ပုဂ္ဂိုလ်များထံမှ တောင်းယူ ပြာချ၍ သောက်ရမည်။

ပို၍ သဒ္ဒိမြောက်ရန် ဆေးကောင်းတစ်စက်နှင့် အင်းကောင်းတစ် ကွက်ကို ပေါင်းစပ်ပေးရမည်။

အင်းသောက်သောအခါ ဗြဟ္မာနှစ်ဆယ်ဆေး၊ ပထမံ မှော်ဆေး၊ သာသနာငါးထောင်ဆေး၊ ဝိဇ္ဇာလေးပါးဆေး၊ ဒေဝီခုနစ်ပါးဆေး စသော လက်ရိုးကြီးဆေး တစ်မျိုးမျိုးကို ထည့်သောက်ရမည်။

အကြိမ်တိုင်း မထည့်နိုင်သည့်တိုင် ပထမဆုံးအကြိမ်တွင် ထည့် သောက်ရမည်။

ကဲ ... လွယ်ပါ့မလား။

ယခု ဖော်ပြခဲ့သည်များမှာ အင်းဆွဲ အင်းသောက်ကိစ္စအတွက် အနိမ့်ဆုံး လိုက်နာမည်ရမည့် သတ်မှတ်ချက်များ၏ သဘောလောက်မျှသာ ရှိသေးသည်။

ထိုထက် နက်နက်နဲနဲ ဖော်ပြစရာတွေ အများကြီးကျန်ပါသေး သည်။

ယနေ့ ဘိုးတော်လောကတွင် အင်းကို လွယ်လွယ်ဆွဲ၍ ပေါ့ပေါ့ သောက်ခိုင်းနေသူများ လုပ်ရပ်ကို စိစစ်ဝေဖန်နိုင်စေရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။



အစစ်သည် ခက်၏။

အတုသည် လွယ်၏။

လူ့သဘောသဘာဝက ခက်သည်ကို မကြိုက်။ လွယ်သည်ကို ကြိုက်ကြသည်။

ဒါကြောင့်လည်း အလွယ်သမားတွေ စားသာနေကြသည်ပါ။

ခုလည်း စားသာသည်။

နောက်လည်း ပို၍စားသာဖို့ သေချာနေပါပြီ။

✧ ✺ ✧

www.burmeseclassic.com

www.burmeseclassic.com



(ခုနစ်)

## ဦးရွှေသီး ပြောသည့် သူ့အကြောင်း

"အဲ ... ကျုပ်ရဲ့ဇာတိက မိုးညှင်းက ဆိုပါတော့၊ ကျုပ်တို့က ဘိုးဘွား ဘီဘင်ကစပြီး ဆင်းသက်လာတဲ့ တိုက်သူကြီးမျိုးရိုးလေ၊ ဟိုတုန်းက သူကြီးဆိုတာ အုပ်ချုပ်တဲ့မင်းနဲ့ သင့်မြတ်ရင် မျိုးရိုးစဉ်ဆက် လုပ်ရတဲ့ အလုပ်ပေါ့ ...

"အဘိုး၊ အဘိုးပြီးတော့ အဖေ၊ အဖေပြီးတော့ ကျုပ်လက်ထက် အထိ မျိုးရိုးစဉ်ဆက် တိုက်သူကြီးတွေပေါ့။ ကျုပ်တို့နယ်မှာတော့ ကြေးရတတ် တောသူဌေးတွေပေါ့လေ။ လျှုနိုင် တန်းနိုင်၊ သုံးနိုင် ဖြုန်းနိုင်ထဲက ဆိုပါတော့ ...

"တိုက်သူကြီးဖြစ်တော့ ကျုပ်က အသက်လေးဆယ်တောင် မပြည့်သေးဘူး၊ လူကလည်းငယ်၊ မာန်ကလည်းရှိ၊ ခွန်အင်အားလည်း ပြည့်စုံတော့ သောက်ဟယ် စားဟယ် ပျော်ဟယ် ပါးဟယ်နဲ့ ထင် သလို နေခဲ့တာပေါ့။ တစ်ရွာမှာ တစ်ကျီဆောက် ဆိုသလို အပျိုရော အအိုရောမရှောင်၊ ပေါက်ကောင်ဖွင့်ခဲ့တာပေါ့ ...

"သောက်စား လောင်းကစားနဲ့ ဖောက်ပြားမလွှတ် မကောင်း တာ မှန်သမျှ အကုန်လုပ်ဆိုသလို လုပ်ခဲ့တာပေါ့။ လူကလည်းငယ် ငယ်၊ မာန်ကလည်း တက်နေတုန်းမို့ ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်းက လေး အုပ်ချုပ်ခဲ့တာ သူကြီးဖိုးရွှေသီးဆို ဖိမ့်ဖိမ့်တုန်ပေါ့။ လူတွေက



ကျုပ်ကို ကြောက်လေ၊ ကျုပ်ကလည်း ဖြဲခြောက်လေနဲ့၊ ဒီအပေါ်မှာ သာ သာ ကြည်နူးခဲ့တာပေါ့ ...

"နောက်တော့ ကျုပ်ကို ရွံကြောက်ကြီး ဖြစ်လာကြတော့တာပါပဲ။ ကျုပ်ဆိုတဲ့အကောင်ကလည်း မဟုတ်တာမှန်သမျှ အကုန်လုပ်၊ ဘိန်း တောင် ရှူလိုက်သေးတယ်။ နောက်ပြီး တောလည်ထွက်တယ်၊ တွေ့ သမျှသားကောင်ကို မညှာမတာ သတ်တယ်။ မသေမရှင် မျောက် ဦးနှောက်နဲ့အရက် စိမ်သောက်တယ်။ ကဲ ... ဘာကောင်းတာရှိသေး လဲ ...

"တစ်နေ့ တောလည်ထွက်ရင်း အချိန်မဟုတ် အခါမဟုတ် မိုးမှောင်ကြီးကျပြီး လေတွေအပြင်းတိုက်၊ မိုးတွေအရမ်းရွာလိုက်တော့ ပါသမျှ နောက်ပါအဖော်တွေနဲ့ကွဲပြီး ကျုပ်တစ်ယောက်တည်း မျက်စိ လည်ပါလေရော။ မိုးကြီးစဲသွားတော့ တစ်ယောက်တည်း လမ်းစပျောက် နေပြီလေ။ မှောင်နဲ့မည်းမည်း ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်ပြီး ဒုက္ခရောက်နေတော့တာပေါ့ ...

"ကြောက်လိုက်တာ ဘာပြောကောင်းမလဲ၊ ဘဝတစ်လျှောက် လုံးမှာ ဖြစ်စေသတည်းနဲ့ နေလာခဲ့တာ၊ ခုတစ်ခါ မဖြစ်တော့ဘူးဆို တာ သိတော့ အရမ်းကြောက်တာပေါ့။ ယောကျာ်းကြီးတန်မဲ့ မျက်ရည် တွေကျပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့တာပေါ့။ ကိုယ်ရေးကျဲပြီ လေ။ ဘယ်သက်လုံကောင်းနိုင်ပါတော့မလဲ။

"ဒါနဲ့ ကျုပ်လည်း ရှေ့ဆက်မတိုးရဲတာနဲ့ သစ်ပင်တစ်ပင်ပေါ် တက်၊ အတော်မြင့်တဲ့ ကိုင်းကြီးတစ်ကိုင်းပေါ်မှာ ထိုင်ပြီး အလင်းရောင် ပေါ်လာမယ့် အချိန်ကို စောင့်နေရတော့တာပေါ့။ တစ်ညလုံး ဒုက္ခရောက် လိုက်တာ၊ ကျုပ်ကိုယ်ကျုပ် ထင်တစ်လုံးရှိခဲ့တာတွေ ခဝါချလိုက်ရ တော့တာပါပဲ။ တစ်ညဉ့်လုံး ဒုက္ခရောက်တဲ့အကြောင်းတွေတော့ ထား လိုက်ပါတော့ ...

"ဒီလိုနဲ့ ဝေလီဝေလင်း အလင်းရောင်ပျပျလေး ပေါ်လာတဲ့ အချိန်မှာ ဟိုဟိုသည်သည် လှမ်းကြည့်ရင်း မနီးမဝေး တစ်နေရာမှာ မီးရောင်လေး လင်းလက်နေတာကို သွားတွေ့လိုက်ရတယ်။ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ကိုရင်ရယ်၊ ဒါနဲ့ သစ်ပင်ပေါ်က ပြန်အဆင်း၊ အဲဒီတော့မှ ဒုက္ခအကြီးအကျယ် ရောက်တော့တာပ ...

"တက်တုန်းက ကြောက်ဖောနဲ့မို့ ဘယ်လိုတက်လိုက်ရမှန်းမသိဘဲ အပေါ်ရောက်သွားပေမယ့် ပြန်ဆင်းမယ်လည်းလုပ်ရော ဘယ်လိုပြန်ဆင်းရမှန်း မသိတော့ဘူး။ မြင့်တာကလည်း အတော်ကလေးမြင့်တယ်၊ အကိုင်းအခက်ကလည်း သိပ်မရှိဘူး၊ ပင်စည်ကို ရင်ဘတ်နဲ့ ရှပ်တိုက်ပြီး ဆင်းခဲ့ရာ။ ရင်ဘတ်တစ်ခုလုံး ပွန်းရာ ပဲ့ရာတွေနဲ့ သွေးခြင်းခြင်းနီရောပဲ ...

"နာတာတွေ ဘာတွေကို ဂရုမစိုက်နိုင်ဘူးလေ၊ အောက်ရောက်တာနဲ့ မီးရောင်တွေ့တဲ့ဘက်ကို မှန်းပြီးလျှောက်ရတာပေါ့။ နာရီဝက်သာသာလောက် လျှောက်လည်းပြီးရော ဆရာရသေ့ရဲ့တဲကလေးကို တွေ့လိုက်ရတာပဲ။ တဲရှေ့မှာ မီးပုံလေးဖိုပြီး ရေနွေးအိုးတည်ထားတယ်လေ။ ဆရာရသေ့က တဲရှေ့မှာ စကြံလျှောက်ရင်း ပုတီးစိပ်နေတယ်"

"ဆရာရသေ့ဆိုတာနဲ့ အဘနဲ့က တစ်ခါမှ မတွေ့ခဲ့ မသိခဲ့ဖူးပေါ့နော်"

"သည်နေရာမှာ ရှိမှန်းလည်း မသိဘူး၊ ဖြုန်းခနဲ တွေ့လိုက်တော့ ကျုပ်လည်း အံ့သြသွားတာပေါ့၊ တွေ့စကတော့ ထူးခြားတဲ့ပုဂ္ဂိုလ် ဖြစ်လိမ့်မယ်လို့ မထင်ဘူးလေ။ သာမန်လောက်ပဲလို့ ထင်ခဲ့တာပေါ့"

"ထူးခြားတဲ့ပုဂ္ဂိုလ်လို့ ထင်ရအောင် ဘယ်လိုထူးခြားချက်တွေများ တွေ့ခဲ့ပါလို့လဲ အဘ"

"အဲဒီအကြောင်း အခု ရောက်တော့မှာပါ၊ ကျုပ်လည်း မြေကြီးပေါ်မှာပဲ ထိုင်ပြီး မျက်စိလည် လမ်းမှားလာတဲ့ ဒုက္ခသည်ဖြစ်တဲ့အကြောင်း၊ ဘယ်သူဘယ်ဝါပါပဲ ဆိုတာလည်း ပြောပြလိုက်ရတာပေါ့ ...

"ဆရာရသေ့က ဘာမှမပြောဘူး၊ တဲပေါ် ခေါ်ထိုင်ခိုင်းပြီး ငှက်ပျောသီးကျွေးတယ်၊ ကျုပ်ကို စူးစူးစိုက်စိုက်ကြီး ကြည့်နေတယ်၊ အဲဒီမှာ ထူးခြားချက် စတွေ့တာပဲ ...

"ဆရာရသေ့က ကျုပ်ကိုကြည့်နေမှန်း သိပေမယ့် ကျုပ်ကပြန် မကြည့်ရဲဘူး၊ မျက်လွှာတောင် လှန်လို့မရဘူး၊ ခေါင်းငုံ့ထားရတယ်။ ကြောက်လို့ မကြည့်ရဲတာမျိုးလည်း မဟုတ်ဘူး။ တစ်မျိုးကြီးပဲ။



ကျုပ် ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်။ အဲဒီခံစားမှုကိုတော့ ဘယ်လိုဆိုတာ ပြန်မပြောတတ်တော့ဘူး"

"အဘက ဘာဘာညာညာလဲ အမေးအမြန်း မလုပ်ဘူးပေါ့နော်"

"ဘယ်ကလာ လုပ်ရဲမှာလဲ၊ ကိုယ် အင်မတန် ရိုသေလေးစားရတဲ့ ဆရာရှေ့ ရောက်နေတဲ့ တပည့်လို ဖြစ်နေတာကလား။ အဲဒီလို ရှိနေတုန်း မမျှော်လင့်တဲ့မေးခွန်း ထပ်ဆင့်လာတယ်လေ၊ အသိုင်းအဝိုင်း ပလ္လင်ခံစကား မပါဘဲ တိုတိုတုတ်တုတ် တဲ့တိုးကြီး ပြောချလိုက်တာ"

"ဘယ်လိုများလဲ အဘ"

"ကိုရွှေသီး ... ခင်ဗျား တော်တော်များပါလားတဲ့၊ ကျုပ်ကလည်း လွှတ်ခနဲ ပြန်ဖြေလိုက်တယ်၊ ဟုတ်ကဲ့ ... ကျွန်တော် တော်တော်များ ပါတယ်ခင်ဗျားလို့"

"ဟာ ... အဘတို့ဥစ္စာက ကျွန်တော်တောင် ဦးနှောက်လည်သွားပြီ၊ အမေးနဲ့အဖြေက တစ်မျိုးကြီးပါလား"

"ဟုတ်သပေါ့ ကိုရင်ရယ်၊ ကိုရင်တို့ကတော့ တစ်မျိုးကြီး ထင်မှာပေါ့၊ အမေးသဘောကို သိနေတဲ့ ကျုပ်အဖို့ကတော့ တစ်မျိုးကြီး မဖြစ်ဘဲ ဒေါက်ခနဲမေးတာကို ဒက်ခနဲ ပြန်ဖြေလိုက်နိုင်တာပေါ့ ...

"ကိုရွှေသီး ... တော်တော်များပါလား ဆိုတာက ကျုပ်မှာ အ,ကုသိုလ်တွေ သိပ်များပြီး ဒုစရိုက်တွေ တော်တော်ဖိစီးနေပါလားလို့ ပြောတာလို့ သဘောပေါက်တယ်လေ၊ ဒါကြောင့် ကျုပ်ကလည်း ဟုတ်ပါတယ်လို့ ဝန်ခံလိုက်တာ ...

"မနောတည့်သွားတော့ မေးတာကို နားလည်တယ်၊ ဟုတ်တိုင်း မှန်ရာကို ဝန်ခံဖြေဆိုလိုက်တယ်၊ ဒါပဲပေါ့"

"အဘရဲ့ဆရာရသေ့က အကြားအမြင် ရတာပေါ့နော် အဘ"

"အကြားအမြင်ဆိုတာ ကိုရင်တို့ရဲ့ခေတ်စကားဗျ၊ တကယ်တော့ သမာဓိတည်လို့ မနောကြည်တယ်၊ ဒါပဲ"

"သမာဓိတည်လို့ မနောကြည်တယ်"ဟု သုံးနှုန်းပြောဆိုသွားသည့် အဘ ပြောပုံမှာ ကိုကျော်မြသန်း၏ဘဝင်ကို နိုက်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ကြံအားထုတ်မှုကြောင့် သမာဓိအား ကောင်းလာလျှင် သမာဓိ တည်လာလျှင် မနောအကြည်ဓာတ်ရပြီး မမြင်နိုင်စွမ်းသော ဖြစ်ရပ်ဖြစ်ကြောင်းများကို မျက်စိနှင့် ကွက်ကွက်ကွင်းကွင်း မြင်ရဘိသို့ မြင်နိုင်စွမ်းရှိလာခြင်း သဘောပင်ဖြစ်၏။

"ရှင်းရှင်းပြောရရင်တော့ အဲဒီတုန်းက ကျုပ်ကိုယ်တိုင်လည်း သဘောမပေါက်ခဲ့ပါဘူး၊ အံ့အားသင့်ပြီး အံ့သြသွားတာလောက်ပဲ ရှိတယ်၊ ဟိုလိုတွေး သည်လိုတွေးနှင့် အတွေးချာချာလည်ခဲ့တာပေါ့။ နောက်ပိုင်းကိုယ်ကိုယ်တိုင် အလုပ်စခန်းဝင်တော့မှ သဘောပေါက် လာတာပါ။ သမာဓိအားဟာ ဘာကိုမဆို ထွင်းပေါက်မြင်နိုင်စွမ်းတယ်လေ"

"ဒီလိုဆို အဘနဲ့ ဆရာရသေ့တို့ကလည်း ပဋ္ဌာန်းဆက်ပေါ့နော်"

"ဟုတ်သပေါ့ ကိုရင်ရယ်၊ သာမန် ပဋ္ဌာန်းဆက် မဟုတ်ဘူး၊ အတွင်းပဋ္ဌာန်းဆက်လေ။ ဒါကြောင့်လည်း ကျုပ် လွယ်လွယ်နဲ့ ကျွတ်သွားတာပေါ့"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် သဘောပေါက်ပါတယ်။ 'နောက်ပိုင်းအကြောင်းလေး ဆက်ပေးပါဦး"

"တိုတိုပြောရရင်တော့ ဆရာရသေ့နဲ့ ကျုပ်နဲ့ အတိုင်အဖောက် ညီသွားတယ် ဆိုပါတော့။ ဆရာရသေ့က ကျုပ်ဆီမှာ အလှူခံတယ်၊ ဆရာရသေ့ အလှူခံတာက ငွေကြေးတို့ ပစ္စည်းပစ္စတို့ မဟုတ်ဘူး။ ကတိအလှူခံတာ"

"ဘယ်လိုကတိလဲ အဘ"

"လက်ရှိ ကျုပ်လုပ်နေတဲ့ အကုသိုလ်အလုပ်တွေ၊ ဒုစရိုက်အလုပ်တွေအားလုံးကို စွန့်လွှတ်ပါမယ်ဆိုတဲ့ ကတိကို အလှူခံတာပါပဲ"

"အဲဒီတော့ အဘက ..."

"ကျုပ်လည်း ကတိပေးဖို့ တွန့်ဆုတ်နေတာပေါ့။ ခေါင်းကြီးကိုင့်ပြီး ဘာမှပြန်မပြောနိုင်ဘူးလေ။ လည်လိမ်ခံထားရတဲ့ ကြက်ကြီးလို ဖြစ်နေတဲ့ ကျုပ်ကို ဆရာရသေ့က ဘာမှထပ်မပြောသော့ဘဲ၊ ကဲ ... ကိုရွှေသီးပြန်ဖို့အချိန်ရောက်ပြီ၊ ထတော့၊ ကျုပ် လမ်းပြပေးလိုက်မယ်လို့ ပြောပြီး တဲပေါ်ကနေ အရင်ဆင်းသွားတာပဲ"



"အဘလည်း ထလိုက်ရတာပေါ့နော်"

"ထလို့မရဘူး ကိုရင်ရေ၊ စိတ်ကတော့ ထဖို့ပြင်လိုက်တာပေါ့၊ ကိုယ်ကမပါဘူး။ မပါတဲ့အပြင် ဘုရားစင်ကို မျက်နှာပြုပြီး လက်အုပ်ချီထားတဲ့ ကျုပ်လက်နှစ်ဖက်ဟာ ရှေ့ကို ဆန့်ထွက်ပြီး ကိုယ်လုံးကြီးပါမှောက်လျက်ထိုးကျသွားတယ်။ ရင်ထဲမှာ တလှပ်လှပ် တုန်လာတယ်။ ကြက်သီးမွေးညင်းတွေထပြီး ချောက်ချားလာတယ်။ ဘယ်လိုခံစားမှုမျိုးဆိုတာကို ပြန်မပြောတတ်လောက်အောင်ပါပဲ ကိုရင်ရယ်"

"အဲဒီတော့ အဘက ..."

"ကျုပ်က ဘာမှမလုပ်နိုင်ပါဘူး ကိုရင်ရယ်၊ ဆရာရသေ့တဲပေါ် ပြန်တက်လာပြီး ကျုပ်ကျောကို လက်နဲ့သပ်ပေးတယ်၊ ပြီးတော့ ကျုပ်ကိုရေမန်းတိုက်တယ်။ ရေမန်းလည်း သောက်ပြီးရော ကျုပ်လည်း ဆရာရသေ့ တောင်းတဲ့ကတိစကား ပေးမိလျက်သား ဖြစ်သွားတော့တာပါပဲ"

"အဘက ကတိပေးလိုက်တာပေါ့နော်"

"ကတိပေးလိုက်ရုံတင် ဘယ်ကမလဲ ကိုရင်ရယ်၊ ကျုပ် အကုန်လုံးစွန့်လွှတ်ပြီး အခုအခြေအနေအထိ ရောက်ခဲ့တာပဲ။ ကဲ ... ကိုရင် ဘာထပ်မေးချင်သေးသလဲ"

"ကျွန်တော် မေးချင်တာတွေတော့ အများကြီးပဲ အဘ၊ ဒီနေ့တော့ကျွန်တော် မမေးတော့ပါဘူး၊ အဘလည်း ပင်ပန်းလှပါပြီ၊ အဘအနားယူပါဦး"

ဘရွှေသီးက ခေါင်းတညိတ်ညိတ်ဖြင့် တဲအောက်သို့ ဆင်းသွားပြီး တဲဘေးကွက်လပ်တွင် လမ်းလျှောက်ရင်း ပုတီးစိပ်နေသည်။

ကိုကျော်မြသန်းက ဘရွှေသီးကို ကြည့်နေရင်းမှ အေးချမ်းခြင်းသဘော၊ ငြိမ်းချမ်းခြင်းသဘော၊ သန့်စင်မွန်မြတ်ခြင်းသဘောကို ဝေမျှခံစားရင်း ပီတိဖြစ်နေ၏။

ပီတိဆိုသည်မှာ လိုဘပြည့်ခြင်း-မဟုတ်ကြောင်း နက်နက်ထင်ထင် သဘောပေါက်လာသည်။

အစစ်မှန်ဆုံးသော အေးမြ၊ ငြိမ်းချမ်း၊ သန့်စင်ခြင်းသည်သာ အနှစ်သာရ ပြည့်ဝသော ပီတိဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူကြီး ဦးရွှေသီးဘဝက နောက်တော်ပါ ခြွေရံအသိုင်းအဝိုင်းနှင့် ထင်ရာစိုင်းခဲ့၏။ အာဏာပါဝါရှိသည်။ လက်ညှိုးညွှန်၍ စေလိုရာဖြစ်ခဲ့သည်။

ငွေကြေးပြည့်စုံသည့်အလျှောက် အပျော်အပါးနှံ့ထဲမှာ နစ်ချင်တိုင်းနစ်၍ ဖြစ်ချင်တိုင်း ဖြစ်ခဲ့သည်။

မကြောင့်မကြ၊ မတောင့်မတ လိုသမျှရ ဆိုသလို အနေအထားမျိုး ရှိခဲ့သော်လည်း သူ၏ဘဝမှာ အေးမြ၊ ငြိမ်းချမ်း၊ သန့်စင်ခြင်း မရှိခဲ့။

အတိုင်းအဆမရှိ ပူလောင်မှု လွှန်ကဲခဲ့၏။ ဟိရိဩတ္တပ္ပတရားကင်းလွတ်ခဲ့၏။ အဘိုးနှင့် အဖေတို့ ထိန်းသိမ်းခဲ့သော မျိုးရိုးစဉ်လာ ဂုဏ်သိက္ခာကို ပျက်ယွင်းစေခဲ့၏။

မျက်စိနှစ်လုံး ပွင့်ကတည်းက လောဘ၊ ဒေါသ၊ မောဟ၊ အတ္တမာန်မာနများဖြင့် ရစ်ထွေးပြီး ဖရုသဝါစာ ကြမ်းတမ်းသော စကားများဖြင့် တွဲစပ်နေစမြဲ ရှိသောကြောင့် မျက်နှာသွင်ပြင်မှာ နူးညံ့သိမ်မွေ့ခြင်းမရှိ။ ကြမ်းတမ်းခက်မာနေမှု အမြဲရှိခဲ့၏။

လက်ရှိအနေအထားမှာ အရာရာကို စွန့်လွှတ်၍ ရောင့်ရဲတင်းတိမ်မှုဖြင့် သူတော်စင်တို့၏ လုပ်ငန်းနှင့် မွေ့ပျော်နေသောကြောင့် အခြွေအရံ အသိုင်းအဝိုင်းမရှိ၊ အာဏာပါဝါမရှိ၊ ငွေကြေးကြွယ်ဝမှု မရှိစေကာမူ အေးမြခြင်း၊ ငြိမ်းချမ်းခြင်း၊ သန့်စင်ခြင်းတို့ ထာဝရလွှမ်းခြုံနေ၏။

လောဘ၊ ဒေါသ၊ မောဟ၊ အတ္တမာန်မာန မကောင်းတရားများနှင့် လုံးဝနီးပါး ကင်းလွတ်နေသည့်အလျှောက် လွှန်ကဲအပူရောင် စိုးစဉ်းမျှ မကပ်ငြိ။

အေးမြ ချမ်းမြေ့ သန့်စင်သော မေတ္တာအအေးရောင်လွှမ်းရစ်သိုင်းခြုံထားသည့်အလျှောက် ဘရွှေသီး၏ သွင်ပြင်ဟန်ပန်မှာ နှစ်လိုဖွယ်ရာ အဆင်း ထင်းပေါ်လွှင်နေသည်။

ပကတိ ငြိမ်းချမ်းခြင်းအသွင်မှာ ပေါ်လွှင်ရုံသာမဟုတ်၊ လင်းဝင်းတောက်ပနေသည်။

ဘရွှေသီးက ဘာတွေ ထူးထူးခြားခြား ဖြစ်နေပြီ၊ ဘယ်လို အဆင့်အတန်းမျိုး ရောက်နေပြီ ဆိုသည်ကို အရိပ်အမြွက်သော်မှ မပြောသလို ထူးဆန်းထွေတလာ "အပ်ချလောင်း"ပြကွက်များကိုလည်း လုံးဝမပြခဲ့။



အကျင့်စခန်းမှ ရောက်နိုင်ရာ လမ်းကိုသာ ကိုယ်တွေ့အတွေ့အကြုံများနှင့်ယှဉ်ပြီး အသေးစိတ် စစ်တမ်းထုတ်ပေးခဲ့သည်။

တကယ့်အစစ် အေးချမ်းသည့် ငြိမ်းချမ်းမှု၊ ပီတိ ပဿဒ္ဓိ ခံစားရပုံများကိုသာ ခြိုးခြိုးခြံခြံ ပြောပြခဲ့၏။

ကာယကံရှင်က မည်သို့ပင် ချိုးနှိမ်ထားစေကာမူ ပင်ကိုအရှိကိုမူ ဖုံးကွယ်၍မရ။

တကယ် ကြည်ညိုလေးစားဖွယ်ရာ ပြည့်ထင်နေသော သူတော်စင်တစ်ယောက် ဖြစ်နေပြီကိုမူ ဖုံးကွယ်၍မရ။ ကွက်ကွက်ကွင်းကွင်း၊ ထင်ထင်ရှားရှားကြီး ပေါ်လွှင်လျက် ရှိနေချေသည်သာ။

ပြည့်သောအိုးသည် ဘောင်ဘင်မခတ်။

သူတော်စင်တို့သည် ထည်ဝါဝင့်ကြွား မာန်ရေးမကြွယ်။ ဝကိုဝိမလုပ်တတ်။

မပြည့်သောအိုးသည် ဘောင်ဘင်ခတ်၏။

သူတော်စင် အတုအယောင်များသည် ထည်ဝါဝင့်ကြွား၊ ဟန်ရေးအလွန်ပြကြ၏။

ဝကို ဝိလုပ်ရာတွင် နှစ်ယောက်မရှိဟု ဆိုရမည်သို့ ရှိချေ၏။

သူတို့အကြောင်းကို သိလိုများတော့ အထင်ကြီးစရာ တစ်ကွက်မှမရှိ။

အစစ်သည် သူ့သဘော သူဆောင်၏။ ရင်သပ်ရှုမော အံ့သြကုန်နိုင်ဖွယ်ရာ ပြကွက်မရှိ။ ပြလည်း မပြ။

အတုမှာမူ ပြကွက် ရှိရသည်။

ပြကွက်မရှိလို့ မဖြစ်။

ပြကွက်မရှိလျှင် လူမလာ၊ လူမလာရင် အလုပ်မဖြစ်။

အစစ်က လူသိမခံ၊ လူလာမှာကို မလိုလား။ လူလာလျှင် အလုပ်ပျက်မည်။

ဒါကြောင့်လည်း ဘရွှေသီးတို့လို အစစ်လမ်းစဉ် ကျင့်ကြံအားထုတ်နေသူများမှာ လူသူနှင့် ကင်းဝေးရာတွင် နေထိုင်ပြီး ကိုယ့်အလုပ်ကိုသာ ဓါယမစိုက်၍ ကျင့်ကြံအားထုတ် နေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အာရုံခြောက်ပါးအစာ ကင်းဝေးရာ၊ တောရိပ် တောင်ရိပ်မှာ ခိုလှုံနေထိုင်ကြသည်။

ရောင့်ရဲတင်းတိမ်ခြင်းဖြင့် မွေ့လျော်နေကြသည်။

ကာမဂုဏ်အာရုံများနှင့် လုံးဝကင်းရှင်းအောင် ထိန်းသိမ်းနေထိုင်ကြသည်။

မြို့ပေါ် ဆရာကြီးတွေကတော့ ကာမဂုဏ် အာရုံများနှင့် မွေ့လျော်ပြီး အာရုံခြောက်ပါးပေါ်မှာ ကျက်စားပျော်မွေ့လျက် အင်္ဂါရတ်မထိုးဘဲ ရွှေဖြစ် ငွေဖြစ် နည်းလမ်းအဖုံဖုံကို တီထွင်နေကြသည်။

တကယ်တော့ အပြစ်မဆိုသာပါ။

လူတွေက ဒါမျိုးမှကြိုက်သမို့ သည်လိုလမ်းကြောင်းပေါ် လျှောက်နေကြသည်ဟု ဆိုရမည်ပါ။

ကိုကျော်မြသန်း ဘရွှေသီးထံမှာ ရက်သတ္တတစ်ပတ် နေထိုင်ခဲ့ရာ ဘာတစ်ခုမှ မပြသလို၊ ဘာတစ်ခုမှလဲ မပေး။

ကျင့်ကြံအားထုတ်မှုပိုင်းဆိုင်ရာ အလုပ်သဘောနှင့် အတွေ့အကြုံများကို ပြောပြသည်။

ပြန်ခါနီးကျမှ အင်းတစ်ချပ် ပေးလိုက်သည်။

"သွားလာ နေထိုင် လုပ်ကိုင်ရာတွင် အန္တရာယ်ကင်းစေသော ... အင်း"

မိမိ၏လက်ဝယ်သို့ ရောက်ရှိပြီးနောက် အစဉ်မပြတ် သိဒ္ဓိတင်ပေးလျှင် ပို၍အစွမ်းထက်လိမ့်မည်ဟု အဆိုပြု ပေးလိုက်၏။

ဒါပဲ ရခဲ့သည်။

ဗဟုသုတအဖြစ် စမအောင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ အကြောင်း ဖြစ်စဉ်ကို သိခဲ့ရ၏။

စမ အက္ခရာများ၏ မူလဘူတ အခြေခံမှာ ဘုရားလေးဆူ စမ ဖြစ်၏။

စ၊ ခ၊ ဗ၊ ဝ။

စ - မီးဓာတ်။

ခ - လေဓာတ်။



ဗ - ရေဓာတ်။

ဝ - မြေဓာတ်။

၃၃-လုံးသော အက္ခရာဗျည်းစမများကို ရှာဖွေ၍ နဝင်းဓာတ်လုပ်ငန်းစဉ်ဖြင့် ထွက်ရပ်ပေါက်သွားသော ဝိဇ္ဇာဓိုရ်ကြီးများ၏ စမ အက္ခရာများကို ဗဟုသုတအဖြစ် သိခဲ့ရ၏။

ဃ၊ ရ၊ မ၊ စ - သိန်းဃိုဆရာတော်။

သ၊ စ၊ က၊ ယ - မုတ္တမဆရာတော်။

ဝ၊ တ ယ၊ သ - မိုးထိဆရာတော်။

စ၊ ဘ၊ မ၊ စ - မိုးညှင်းဆရာတော်။

တ၊ ဗ၊ သ၊ ဝ - ဗားမဲ့ဆရာတော်။

က၊ ဖ၊ မ၊ လ - ပေဒင်ဆရာတော်။

ဘ၊ ရ၊ က၊ ခ - ပေါက္ကံဆရာတော်။

က၊ ဖ၊ ယ၊ မ - ရခိုင်ဆရာတော်။

စ၊ ဝ၊ ဗ၊ သ - မင်းကွန်းဆရာတော်။

က၊ ယ၊ မ၊ ဟ - ဣတိပိသနရှင်ရသေ့။

မ၊ က၊ ထ၊ သ - သထုံဆရာတော်။

င၊ စ၊ ထ၊ ဝ - အသချေယျဆရာတော်။

က၊ စ၊ ဗ - သောင်းထွင့်ဆရာတော်။

န၊ မ၊ ဗ၊ ဝ - ပထမံဘိုးဘိုးအောင်။

ပ၊ မ၊ ယ၊ စ - ပခန်းဆရာတော်။

သ၊ ရ၊ ရ၊ ထ - သီဟိုဠ်ဆရာတော်။

မ၊ အ၊ ဥ - စတြိသီယောဆရာတော်။

ငှ၊ သ၊ ည၊ က - ရှင်ဥတ္တမသီရိဆရာတော်။

က၊ တ၊ န၊ မ - ဘားမဲ့ဆရာတော်။

ဖ၊ ပ၊ ဒ၊ ဝ - ခင်ကြီးပျော်ဆရာတော်။

ဝ၊ ခ၊ ဗ၊ ဒ - စည်းကြပ်တောင် ခင်ကြီး။

အထက်ပါ ပုဂ္ဂိုလ်များ၏ စမ အက္ခရာများကို နဝင်းဓာတ်လုပ်ငန်းစဉ်ဖြင့် ပေါက်မြောက်သွားပုံ စခန်းစဉ်ကို ဗဟုသုတအဖြစ် သိခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"အင်း"၏ ခက်ခဲနက်နဲမှုကို ယနေ့ ဆရာအမည်ခံတွေ ထဲထဲဝင်ဝင် မသိ၍ထင်ပ။ လွယ်လွယ်လုပ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

ဘရွှေသီးထံမှ "အပ်ချလောင်း"ပြကွက်တွေ မရခဲ့သော်လည်း ခက်ခဲနက်နဲသည့် ကျင့်စဉ်သဘောကို သိခွင့်ရခဲ့၏။

တကယ့်အစစ် ကျင့်စဉ်စခန်း ဝင်သူများမှာ အရာရာကိုစွန့်လွှတ်၍ ကိလေသာ ထူပြောသည့် နယ်ပယ်ကို ရှောင်ကွင်းပြီး နဂိုဒုက္ခကိုဖြတ်ချ၍ အပိုဒုက္ခကို မဆောင်ကြတော့။

မျက်စိ အစာ၊ နား အစာ၊ လျှာ အစာ၊ အထိအတွေ့အစာ နယ်ပယ်ကို ရှောင်ကွင်း၍ လူသူမနီးသည့် တောရပ်ကို မှီကြ၏။

ဆယ်ပါးသီလကို မပျောက် မကျားအောင် ထိန်းသိမ်းပြီး အသက်မပါသော အစာ အာဟာရဖြင့် ရောင့်ရဲတင်းတိမ်၍ ငြိုးခြံနေထိုင်ကြ၏။

အချိန်ပြည့် ကျင့်စဉ်ဖြင့်သာ မွေ့လျော်နေ၏။

ခြောက်နှစ်ကျော် ခုနစ်နှစ်ထဲ ရောက်သည့်တိုင် အမြဲလင်းဖို့ ဖွဲ့တင်းပြီး ကျင့်ကြံအားထုတ်နေရဆဲ ရှိသေး၏။

မြို့ပေါ်က ဘော်တိုးတွေနဲ့ မကွာလား။

ကွာပါသည်။ ကွာသမျှ တို့ကဲ့ သီကာ မဟုတ်၊ သိသိသာသာကြီး ကွာပါသည်။

အစစ်က ကျင့်ကြံအားထုတ်သည်။

အတုက "အပ်ချလောင်း"ပြကွက်များကို တီထွင်ပြသဖို့ကိုသာ ကြိုးစားအားထုတ်သည်။

✧ ✿ ✧



## (၅)

### မျက်မြင်လောက ဖြစ်ရပ်များ

ဂန္ဓာရီဝိဇ္ဇာပညာ ရှိသလို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများလည်း ရှိခဲ့သည်။

ဒါက မျက်မှောက်ခေတ်မှာ မဟုတ်။ လွန်ခဲ့လေပြီးသော ဟိုးအတိတ်ကာလဆီက ဖြစ်တည်ရှိခဲ့၏။

ယနေ့ခေတ်မှာတော့ ပေါက်ဆရာ လေးဆယ့်ခြောက်တို့၊ ခြောက်ဆယ့်လေးတို့ အကြောင်း အပြောပဲ ရှိသည်။

တကယ် တိတိကျကျဟူ၍ မရှိ။

ဒါကြောင့်လည်း အကျင့်စခန်း ပေါက်ရောက်သူ နည်းပါးလာခြင်းဖြစ်သည်။

စွန့်လွှတ်မှု မရှိ။ ကိလေသာ ထူပြောသည့် နယ်ပယ်တွင် ဇနီးမယားနှင့်အတူ ပျော်မွေ့၍ လျှာအရသာခံပြီး၊ သီလထိန်းသိမ်းခြင်း၊ သမာဓိဆောက်တည်ခြင်း၊ ကျင့်စဉ်တည်ကြည်ခြင်းကို မည်ကာမတ္တ သဘောလောက်ပဲ လုပ်ကြ၏။

သီတင်းသီလ ဆောက်တည်ခြင်းကို အမြဲတမ်းထားလို့၊ ဝါတွင်းဝါပလေးသော်မှ မလုံကြ။

တစ်ပတ် တစ်ရက် ဘုရားတက် ပုတီးစိပ်ခြင်းကိုပင် တကယ့်အလုပ်စခန်းဝင်သည့်နှယ် ပြယုဂ်လုပ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလူတွေက ဘားမဲ့၊ ရှင်မထီး၊ ယက္ကန်းစင်ထောင်ဆရာတော်များ၊ ပထမံဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသော သူတော်စင်ပုဂ္ဂိုလ်ကြီးများကို လာစေ၊ သွားစေ လုပ်နေကြသည်မှာတော့ လွန်တာပေါ့ဟု ပြောစရာပါ။

ဘယ်ပုဂ္ဂိုလ်ကြီးတွေက သူတို့နှင့် လာတွေ့ရသည်။ ဘာတွေပြောကြသည့် ဆိုသည်ကို ပြောသူက ပါးစပ်ထွက်ရဲသည်။ ယုံသူတွေကလည်းယုံကြသည်။

လောဘ၊ ဒေါသ၊ မောဟ ပြွမ်းတီးသော မသန့်ရှင်းသည့်နယ်ပယ်ကို သူတော်စင်များက စွန့်ခွာသွားခဲ့၏။

လွယ်လွယ်ကူကူ စွန့်ခွာရသည်တော့ မဟုတ်။ လူ့ဘဝ၏စည်းစိမ်ဥစ္စာနှင့် သာယာမှု အားလုံးကို စွန့်လွှတ်၍ ရောင့်ရဲခြင်းခြိုး ညဥ့်သုံးယံအနက် တစ်ယံသော အချိန်ကာလကိုသာ အိပ်စက်ခြင်းအမှုကို ပြုရ၏။

သီလကို ခိုင်မြဲအောင် စောင့်ထိန်းရ၏။ သမာဓိကို တည်ကြည်အောင် ကျင့်ကြံအားထုတ်ရ၏။ ခက်ခဲနက်နဲသော ဂန္ထာရိဝိဇ္ဇာပညာလမ်းကြောင်းကို မတိမ်းမစောင်းရအောင် ထိန်းမတ်လျှောက်လှမ်းခဲ့ရ၏။

ထိုသို့သော ပုဂ္ဂိုလ်များသည် ထွက်ရပ်မပေါက်သည့်တိုင် သီလ၊ သမာဓိ၊ အကျင့်သိက္ခာနှင့် ပြည့်စုံသော သူတော်ဝင်များ ဖြစ်နေကြသည်ကိုမူ ယုံမှားသံသယ မရှိရာပေ။

ညစ်ထေးသောလောကမှ သန့်စင်သော လောကသို့ ကူးပြောင်းရောက်ရှိသွားပြီးသောအခါ ပုဂ္ဂိုလ်ကြီးများက တိုက်ဆောက် ကားစီးဖို့ကိစ္စ၊ ရာထူးတိုးတက်ဖို့ကိစ္စ၊ တရားရုံးရောက်နေသည့်အမှု နိုင်ဖို့ကိစ္စ၊ ထောင်ထဲရောက်နေသူ လွှတ်ဖို့ကိစ္စ၊ တစ်အိုး တစ်အိမ်ထောင်မှ နှစ်အိုး နှစ်အိမ်ထောင်ကိစ္စကို ဖြေရှင်းပေးနေရသည်မှာ သဘာဝသဘော မဟုတ်သလို ဘယ်လိုမှလဲ မဖြစ်ကောင်း၊ မဖြစ်နိုင်ရာဟု ဆိုရမည်ပါ။

ဒါပေသိ ဆည်းကပ်မှု အယုအဆ တိမ်းနေသူများကမူ လုပ်ပေးနိုင်စွမ်း၏ဟု ယုံကြည်ကြသည့်အလျောက် ကိုယ်ပွားဘိုးတော် ဆိုသူများ၊ အဓိဋ္ဌာန်ဆရာကြီးများ၏ ထူးဆန်းထွေတလာ အံ့ဩစရာ ပြကွက်များနောက်သို့ တန်းတန်းမတ်မတ် လိုက်နေကြ၏။



ဒါကြောင့်လည်း ပြကွက်ဆရာတွေ စားသာနေကြသည်၊

အထူးအဆန်းတွေ ပို၍ ပြနိုင်လေ၊ ပို၍စားသာလေ။

ကျင့်စဉ်စခန်း နည်းလမ်းတွေ ပြောလို့တော့ဖြင့် စိတ်ဝင်စားသူတစ်ရာမှာ တစ်ယောက်ပင် ရှိလိမ့်မည်မဟုတ်၊

လူ့သဘောသဘာဝက ကိုယ်တိုင်လုပ်ရမည်ကို ဝန်လေးသည်။ လုပ်ရင်ဖြစ်ပါ့မလားဆိုသည့် သံသယစိတ် ကြီးမားသည်။ ကိုယ့်ကိုယ်ကိုယ်ထက် သူများကို အားကိုးချင်စိတ် လွန်ကဲသည်။

နပ်ပြီး၊ ခူးခပ်ပြီးသားကိုမှ စားချင်ကြသည်။

ပမာပြပါမည်။

ကိုယ်တိုင်ရွတ်ဖတ်သရဇ္ဈာယ်မှ ပို၍အကျိုးသက်ရောက်သလို၊ ကုသိုလ်ပို၍ရသော မေတ္တစကြာ၊ ပဋ္ဌာန်း၊ သုတ်၊ ပရိတ်တရားတော်များကို ကိုယ်တိုင်ရွတ်ဖတ်ဖို့ အားမထုတ်ကြ။

ကက်ဆက်ခွေဖြင့် အငှားနားထောင်ကြသည်။

ကိုယ့်ဟာကိုယ်လုပ်မှ ပို၍အကျိုးရှိမည်ကို သိပါလျက် ဝန်လေးကြသည်။ သို့မို့ကြောင့် အငှားတွေ ခေတ်စားလာရသည်။

အစစ်က မိမိတို့ ကျင့်စဉ်စခန်း ဝင်နေသော နေရာသို့ လူသူအပေါက်အရောက် များမည်ကို မလိုလား။ အထူးသဖြင့် ယိုးယိုးအိုအို အမျိုးသမီးများ အဝင်အထွက် ရှိလာမည်ကို စိုးရွံ့ကြသည်။

ကျင့်ကြံအားထုတ်နေစဉ်ကာလ အမျိုးသမီးများ ဒွေးရောယှက်တင်ဖြစ်လာလျှင် ကျင့်စဉ်ပေါ့ပျက်သည်။

ထို့ကြောင့်လည်း အစစ်ပုဂ္ဂိုလ်များက သမထစွမ်းအားကို မပြကြ။

သမထစွမ်းအား တက်ကယ်မြင့်မား၍ တက်နိုင်လာလျှင် ထူးဆန်းထွေလာ အံ့ဩစရာများကို ပြနိုင်သည်။

သို့တစေ သမထစွမ်းအားမှာ ထာဝရ တည်မြဲနေသည်မဟုတ်။ ကျင့်ကြံအားထုတ်မှု အရှိန်မြင့်သလောက် စွမ်းအားတက်သည်။

ကျင့်ကြံမှုအရှိန် လျော့ကျလျှင် စွမ်းအားလည်း ကျဆင်းသည်။

ဒါကြောင့် အစစ်သမားက မပြ။

www.burmeseclassic.com

www.burmeseclassic.com

အတုသမားက ပြုရသည်။

ပြုမှ လူလာမည်။ လူလာမှ အလုပ်ဖြစ်မည်။

သူတို့လောကမှာ တပည့်သားမြေး များသည်ကို အားပြိုင်ကြသည်။ ဂုဏ်တင်ကြသည်။

အထူးသဖြင့် လူသိများ ထင်ရှားကျော်ကြားသည့် အရေးပါသော ပုဂ္ဂိုလ် အဝင်အထွက်များဖို့ အလေးထား ကြိုးစားကြသည်။

တပည့်တပန်း ဒလန်တွေကတစ်ဆင့် အင်းထက်သည်။ ဆေးစွမ်းသည် စသည်ဖြင့် သတင်းလွှင့်ပြီး စီးပွားရေးလမ်းကြောင်း ထွင်ကြသည်။

ထွက်ရပ်ပေါက်စခန်း အောင်မြေနင်းတော့မည့်ဆဲဆဲ အထက်ဆိုင်ရာပုဂ္ဂိုလ်ကြီးများက သာသနာရေးဆိုင်ရာ လုပ်ငန်းများအတွက် သတ္တဝါတွေ ကယ်တင်ဖို့ တာဝန်ပေး အမိန့်ချမှတ်ခံရသောကြောင့် အောင်မြေ မနင်းရကြောင်း၊ ဘာညာ ဘာညာတွေ အာလူးပေးပြီး နည်းသစ်ထွင်နေသူများလည်း ရှိကြပြန်သည်။

တချို့ကဆို ကိုယ့်တိုင်းပြည်ဖြစ် ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်ကြီးများကို ဘေးချိတ်ပြီး တခြားတိုင်းပြည်က ပုဂ္ဂိုလ်နာမည်ကို နံမှုးစည်းတပ်၍ ဂိုဏ်းဖွဲ့ကြသည်မျိုးလည်း ရှိသည်။

ဆိုင်းဘာဘာကြီးဂိုဏ်း။

သူတို့နှင့်ကျတော့မှပဲ ရိုးရိုးဆိုင်းဘာဘာမှာ "ကြီး"တစ်လုံးတိုးပြီး ဆိုင်းဘာဘာကြီး ဖြစ်သွားရသည်။

ဆယ်စုနှစ် နှစ်စုအတွင်းမှာ ဂိုဏ်းအသစ်တွေ ပေါ်လာသလို ဘိုးတော်တွေလည်း ဒုနှင့်ဒေး များပြားလာသည်။

"တိုက်ကြီးပေါ်က ဘိုးတော်"၊ "တဲနန်းပေါ်က ဘိုးတော်"၊ "ဇရပ်ပေါ်က ဘိုးတော်"၊ "လမ်းလျှောက် ဘိုးတော်"၊ "ပလက်ဖောင်းပေါ်က ဘိုးတော်"၊ "ဘုရားပေါ်က ဘိုးတော်"ဟူ၍ အလျှိုလျှို ပေါ်လာသလို "ဆိုရှယ်လစ် ဘိုးတော်"၊ "ကွန်မြူနစ် ဘိုးတော်"၊ "သခင်ဘိုးတော်"၊ "ဗိုလ် ဘိုးတော်"များလည်း ပေါ်လာသည်။

လူမျိုးအားဖြင့် ကုလားဘိုးတော်၊ တရုတ်ဘိုးတော်၊ ဘိုကပြားဘိုးတော်၊ မြန်မာဘိုးတော်၊ ပန်ချာပီမုတ်ဆိတ် ဘိုးတော်ဟူ၍လည်း ရှိလာသည်။



ဘယ်သို့ပင် ကွဲပြား ကွဲပြား၊ သူတို့အားလုံး၏ လုပ်စားကိုင်စားလုပ်နည်းလုပ်ဟန်များမှာမူ ထူးထူးခြားခြား မကွဲပြားဘဲ ကွဲသယောင်ဖြင့်ဆင်သည်၊ တူသည်။

အစဦးပိုင်းမှာ အဟောအပြောကို နှုတ်ကပဲ ရိုးရိုးဟောပြောသည်။

နောက်ပိုင်းတွင် ပန်းပွင့်ထဲက ဟောသံထွက်လာတာတို့၊ ဘယ်က အသံထွက်လာမှန်း မသိဘဲ ဟောသံ ကြားနေရတာတို့၊ အသံအပြောင်းအလဲလုပ်ပြီး ဟောတာတို့ တီထွင်လာကြသည်။

ဆေးဝါးနှင့် အဆောင်ပစ္စည်းများကို ရိုးရိုး လက်ထိလက်ရောက်ပေးနေရာမှ ကြေးစည်သံနှင့်အတူ အပေါ်ကကျလာတာတို့၊ မျက်စိမှိတ်ပြီး အာရုံပြုနေစဉ် ရောက်လာတာတို့၊ အလိုအလျောက် အိတ်ထဲရောက်လာတာတို့ စသည့်နည်းသစ်များကို တီထွင်လာကြသည်။

မီးတောက်အင်းတို့၊ ပြာမကျအင်းတို့၊ ရေစိမ်အင်း၊ အလိုလိုပေါ်သည့် ကွက်ပေါ်အင်း စသည်များလည်း ပေါ်လာသည်။

လက်လှည့်၊ ပဉ္စလက်၊ စိတ်ညှို့၊ ဆေးတို့၊ အာစေးထည့်၍ စေနိုင်းသည့် အလှည့်အပတ် နည်းများကိုလည်း သုံးလာကြသည်။

ဂန္ဓာရီဝိဇ္ဇာပညာ စခန်းတက် အဆင့်ဆင့်တွင် မပါဝင်သည်များကို ယနေ့ အမည်ခံဘိုးတော်များ လက်ထက်ကျမှ ကြားသိတွေ့မြင်လာရသည်။

တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် လွန်ကဲရာမှ အဖွဲ့အစည်း၊ စည်းရုံးရေးပုံသဏ္ဌာန်မျိုးဖြင့် အင်အားစုခဲ့ကြသည်။

ညီလာခံလုပ်၍ပင် အင်အားပြခဲ့ကြသည်။

ထိုမှ ခြေလှမ်းကျဲလာသည်။ ကျယ်ပြန့်လာသည်။ မဆိုင်ရာနယ်ပယ်ထဲသို့ ထိုးဖောက်ခဲ့ကြသည်။ ရှုပ်ရှုပ်ထွေးထွေး လုပ်ခဲ့ကြသည်။ ပြဿနာအမျိုးမျိုးပေါ်အောင် ဖန်တီးခဲ့ကြသည်။

နိုင်ငံနှင့် အစိုးရအဖွဲ့အတွင်းမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏ နာမည်ကို အလွဲသုံးစားပြုမှု ကြီးထွားလာသည်။

ဓာတ်ပုံလှည့်စားမှု အတတ်ပညာဖြင့် တီထွင်ဖန်တီး ဓာတ်ပုံများ ဖြန့်ဝေလာသည်။

မရှိကို အရှိ လုပ်သလို၊ မပြောကို အပြော လုပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

အစိုးရဌာနဆိုင်ရာ လုပ်ငန်းများသို့အထိ ဝင်ရောက်စွက်ဖက်လာကြသည်။

ဘယ်ပုဂ္ဂိုလ်ကို ဘယ်လိုမိုင်သည်။ ဘယ်လိုလုပ်၍ရသည်။ ဘယ်ကိစ္စတွန်းက ဘယ်လိုပြော၍ ဘယ်လိုလုပ်လိုက်ရကြောင်း စသည်မျိုးများကို တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး အပြောကြွယ်လာကြသည်။

သက်ဆိုင်ရာက လက်ပိုက်ကြည့်နေ၍ မရတော့။ ပြည်သူတို့အား လှည့်ဖြားမှိုင်းတိုက်မှု လွန်ကဲလာသည်ကြောင့် ဘိုးတော်စစ်ဆင်ရေးကို အတိအလင်း လုပ်လိုက်ရသည်။

အမည်ခံဘိုးတော် အများစုမှာ ပုန်းချိန် ပြေးချိန်၊ ရှောင်ချိန် တိမ်းချိန် မရလိုက်ဘဲ လက်ထိတ်ကွင်းထဲသို့ လက်ထည့်ပြီး အချုပ်ခန်းများသို့ ကြွမြန်းခဲ့ကြရသည်။

ထိုစဉ်က နာမည်အကြီးဆုံး "ဘိုးတော်တင်"မှာ တပည့်များအားကိုးဖြင့် တိမ်းရှောင်ရန် ကြိုးစားခဲ့၏။

ဒါပေသိ ပြေးသူထက် လိုက်သူက ခြေတစ်လှမ်းသာသမို့ ဘိုးတော်တင်မှာ လက်ထိတ်တန်းလန်းနှင့် အချုပ်ခန်းထဲသို့ မြန်းခဲ့ရ၏။

ရှိန်းဆာယာ ပိုမောက်၊ ကိုယ်ပျောက်ပါသည်ဆိုသော ဘိုးတော်မှာ ထောင်အုပ်ရိုးကိုမှ မကျော်လွှားနိုင်ခဲ့ပေ။

သူများကို အချုပ်အနှောင်ခံဘဝမှ လွတ်အောင်လုပ်ပေးနိုင်သည်ဟု ဝင့်ထည်ခဲ့သူများမှာ ကိုယ့်အလှည့်ရောက်ချော လွတ်ဖို့မဆိုထားဘိ ရေရေလည်လည် ပုံစံအကိုင်ခံရသည်ကိုပင် မတားဆီးနိုင်ခဲ့။

တစ်ချိန်တည်း ထောင်ထဲသို့ ရောက်လာသူ ဘိုးတော်နှစ်ဆယ်ကျော်မှာ ဆီးရွက်လောက် မျက်နှာကလေးများဖြင့် ကုပ်ကုပ်ယို့ယို့ ဝင်လာကြသည်။ ပြင်ပတုန်းက ဝင့်ကြွားခဲ့သည့် ဟန်ပန်အရိပ်အထင်များ သူတို့ကိုယ်ပေါ်တွင် လုံးဝမထင်တော့။

သူတို့အား စစ်ဆေးစဉ်က သူတို့လုပ်ခဲ့သမျှ မဟုတ်မဟတ် လုပ်ရပ်များကို ဖွင့်ဟဝန်ခံ၍ ဖြောင့်ချက်ပေးကြ၏။

၁၇-၁၁-၇၅ နေ့ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာပါ သတင်းတစ်ပုဒ်မှာ ...



**ဘိုးတော်မြစိမ်းအား ရဲကဖမ်းဆီးအရေးယူ**

ရွှေတိဂုံစေတီ ကုန်းတော်ပေါ် တနင်္ဂနွေထောင့် ကေဘာကြီးတန်ဆောင်းဘေးတွင် နေထိုင်သော အသက်(၆၇)နှစ်အရွယ်ရှိ ဘိုးတော်မြစိမ်းအား နိုဝင်ဘာလ ၁၆ ရက်နေ့က ဒဂုံရဲစခန်းမှ ဒုရဲအုပ် ဦးကြည်စိုးသိမ်းက ဖမ်းဆီးလိုက်၏။ သူများပစ္စည်းတိတ်တဆိတ်ယူမှု မသက်ာ၍ ၎င်းအား ပုဒ်မ ၁၇၉-၅၄ အရ အရေးယူထား၏။ ၎င်းသည် အများပြည်သူများ၏ လက်စွပ်များကို သိဒ္ဓိတင်ပေးမည်ဆိုကာ ခြေလက်များတွင် အပြည့်ဝတ်ထားသူဖြစ်၏။

သိဒ္ဓိတင်ပေးသည့် လက်စွပ်များကို လက်တွင်ပါမက၊ ခြေထောက်မှာပါ ဝတ်ထားသည် ဆိုတော့လည်း လွန်တာပေါ့ဟု ဆိုရမည်မှတစ်ပါး ...။

၂၄-၁၂-၇၅ နေ့ထုတ် သတင်းစာတွင် ...

**ဘိုးတော်တစ်ဦးအား ဖမ်းဆီးအရေးယူလိုက်ခြင်း**

အများပြည်သူများအား နည်းအမျိုးမျိုးဖြင့် လိမ်လည်လှည့်ဖြား၍ နိုင်ငံတော်မှ တာဝန်ရှိသူများ၏ အမည်နှင့် ပုဂ္ဂိုလ်ရေးရာများကို အလွဲသုံးပြီး လိမ်လည်မှု အမျိုးမျိုးကို ကျူးလွန်ခဲ့သော ဘိုးတော်တစ်ဦးအား ထွက်ပြေးတိမ်းရှောင် ပုန်းအောင်းနေရာမှ ဖမ်းဆီးရမိလိုက်၏။ ၎င်းအား လိမ်လည်မှု၊ အလွဲသုံးစားမှုများဖြင့် ဆက်လက်အရေးယူသွားမည်ဖြစ်၏။

ဘိုးတော်လောကတွင် ရင်သပ်ရှုမောစရာ ပြကွက်အသစ်အဆန်းများ တီထွင်နိုင်သောကြောင့် တစ်ဟုန်ထိုး နာမည်ကျော်ကြား၍ ထင်ရှားသော ဘိုးတော်ကြီးအဖြစ် ရပ်တည်ခဲ့သူပါ။

အဲဒီလို ဘော်တိုး ဘိုးတော်တွေနှင့် ဆက်နွယ်ပတ်သက်သော မှတ်သားဖွယ်ရာ ဆောင်းပါးတစ်ပုဒ်ကိုလည်း ဖော်ပြရမည်ဖြစ်၏။

လုပ်သားပြည်သူ့နေ့စဉ် သတင်းစာပါ ဆောင်းပါးဖြစ်၏။

ဆောင်းပါး ခေါင်းစဉ်မှာ "သူတို့ကို ရှိခိုးရမည်လော" ဟူ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူလူချင်း ရှိခိုးသောကိစ္စကို အပြစ်တင်သော ဘာသာတရား လည်းရှိ၏။ မျှော်မှန်းတမ်းတ၍ တန်ခိုးရှင်တစ်ဦး (ရှိသည်ဟု အထင်ဖြင့်) အား ရှိခိုးပူဇော်ခြင်းကို လက်မခံသော အယူအဆလည်း ရှိပါသည်။

ယခု စာရေးနေချိန်၌ လွှစ္စလမ်း အလယ်ဘလောက်တွင် ဆိုင်းဗိုင်းကြီးဖြင့် နတ်ကနားပေးလျက်ရှိသည်။ နတ်ဒိုးသံသည် အနီးပတ်ဝန်းကျင်သို့ ပျံ့လွင့်နေသည်။

နတ်ဆိုတာ အမှန်တကယ် ရှိသည်ဟု ယုံကြည်သူများအား အပြစ်မတင်လိုသော်လည်း ဗုဒ္ဓဘာသာဝင်များ "မနုဿတ္တဘာဝေါ"ကို စဉ်းစားကြပါဟု တိုက်တွန်းလိုပါသည်။

"ဒေဝသတ္တ ဘာဝေါ"ဟု မကြားဘူးပါ။

ဘိုးတော်များ ခေတ်စားနေသည်မှာ အတန်ကြာပါပြီ။ အခုတလော ဘိုးတော်အကြောင်း စာအုပ်များ အလွန်ရောင်းကောင်းနေသည်ပါ။ ရိုးရိုးမြန်မာဘိုးတော်သာမက ကုလားဘိုးတော်တို့အကြောင်းလည်း ပါဝင်၏။

တန်ခိုးဣဒ္ဓိပါဒ် ထက်မြက်လွန်းသော ဘိုးတော်ကို ဘယ်ပုဂ္ဂိုလ်ကြီးတောင် ကိုးကွယ်နေသည်ဆိုသော သတင်းစကားလည်း ကြားရပါသည်။

"လက်ဝါးဖြန့် မျက်စိမှိတ်ပြီး အဓိဋ္ဌာန်လုပ်လိုက်တာနဲ့ ငါးသုံးလုံး စီးကရက် ရောက်လာတာ ကိုယ်တွေ့ပဲ။ သံဘူးဘီယာ သောက်ချင်လည်း ရတယ်၊ နိုင်ငံခြားက ပစ္စည်းလည်း ကြိုက်တာမှာလို့ရတယ်၊ ခေါက်ဆွဲစားချင်ရင်လည်း ပူပူနွေးနွေး အထုပ်လိုက် ရောက်လာတာပဲ"

ဤသို့ ဆိုကြ၏။

လူသည် ကမ္ဘာဦးက၍ နေကိုရှိခိုးခြင်း၊ မီးကိုရှိခိုးခြင်း၊ မြစ်ကို ရှိခိုးခြင်း စသည်တို့ ပြုလုပ်ခဲ့ကြပါသည်။

ပင်စိမ်းပင်ကို ရှိခိုးသော ဘာသာတစ်မျိုးသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာခဲ့ပါပြီ။ ရှေ့လည်း တည်ရှိနေဦးမည်ဟု ယူဆရပါ၏။

"ရှိခိုး၍ ဆုတောင်းခြင်းသည် ဒုက္ခသည်တို့၏ ညည်းညူသံသာ ဖြစ်သည်"ဟု ပျစ်ပျစ်နှစ်နှစ် အပြစ်တင်သူများလည်း ရှိပါ၏။

နိုင်ငံပေါင်းများစွာတို့သည် ဘာသာတရားဆိုင်ရာ လွတ်လပ်စွာ ကိုးကွယ်မှုကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြပါသည်။



လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခြင်းသည် လူ့အခြေခံအခွင့် အရေး ဖြစ်ပါသည်။ သို့သော် ဘာသာတရား အယောင်ပြပြီး လိမ်စားသူများ ကိုမူ တားမြစ်လေ့ ရှိပါသည်။

ဦးနှောက်အဆင့်အတန်း နိမ့်သူတွေမို့ အလကား ညာစားနေတာပါ၊ အရှောင်စားရလို့ လုပ်နေတာပါဟု ပြောသံများလည်း ကြားရပါသည်။

ဌာနအကြီးအကဲလုပ်သူ၊ အရေးပါသူ၊ ပညာတတ်သူများက ဘိုးတော်ကိစ္စ၊ နတ်ကိစ္စကို သဲသဲမဲမဲ လုပ်နေလျှင် ဦးနှောက်အားသေးသူများ ရောယောင်လိုက်ပါကုန်ကြ၏။

"သရဲကြီး လာလိမ့်မယ်၊ တိတ်ဟဲ့"ဟူသော ဝန်းကျင်၌ ကြီးပြင်းလာကြသူများမှာ တစ္ဆေသရဲပုံပြင်များ မိုးလင်းအောင် ပြောဆိုနိုင်ကြပါလိမ့်မည်။

ခံတွင်းတွေ့သော ဟင်းကောင်းကောင်းဖြင့် ထမင်းမြိန်မြိန်စားသလို ဘိုးတော်နှင့် နတ်အကြောင်း ပြောနေသူတစ်ဦးသည် သာမန်လူမဟုတ်တဲ့ ထိုက်ထိုက်တန်တန်နေရာသို့ ရောက်နေသူတစ်ဦး ဖြစ်ပါမူ အကြောင်းတရား၊ အကျိုးတရားများကို ယထာဘူတကျကျ မမြင်နိုင်အောင် ထိရောက်စွာ အနှောင့်အယှက် ခံနေရသူ ဖြစ်ပါလိမ့်မည်။

အံ့သြစရာကောင်းတာတွေ လောကမှာ မြောက်မြားစွာ ရှိပါသည်။

ရုံသွင်းပြသော မျက်လှည့်ကို မဆိုထားဘိ၊ လမ်းဘေးမျက်လှည့်ပွဲ၌ပင် ရင်သပ်ရှုမောဖွယ်ရာများ ရှိပါ၏။

အံ့သြစရာကို လေးစားကိုးကွယ်ကြစတမ်းဆိုလျှင် လမ်းဘေးမျက်လှည့်ဆရာများကိုပင် ရှိခိုးသင့်ပြီဟု ထင်ပါ၏။

"အံ့သြစရာ မှန်သမျှ သုံးရက်မခံပါ"ဟူသော အီတလီစကားပုံ ရှိပါ၏။ "ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်"သည် မြန်မာစကားပုံ ဖြစ်ပါသည်။

သို့သော် ယနေ့ ဘိုးတော်နှင့် နတ်ဆရာများသည် ရက်တွေလတွေ ကြာညောင်းလှပါပြီ။

သြဇာရှိ အသိုင်းအဝိုင်းအတွင်း ထိုးဖောက် ဝင်ရောက်လာသည်ကိုကား တားဆီးနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ဤဆောင်းပါးမှာ ကိုးကွယ်မှုဆိုင်ရာ အယူတိမ်းနေသူများကို ပိပိပြင်ပြင် မီးမောင်းထိုးပြလိုက်သည်သို့ ရှိပါချေ၏။

ထိုက်ထိုက်တန်တန် နေရာသို့ ရောက်နေသူများ၊ ဩဇာရှိ အသိုင်းအဝိုင်းတို့မှ ဘိုးတော်ပုံပြင်များကို မြိန်ရေရှက်ရေ ပြောဆိုနေသူ သူတို့ စားသာနေကြဦးမည်သာ။

✧ ✿ ✧



(ကိုး)

## ...ယ်သူ ရှူးသလဲ

လူသားတိုင်း၌ ဦးနှောက်ရှိ၏။

သိမှတ်မှုနှင့် တွေးခေါ်ကြံဆမှုဆိုင်ရာပိုင်းတွင် ဦးနှောက်ကို ...သုံးပြုကြရ၏။

သို့တစေ တချို့သော တွေးခေါ်ကြံဆမှုကိစ္စရပ်များတွင် ဦးနှောက် ...မှ ရှိပါလေစဟု ပြောရလောက်အောင် တွေးခေါ်မှု အားနည်းကြ၏။

တစ်ယူသန် ယုံကြည်မှု လွန်ခဲလာသောအခါ တွေးခေါ်ကြံဆမှု ...ပိုင်းတွင် တိမ်းပါးလာ၏။

ကြေးမုံသတင်းစာပါ ဆရာတက္ကသိုလ်မြတ်သူ၏ ကိုယ်တွေ့ ...ဆောင်းပါးကို ဖတ်ကြည့်ကြပါဦး။

မန္တလေးတွင် ရှိနေခိုက် ၈၄-လမ်းပေါ် ကျက်စားနေသော ...ရူးတစ်ယောက်ကို တွေ့ခဲ့ရသည်။

စီးပွားရေးလုပ်ငန်းသမားတစ်စုက သူတို့အိတ်ထဲမှ ငွေစက္ကူ ...ထပ်လိုက်ကို ထုတ်ပေးပြီး ထိုအရူးကို ကိုင်ခိုင်းနေသဖြင့် အကျိုးအကြောင်း ...ရန် ရပ်ကြည့်နေမိသည်။

ထိုအရူးက ငွေစက္ကူများကိုကိုင်၍ ပါးစပ်မှ လေးငါးခွန်းပြော ...ပြီး ပြန်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းခြင်းရာကို စုံစမ်းလေ့လာကြည့်ရာ အရှုးလက်ဖြစ်ကိုင်၍ ပြန်ပေးလျှင် ထိုငွေစက္ကူပိုင်ရှင်သည် တရှိန်ရှိန် စီးပွားရေးတက်သည်ဟု ယုံကြည်ကြ၏။

ကျွန်တော်တို့ ကျောင်းသားဘဝက မြင်းခြံတွင် "အရှုးလောကိန်" ဆိုသူ ရှိသည်။

အကျီမပါ၊ ပုဆိုးခါးတောင်းကျိုက်ပြီး ဆိုင်တကာဝင်နှိုက်၊ ကားတကာ တက်စီးခါ အရှုးဘာဝ ပေါက်တတ်ကရ အော်ဟစ်တတ်သည်။

ပစ္စည်းနှိုက်ယူခံရသော ဆိုင်ရှင်၊ ကားတက်စီးခံရသော ကားပိုင်ရှင်များက အလွန်သဘောကျသည်။

ဦးလောကိန် ဤသို့ပြုလုပ်လျှင် မိမိတို့ စီးပွားရေးတက်သည်၊ ချမ်းသာမည်ဟု ယုံကြည်ကြသည်။

အရှုးကြီးလောကိန်ကို သူတို့တစ်တွေက "ဘလော"ဟုပင် ချစ်စနိုး တရိုတသေ ခေါ်ကြလေသတည်း။

ဤဖြစ်ရပ်များက မိမိတို့ ကိုယ်ကျိုးစီးပွားရေးသာ ဖြစ်မည်ဆိုလျှင် အရှုးကိုလည်း ကိုးကွယ်တာပဲ ဆိုသည်ကို ပြလေသည်။

ယခုအခါ မိမိတို့ ကိုယ်ကျိုးစီးပွား ဖြစ်ထွန်းရေး၊ သူဌေးဖြစ်ရေး၊ ရာထူးတိုးတက်ရေး၊ လက်ရှိရာထူး တည်မြဲရေးအတွက် အရှုးကိုလည်းကောင်း၊ ဘိုးတော်ဆိုသူများကိုလည်းကောင်း၊ အမိဋ္ဌာန်ဆရာကြီး၊ ဘဘကြီး ဆိုသူများကိုလည်းကောင်း ကိုးကွယ်နေကြသည်။

လောကီရေး ရှေ့တန်းတင် ရဟန်းတု ရဟန်းယောင်အချို့ကိုလည်း အသေအလဲ ဖက်တွယ်ထားကြသည်။

လွန်ခဲ့သော အနှစ် နှစ်ဆယ်လောက်က မြင်းခြံဘူတာတွင် မင်းသားဝတ်၊ မင်းသားစားဖြင့် ရုပ်ချောချော၊ သန့်သန့်ခန့်ခန့်၊ အသက်သုံးဆယ်ကျော် "ဘိုးတော်မင်းရှင်"ဆိုသူကို တွေ့ခဲ့ရဖူးသည်။

ထိုဘိုးတော်အား အသက်ခြောက်ဆယ်ကျော် အဘိုးအဘွားများက ထိုင်ကန်တော့ကြသည်။

ထိုနေ့က ဘိုးတော်မင်းရှင် မီးရထားဖြင့် ပဲခူးသို့ဆင်းသွား၍ ရွှေမော်ဓော ထီးတော်ကို သူတင်မှရမည်ဟု ကြွေးဝါးသွားသည်။

မကြာမီပင် ဘိုးတော်မင်းရှင်ကို ငါးမည်ရ လူလိမ်တစ်ယောက်အဖြစ် ရဲက ဖမ်းသွားသည့်သတင်းကို ကြားရသည်။

ဤကဲ့သို့ပင် ဘိုးတော်လူလိမ်များအကြောင်း သတင်းစာများတွင် မကြာခဏ ကြားရသည်။

တချို့ကမူ "ဒါတွေဟာ လူလိမ်ဘိုးတော်တွေပါ၊ လူမှန်ဘိုးတော်တွေ ရှိပါသေးတယ်"ဟု ဘိုးတော်များ၊ ဂိုဏ်းချုပ်များ၊ ဘဘုရားများဘက်မှ ကာကွယ်ကြသည်။

ကျွန်တော်ကမူ ရှင်တော်ဗုဒ္ဓမှအပ ကိုးကွယ်ရာမရှိဟုသာ ဆိုလိုက်ချင်တော့သည်။

ဗုဒ္ဓက ဥပါဒါန်စွဲ၊ ငါစွဲ၊ အတ္တစွဲ ပျောက်စေသည်။

အတ္တစွဲ၊ ငါစွဲ၊ ငွေစွဲ၊ ရာထူးစွဲ၊ စည်းစိမ်စွဲ ရှိသူများက ဘိုးတော်ဆိုသူများကို ကိုးကွယ်၍ ကိုယ်ကျိုးရှာနေကြသည်။

ဘိုးတော်များကို ထွားထွားကြီးကြီးများ ကိုးကွယ်လိုက်သည်နှင့် ဘိုးတော်များလည်း အကောင်အတောင် ပိုကြီးသွားသည်။

ဘိုးတော်တို့၏ "ဥံဖွ"များက မိမိကို အကျိုးပြုလိမ့်မည်ဟု ယုံကြည်ကြသည်။

ဤသို့ဖြင့် ဂျာအေး သူ့အမေရိုက်တော့သည်။

ကျွန်တော်တို့ ကျောင်းသားဘဝက မြင်းခြံတွင် နတ်လိပ်ပြာအဖွဲ့ဆိုသည့် လူတစ်စုလာသည်။

ဇာတ်ရုံတစ်ခု၏ ဇာတ်ခုံပေါ်တွင် နတ်လိပ်ပြာအဖွဲ့ခေါင်းဆောင်က ဆိုင်းဖြင့် နတ်ကသည်။

မြို့ခံလူများက နတ်လာမေးသည်။

မေးလာသူ၏အကြောင်းကို ဟောရာ ဒက်ထိမှန်သဖြင့် တစ်ယောက်တစ်ကျပ်ခွဲနှုန်းဖြင့် မေးသူများလှ၏။

နတ်မေးသူတို့ မသိသောအချက်ကား ဇာတ်ခုံပုဆွာကွယ်ကားလိပ်ကြားတွင်ထိုင်ကာ ဇာတ်ရုံထဲ ဝင်လာသူ၏ အကြောင်းကို နတ်ဟောသူအား ကြိုတင်ပြောပြနေသည့် မြို့ခံလူတစ်ယောက်ကို မမြင်မတွေ့ကြခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ငယ်ငယ်က ပုပ္ပားတောင်ကလပ်တွင် စကားမပြောဘဲ၊ ပုဆိုးဖင်လုံအောင် မဖုံးဘဲ၊ ဖင်တုံးလုံးအိပ်နေတတ်သော လူကြီးတစ်ယောက်ကို အမြဲတွေ့ရသည်။

သူကား ဆိတ်ငြိမ်မှုဖြင့် ရောင်တိမ်းလာသူ ဆိတ်သုန်းကြီးဖြစ်၏။

များမကြာမီ သူ့ကို ဘိုးတော်ချုပ်ကြီးအဖြစ် ဝိုင်းကိုးကွယ်လိုက်ကြသော ဟူ၏။

ယခုအခါ အထူးခေတ်စားလာသော မြန်မာဘိုးတော်များ အကြောင်း၊ ကုလားဘိုးတော်များအကြောင်း၊ ခပ်ပြောင်ပြောင် ဝါဒဖြန့်ရေးသားထုတ်ဝေသော စာအုပ်များ တွေ့ရသောအခါ ရင်မောမိသည်။

ကုလားဘိုးတော်တစ်ယောက်အကြောင်း စာအုပ်ကား တစ်အုပ် ၄၀/– ပင် ဖြစ်နေသည်။

လွန်ခဲ့သော အနှစ် နှစ်ဆယ်က ဈေးနှုန်းပါ။ (စာရေးသူ)

ကုလားဘိုးတော် ရုပ်ပုံကားချပ်များပင် ရိုက်ရောင်းနေပြီဟု ကြားရသည်။ အန္တရာယ်ကြီးလှပါတကား။

သတင်းစာဆရာ၊ စာရေးဆရာ တက္ကသိုလ်မြတ်သူ၏ ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် အရေးနှင့်အတွေး ဖြစ်၏။

စာရေးသူ ကိုယ်တွေ့ကို ထပ်လောင်းဖော်ပြရပါမည်။

“လေစား ဘိုးတော်”နှင့် “တံတွေး ဘိုးတော်” နှစ်ယောက် အကြောင်း။

လေစားဘိုးတော်မှာ မြန်မာမဟုတ်။ တရုတ်ကပြား။

မြို့ကြီးတစ်မြို့မှ တရုတ်မုန့်မျိုးစုံရောင်းသည့် လက်ဖက်ရည်ဆိုင်ရှင်။

ပေငါးဆယ်ခန့်ဖွင့် ဆိုင်ကြီးပိုင်ရှင်။

ရောင်းကောင်းသလား မမေးနှင့်။

မိုးလင်းဆိုင်ဖွင့်ချိန်က မိုးချုပ်ဆိုင်သိမ်းချိန်အထိ လူမစဲအောင် ရောင်းရသည်။

တစ်နှစ်သော တရုတ်နှစ်သစ်ကူးတွင် မာကျောက်ကစားကြရာမှ ခွက်ခွက်လန်အောင်ရှုံးပြီး ဆိုင်ကိုပါ ထိုးအပ်လိုက်ရသည့် အဖြစ်သို့ရောက်ခဲ့ရသည်။ စီးပွားရေး ပြန်လည်နာလန်မထူတော့။



စီးပွားရေး ကမောက်ကမ ဖြစ်ခဲ့ရာမှ အိမ်ထောင်ရေး အဆင်မပြေဖြစ်ပြီး ဘဝပျက်သွားသည့်နောက် ယဉ်ယဉ်လေးရူးသည့် အရူးဘဝသို့ ရောက်သွားသည်။

ထိုမှ အရူးများကို ကုပေးသည့် တွံတေးပေါင်းတော်ချုပ် ဆရာတော်ထံ ရောက်ပြီးနောက် အတော်လေး ပြန်ကောင်းလာသည်။

ပေါင်းတော်ချုပ်သို့ အဓိဋ္ဌာန်ပုတီးစိပ်သူများ၊ ရိုးရိုးပုတီးစိပ်သူများ၊ ဂိုဏ်းဂဏလုပ်ငန်းသမားများ အစဉ်မပြတ် ရောက်ရှိလာကြသည်။

အင်းဆွဲ၊ အင်းသောက်၊ ဆေးစီရင်၍ ဆေးသောက်သူများလည်း အရောက်အပေါက် များကြရာ၊ ထိုသို့သော ပုဂ္ဂိုလ်များနှင့် ရင်းနှီးပြီး သူတို့လုပ်သလို လိုက်လုပ်ရာမှ ဘိုးတော်ဖြစ်လာသည်။

ဘိုးတော်ဆိုတာက ကိုယ့်ဟာကိုယ် အမည်ပေးလို့လည်းရသည်။ ထင်ရာမြင်ရာ စိတ်ကူးပေါက်သူများကလည်း နာမည်ပေးကြသည်။

စိတ်ရောဂါ သက်သာသွားသည် ဆိုသော်လည်း လုံးလုံးပျောက်သည်မဟုတ်။

ယဉ်ယဉ်ကလေး အခြေခံတော့ ရှိနေသေးသည်။

အပေါ်ဖြူ အောက်ဖြူ ခေါင်းပေါင်းဖြူနှင့် တောင်ဝှေးတစ်ချောင်းကိုင်၊ လွယ်အိတ်တစ်လုံးလွယ်လျက် စိတ်ကူးတည့်ရာသို့ လျှောက်သွားနေသော လမ်းလျှောက်ဘိုးတော်။

သူ၏လွယ်အိတ်မှာ အရူးလွယ်အိတ် ဆိုသည့်အတိုင်း အမြဲတမ်း ဖောင်းကားနေသည်။

သူက နေကိုကြည့်၍ ခြေထောက်တစ်ဖက်ကို ရှေ့ထုတ်ရပ်ပြီး လက်တစ်ဖက်ကိုမြှောက်လျက် ပါးစပ်က အစားအသောက်ဝါးသလို လုပ်နေတတ်ရာ၊ ပါးစပ်အငြိမ်မနေတတ်သူ ကလေးများက ဘာလုပ်နေတာလဲဟု ဝိုင်းမေးကြ၏။

“ငါက လေကိုစားနေတာကွ၊ လေစားဘိုးတော်ဆိုတာ ငါပဲ” ဟု ပြန်ဖြေလိုက်၏။

အဲဒီနောက် ဘယ်သူကမေးမေး၊ သူ၏အဖြေမှာ မပြောင်းလဲတော့။ အာတွေ့သွားဟန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်သတ်လွတ်စားသည့် ဘိုးတော်။

မီးလွတ်စားသည့်ဘိုးတော်ဟူ၍ ရှိရာမှ ...

သူက လေစားဘိုးတော်ဟု တီထွင်လိုက်သောကြောင့် ပို၍ထူးခြားသွားသည်။

သူ့ကိုပိုက်ဆံပေးလျှင် အကုန်မယူ။ တစ်ဝက်ယူပြီး တစ်ဝက်ကို ပေးသူအား ပြန်ပေးလေ့ရှိသည်။

ယင်းသို့ ပြန်ပေးရာတွင် ရိုးရိုးပြန်မပေး။

သူ၏ဟန်ပန်အတိုင်း နေကိုကြည့်၍ ပါးစပ်က ပွစိပွစိလုပ်ပြီး ဖနောင့်သုံးချက် ပေါက်လိုက်၏။

ပြီးမှ ငွေပေးသူကို တချို့တစ်ဝက် ပြန်ပေးသည်။

တစ်ဖန် ငွေပေးတိုင်းလည်း ထိုသို့မဟုတ်။ လုပ်ချင်သည့်အခါ လုပ်သည်။ တချို့ကိုလည်း ဘာမှမလုပ်ဘဲ ငွေပြန်ပေးလိုက်တတ်သည်။

တကယ်တော့ ဘာရယ်ညာရယ် မဟုတ်။ သူက စိတ်ထင်သလို လုပ်ခြင်းဖြစ်၏။

လေစားဘိုးတော်ကြီးက သူထင်ရာ သူလုပ်သည်ကို လူတွေက ဤသို့ မှတ်ချက်ပြု၍ ကောက်ချက်ချကြ၏။

ဘိုးတော် ဓာတ်စီးသည်ဟု။

ပေးလိုက်သောပိုက်ဆံကို မန်းမှုတ်ပြီး ပြန်ပေး၍ ရသောပိုက်ဆံကို ဆောင်ထားလျှင် အရောင်းအဝယ်ကောင်း၍ စီးပွားဖြစ်ထွန်းသည်ဟု အယူဆွဲရှိလာကြသည်။

သည်လိုနှင့် လေစားဘိုးတော် နာမည်ကြီးလာသည်။ သူ့နောက်ကို လိုက်သူတွေလည်း ဝိုင်းဝိုင်းလည်လာသည်။

နောက်ပိုင်း သူက ထင်ရာတွေလုပ်သည်။ ထင်ရာဟောသည်။

အဲဒါကို လူတွေက ဘိုးတော် ဓာတ်စီးပြီးလုပ်သည်၊ ပြောသည်ဟု ကောက်ချက်ဆွဲကြ၏။

ကဲ ... ကောင်းပါလေရော့။

ဘယ်သူရှိုးသလဲဟု မေးရတော့မည်ပ။

နောက်တစ်ယောက်ကတော့ "တဲတွေးဘိုးတော်"။



စာရေးသူ၏"ဘိုးတော်ကင်း"တွင် သူ့အကြောင်း အပြည့်အစုံ ရေးသားပြီး ဖြစ်ပါသည်။ ယခု ထပ်မံဖော်ပြရန် အကြောင်းတိုက်ဆိုင်လာသောကြောင့် အကျဉ်းရုံး၍ ထပ်မံဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။

တဲတွေးဘိုးတော်မှာ မြန်မာဘိုးတော် မဟုတ်ပါ။ မဒရာစီလူမျိုး ကုလားဘိုးတော် ဖြစ်ပါ၏။

သူက သူ့ကိုယ်သူ ဘိုးတော်ဟု မပြောသော်လည်း သူ့ကို ယုံကြည်သူများကမူ ဘဝပြောင်းဘိုးတော်ဟု သတ်မှတ်ကြ၏။

ဘဝပြောင်းဘိုးတော် ဆိုသည်မှာ ထွက်ရပ်ပေါက်ပြီး ပုဂ္ဂိုလ်ထဲမှ တစ်စုံတစ်ဦးသောပုဂ္ဂိုလ် ဓာတ်စီး၍ ကပ်ရှားခြင်းခံရသူကို ဆိုလိုခြင်းဖြစ်၏။

သူက သူ၏အမည်နာမကို မပြောသော်လည်း သူ့ကိုယုံကြည်ဆည်းကပ်သူများကမူ "ဘိုးတော်ဆာမိ"ဟု အမည်ပေးလိုက်ကြသည်။

တော်သေးတာပေါ့ဟု ဆိုရမည်ပ။

အဲဒီအချိန်က "ဆိုင်းဘာဘာ" မြန်မာပြည်မှာ နာမည်မကြီးသေးလို့၊ လူသိမများသေးလို့သာပေါ့။

နို့မဟုတ်ရင် သူ့ကို "နဲ့ဆာမိ"လို့များ နာမည်ပေးကြလေမလားမသိ။

မြန်မာပြည်မှာ ဆိုင်းဘာဘာ နာမည်မကြီးခင်ကတည်းက တဲတွေးဘိုးတော်၊ ဘိုးတော်ဆာမိ နာမည်ကြီးနေပါပြီ။

တဲတွေးဘိုးတော် ဆာမိ၏ဥပဓိရုပ်မှာ နည်းနည်းလေးမှ ကြည့်ပျော် ရှုပျော် မရှိပါ။ အသားမည်းမည်း၊ ပိန်ခြောက်ခြောက်၊ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းလန်လန်၊ မျက်စိအနည်းငယ် စွေစောင်းသလို မျက်လုံးကြည့်ပုံ အနေအထားမှာ ဂနာမငြိမ်၊ ညိုညစ်ညစ်သက်န်းကို လက်ကန်တော့ထိုးဝတ်လေ့ရှိ၏။

ဝတ်ထားသော သင်္ကန်းမှာ သန့်သန့်ပြန့်ပြန့်မရှိ၊ ညစ်ပတ်ပေရေနေသည်။

ရေချိုးခြင်းနှင့် သင်္ကန်းကို လဲလှယ်ခြင်း ပြုခဲ့သည်။

နေတာက ပလက်ဖောင်းပေါ်မှာ။ အိပ်တာက ပလက်ဖောင်းပေါ်မှာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့လည်း ဘိုးတော်ဆာမိနှင့် သန့်ပြန့်မှုမှာ ဘယ်လိုမှ တွဲစပ်မရ ရှိနေသည်။

သူ၏လှုပ်ရှားဟန်မှာ တည်တည်ငြိမ်ငြိမ် မရှိသလို ဣန္ဒြေနှင့်လည်း မတွဲစပ်။ ဆတ်ဆတ်လူးလူး ပျာယီးပျာယာ နိုင်လှ၏။

ကွမ်းမပြတ်ဝါးသလို တံတွေးများမှာ ပါးစောင်းနှစ်ဖက် စီးကျနေစမြဲရှိ၏။ ထိုသို့ စီးကျနေသည့် ကွမ်းတံတွေးများကို သုတ်ပစ်ရိုးထုံးစံမရှိ။

ဤသည်မှာ သူ၏ထူးခြားဟန်တစ်မျိုး ဖြစ်နေသည်။

ဖက်ရှင်တစ်မျိုးဟုလည်း ဆိုနိုင်၏။

ဘိုးတော်ဆာမိကို ယုံကြည်သူများကမူ ထိုဖက်ရှင်ကိုပင် ထူးခြားသည်ဟုထင်ပြီး တစ်မျိုးတစ်မည် ယုံကြည်နေဟန်ရှိ၏။

အထက်ပုဂ္ဂိုလ်များ ကပ်ရှားလျှင်၊ ဒါမှမဟုတ် အထက်ပုဂ္ဂိုလ်များက ကိုယ်ပွားပေးထားသူဖြစ်လျှင်၊ ဒါမှမဟုတ် အထက်ပုဂ္ဂိုလ် ဓာတ်စီးနေသူဖြစ်လျှင် လူကောင်းလို နေလို့မရ။

ပေါကြောင်ကြောင်၊ ရူးနှမ်းနှမ်း၊ ဖြစ်ကတတ်ဆန်း နေသူဖြစ်အောင် လုပ်ထားသည်ဟု အစွဲအလမ်း ရှိကြ၏။

တချို့လည်း ဒဏ်ခတ်ခံရသောကြောင့် အရူးလို နေရ ထိုင်ရ၊ သွားလာလှုပ်ရှားရသည်ဟု ပြောစမှတ်စကား တွင်ရစ်လျက်ရှိသည့်အတိုင်း၊ ဘိုးတော်ဆာမိတို့လို လူမျိုးကို ဘိုးတော်ပုံ သတ်မှတ်ကြသည်။

ဘိုးတော်ဆာမိ ထူးထူးခြားခြား ပြုလုပ်တတ်သည့် လုပ်ဆောင်ချက် တစ်ခုမှာ မည်သည့်ဘာသာစကားမှ ပြောဆိုရန် ခက်ခဲဘိသော အသံထွက်စကားဖြင့် မိုးပေါ်သို့မော့၍ ပြောဆိုတတ်ခြင်းပင်။

ယနေ့ ဘိုးတော်လောကတွင် ပြောဆိုနေကြသည့် ဓာတ်စကားဆိုသော ဘာသာစကား၏ အသံထွက်မျိုးနှင့်တူသည်။

ဘိုးတော်ဆာမိမှာ ကွမ်းမပြတ်ဝါး၍ ကွမ်းတံတွေးကို တဗျစ်ဗျစ်ထွေးတတ်ရာ ဘိုးတော်ဆာမိ၏ ကွမ်းတံတွေး အထွေးခံရလျှင် လုပ်ငန်းအကြံအစည်များ အောင်မြင်၍ စီးပွားလာဘ်လာဘ ဖြစ်ထွန်းသည်ဟု အယူရှိပြီး၊ ပန်းဆိုးတန်းရှိ သူရှိတတ်သော နေရာသို့ ကားများထိုးရပ်ပြီး ကားကိုတံတွေးဖြင့်ထွေးရန် တန်းစီစောင့်ကြသည်။



ကိုယ်တိုင် တံတွေးဖြင့် အထွေးခံရန် စောင့်ကြသည်။

တချို့က သူစီးလေ့ရှိသော ဆိုက်ကားသမားနှင့်ပေါင်း၍ အလုပ်ရုံးခန်းသို့၊ ဆိုင်သို့၊ အိမ်သို့ အဝင်အထွက် လမ်းပေါက်အောင်လုပ်၍ တံတွေးထွေးခံဖို့ ကြိုးစားကြသည်။

ဘိုးတော်ဆာမိကလည်း တစ်မျိုး။

တံတွေးကို တဗျစ်ဗျစ် ထွေးသော်လည်း ထွေးပါဆိုသည့်နေရာကို မထွေး၊ ထွေးချင်မှ ထွေးသည်။

ထွေးချင်လျှင် ဘာမှမပြောဘဲ ထွေးသည်။

ဒါကြောင့်လည်း သူ၏တံတွေး တန်ဖိုးရှိနေခြင်း ဖြစ်လိမ့်မည်။

ကဲ ... ထားပါတော့။

ဘယ်သူ ရူးသလဲဟု မေးခဲ့သော် ...

ဘယ်သို့များ ဖြေလိမ့်မှာပါ။

✧ ✿ ✧

အိမ်ပြေးလေး တစ်ယောက်။

မိဘနှင့် အဆင်မပြေသဖြင့် အိမ်မှထွက်ခဲ့သည်။ ရန်ကုန်သို့ရောက်လာသည်။

မိဘနှင့် အဆင်မပြေသည်မှာ သူ၏အနေအထိုင် အပြုအမူမကောင်းသောကြောင့်ဖြစ်၏။

သူ့ကြောင့် မိဘများမှာ အကြိမ်ကြိမ် အလီလီ အရှက်တကွဲအကျိုးနည်း ဖြစ်ရသည်။ ကိုယ့်ထက် နိမ့်ပါးသူများကို မျက်နှာချိုသွေးတောက်ကျို့ ဆက်ဆံခဲ့ရသည်။ ပြဿနာအဖုံဖုံ ဖြေရှင်းရသည့်အတွက် ငွေကုန်ကြေးကျ အလွန်များခဲ့သည်။

သား.သမီးမကောင်း မိဘခေါင်း ဆိုသော စကားအတိုင်း ပြစ်တင်ကဲ့ရဲ့ခြင်းကို ခံရသည်။

သူ့ထက်အငယ်အထွေး နှမလေးနှစ်ယောက်မှာ မျက်နှာအထားပျက်ပြီး ကျောင်းမတက်ဘဲ အိမ်တွင်းအောင်းခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အပြုအမူထဲမှ အဆိုးဆုံးမှာ မူးမူးရူးရူးဖြင့် မိန်းကလေးများကို မဖွယ်မရာ ပြုမူတတ်ခြင်းပင်။

မိန်းကလေးများဟု ဆိုရာတွင် အပျိုတင်မက၊ အအိုကိုပါ မရှောင်ခဲ့။

နောက်ဆုံးတွင် ဘယ်လိုမှ ခွင့်မလွှတ်နိုင်သည့် အဆင့်သို့ ရောက်လာတော့သဖြင့် ဖခင်ဖြစ်သူက ရိုက်နှက်ဆုံးမ၍ အိမ်ပေါ်မှ နှင်ချလိုက်သည်။

အိပ်ရိပ်မနင်းရ အမိန့်နှင့်အတူ သူတို့မိသားစုနှင့် မည်သို့မှသက်ဆိုင်ခြင်း မရှိကြောင်းကို သတင်းစာမှထည့်၍ ကြော်ငြာလိုက်သည်။

တကယ်လည်း အိမ်ကိုအကပ်မခံ။

တောင်းဆိုး ပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိသည်။ သားသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဟု ဆိုစကားရှိသော်လည်း ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် အလွန်အကျွံ ဆိုးသွမ်းလာသည့် သားသမီးကိုမူ မျက်နှာလွှဲခဲပစ် လုပ်လိုက်ရသည်။

မိဘမျက်နှာကိုထောက်၍ မလွှဲသာရသူများကလည်း ဝိုင်းကြဉ်လာသည်။

သူတို့မြို့မှာ သူ့အတွက် သွားလာနေထိုင်စရာ ရှားလာသည်။ ခေါ်ပြော ဆက်ဆံရမည့်သူ နည်းလာသည်။

ဖခင်က ပြတ်သည်။ မိခင်က မပြတ်။

သားနှင့် တိတ်တဆိတ် ဆက်သွယ်ပြီး အပေးအကမ်း လုပ်နေသမို့ စားရေးအတွက် ကသီလင်တ မဖြစ်သော်လည်း နေရေးနှင့် ပေါင်းသင်းဆက်ဆံရေးအတွက် အခက်အခဲ တွေ့လာသည်။

နောက်ဆုံးတွင် မွေးဇာတိ ဌာနေကို စွန့်ခွာရန် ဆုံးဖြတ်၍ မိခင်ထံမှ ငွေကြေးတောင်းရမ်းပြီး ရန်ကုန်သို့ ထွက်ခဲ့သည်။

မိခင်ဖြစ်သူက တားမရသည့်အဆုံး ငွေကြေးသာမက ရွှေငွေရွှေစများပါ ပေးလိုက်၏။

ရန်ကုန်ရောက်တော့ မြောက်ဥက္ကလာပရှိ ဦးလေးတစ်ယောက်အိမ်မှာ တည်းခိုနေထိုင်ပြီး ယောင်ခြောက်ဆယ် လုပ်နေခဲ့သည်။



ငွေကြေးအတော်အသင့် ပါလာသမို့ ရောက်စတွင် မျက်နှာပန်းပွင့်၍ ဦးလေးနှင့်စပ်မှ တော်ရသည့် အဒေါ်ဖြစ်သူ၏ မျက်နှာသာပေးခြင်းကိုပါ ခံခဲ့ရသည်။

နေရေးထိုင်ရေး အဆင်ပြေသလို မျက်နှာစိမ်း ပတ်ဝန်းကျင်၏ ဆက်ဆံရေးမှာ သူ့အတွက် အနှောင့်အယှက် မဖြစ်ဘဲ ချောချောပြေပြေနေသည်။

မိန်းကလေးမြင်လျှင် ပါးစပ်သရမ်းချင်၊ လက်ဆော့ချင်သည့် သူ ထုံးမွေးခဲ့သော ဝါသနာများလည်း လျော့ပါးလာသည်။

မလျော့ပါး၍လည်းမဖြစ်၊ နယ်မြေစိမ်းမှာ ယခင်က အမူအကျင့်တွေလုပ်ရင် ခံကြောမိသွားမည်ကိုတော့ သူလည်း သိသည်။

ဦးလေးအိမ်ရောက်စ အတော်ကလေး လက်ဖွာခဲ့ရာ၊ ပါလာသည့် အိတ်ကလေး ဖောင်းရာမှ ပိန်လာသည်။ မကြာခင် ပြားတော့မည့် အခြေအနေသို့ ရောက်တော့မည်မို့ ဝင်ငွေရလမ်းအတွက် အလုပ်အကိုင် ရှာဖွေခဲ့ရသည်။

အဆင်မပြေ။

ရသည့်အလုပ်ကျပြန်တော့ ပင်ပန်း၍ မလုပ်နိုင်။

လက်မဖွာနိုင်တော့ အဒေါ်ဖြစ်သူ၏ အငြူအစူကို ခံလာရသည်။ စောင်းပြောသည်။ တည့်တည့်ပြောသည်။

နောက်ဆုံးအဆင့် ပြောင်ပြောင်တင်းတင်း အိမ်ပေါ်မှ နှင်ချခြင်းကို ခံလိုက်ရသည်။

ဦးလေးဖြစ်သူကလည်း မသိကျိုးကျွန် မျက်နှာလွှဲနေသဖြင့် အိမ်ပေါ်မှ ဆင်းရုံမှအပ အခြားမရှိသောကြောင့် ဆင်းခဲ့ရသည်။

မြောက်ဥက္ကလာပရောက်မှ အသိအကျွမ်း ဖြစ်ခဲ့သူ အပေါင်းအသင်းတစ်ယောက်၏ အကူအညီဖြင့် ဘုန်းကြီးကျောင်းသို့ ရောက်သွားသည်။

အဲဒီကျောင်းမှာ ကျောင်းထိုင်ဘုန်းကြီး၏ ညီဖြစ်သူက မဟိဒ္ဓိစေဂိုဏ်းမှ ကိုးဆင့်တက် ဆရာ။ ဗေဒင်လည်း တတ်သည်။ အပြောအဟောလည်း အာဝဇ္ဇန်းရွှင်သည်။

အင်းအိုင်လက်ဖွဲ့၊ ဘာညာ ဘာညာ ကိစ္စတွေ လုပ်သလို ပယောဂလည်း ကုသည်။

နာမည်က ဆရာတောက်ထိန်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတောက်ထိန်ထံသို့ ပရိသတ် အသွားအလာ အဝင်အထွက်များသည့်အလျောက် ကျောင်းမှာလည်း ဆွမ်း ကွမ်းပေါသည်။

သူက ဆရာတောက်ထိန်နှင့် ပန်တင့်သွားရာမှ လက်စွဲတော်တပည့်အဖြစ် ခံယူပြီး စားသာသလို၊ နေသာသလို စားနေလိုက်သည်။

နောက်တော့ ဘုရားပေါ်မှာ ပုတီးတက်စိပ်သည်။ အခြားသော ပုတီးစိပ်ဖက်များနှင့် မျက်မှန်းတန်းမိလာသည်။

တန်ဆောင်းတွင် အတူပုတီးစိပ်သူများ၊ သူ့အပေါ် စိတ်ဝင်စားလာပြီကို ခန့်မှန်းတွက်ချက်လို့ ရပြီးသည့်နောက် သူက မသိမသာ အကွက်ဖော်လိုက်သည်။ ပုတီးစိပ်နေရင်းမှ ...

"ဒတ်ခနီးက ဒတ်ခရော၊ ရဒေါက်ရော ယောရော၊ ဗုဒ္ဓ ခရက်ိနန်း၊ ပန်ဒရီး ရှရီး ရှရှား၊ ရှဝေါ၊ ရောဘရောမော၊ ရှန်ပရန်ရော၊ ဝရောကီရီ၊ ဒရီ ဒရန် ဒရော၊ ဝရော၊ ဝရော၊ ဝရီ၊ ဝရီ"

အသံမျိုးထွက်သည့် စကားအထူးအဆန်းများကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံဖြင့် ပါးစပ်ကရွတ်ခဲ့သည်။

ထိုသို့သော အသံထွက်များကို ရွတ်ဆိုရာတွင် မြန်မာအသံထွက်မျိုးဖြင့် မရွတ်ဆိုရဘဲ ကုလားအသံထွက် လျှာလိပ်သံဖြင့် ရွတ်ဆိုရသည်။

ဖြည်းဖြည်းချင်း မရွတ်ရ၊ ပီပီသသ မရွတ်ရ။ အသံထွက်အမြန်ဆုံးနှုန်းဖြင့် ရွတ်ရသည်။

နားထောင်သူက မည်သည့်ဘာသာစကားဟု မခန့်မှန်းနိုင်ရာဘဲ အဓိပ္ပာယ် မပေါ်လွင်အောင် ဒရောတွေ၊ ဒရီတွေ၊ ဒနောတွေ၊ ဒနီတွေ၊ ဘရောတွေ၊ အရီတွေ များများပါအောင် ရွတ်ရသည်။

ဒါမှ လျှာလိပ်သံထွက်သည်။

ဤသည်ကို ဓာတ်စကားဟု ပြောကြသည်။

သူက နေ့တိုင်းမရွတ်၊ သုံးလေးရက်တစ်ခါ၊ တစ်ပတ်နှစ်ခါလောက်ပဲ ရွတ်သည်။

သူက ရွတ်ပြီးလျှင် သူရွတ်သည်ကို သူ မသိလိုက်သည့်ပုံစံမျိုးဖြင့် ဘာမှမဖြစ်ဘိသို့ ဟန်ပန်ထင်စေပြီး၊ ရိုးရိုးပုတီးစိပ်သည့် နေ့များလိုပင် ထပြန်ခဲ့သည်။



ခုတော့ စားရေး၊ နေရေး မပူရသမို့ ဆရာတောက်ထိန်နှင့် အတူနေ၍ ဆရာ့ခွင့်ပြုချက် ရယူပြီး နေ့စဉ် ဘုရားပေါ်တက်ခဲ့သည်။

သုံးလကျော်လောက်ကြာတော့ မူလပုတီးစိပ်သည့် တန်ဆောင်းသို့ အရောင်ပြပြီး မသိမသာလေး နေရာပြောင်းကြည့်သည်။

စိတ်ဝင်စားသူ လေးငါးယောက် ပါလာသည်။

တစ်ပတ်မှာ သုံးလေးရက်လောက် နေရာပြောင်းကြည့်သည်။

ထိုလေးငါးယောက်မှာ ပါမြဲပါလာကြသည်။ တစ်ခါတစ်ရံ ခုနစ်ယောက်၊ ရှစ်ယောက်အထိပင် ပါလာ၏။

ဤတွင် လုပ်ငန်းစလိုက်သည်။

ဆရာတောက်ထိန် သင်ပေးထားသည့် အင်းလေးငါးမျိုးကို ရေးဆွဲပြီ အလိပ်ကျစ်၊ ချစ်ကလေးများလိပ်၍ ဘယ်ဘက်လက်ကြားတွင် ညှပ်ထားလိုက်၏။ တချို့ကို လုံချည်ကြား၌ ညှပ်ထား၏။

မျက်မှန်းတန်းမိနေသော သူ့အပေါ် စိတ်ဝင်စားနေသော ပရိသတ် လေးငါးယောက်မှာ သူ့အနားတွင် ရှိနေသည်။

သူက ဒူးတစ်လုံးထောင်၊ ဒူးတစ်ဖက်ကိုချ၍ မျက်နှာကြောတင်းတင်းကြီးလုပ်ပြီး အကြည့်ပုံစံ ပြောင်းလိုက်သည်။

မျက်မှောင်ကုတ်ထား၏။

အသက်ကြီးသည့် အဘိုးကြီးများ စကားပြောသည့်ဟန် လေးလေးပင်ပင် တုန်တုန်ယင်ယင် အသံမျိုးပြောင်း၍ ပြောနေကျ "ဝရူး၊ ဝရီ၊ ဂရူး ဂရီ"တွေ ပြောပြီး အပေါ်ကို မော့ကြည့်လိုက်၊ လက်ညှိုးထောင်လိုက် လုပ်နေသည်။

သူ့ကို စိတ်ဝင်စားပြီး **သူလုပ်သမျှအပေါ်** အာရုံစိုက်နေသူများမှာ သူ၏ခေါင်း အပေါ်မော့သွားရင် **သူတို့ခေါင်း**များလည်း မော့သွားသည်။ သူ၏ခေါင်းက ညာဘက်ဆိုရင် သူတို့လည်း ညာဘက်၊ ဘယ်ဘက်ဆိုရင် သူတို့လည်း ဘယ်ဘက်သို့ လိုက်ပါအရွေ့အပြောင်း လုပ်နေကြသည်။

အဲဒီလို အပေါ်မော့၊ အောက်ငုံ့၊ ဟိုစောင်း သည်ရွှေ့ လုပ်နေချိန်တွင် ဘယ်ဘက်လက်မနှင့် ညှပ်ထားသော အင်းလိပ်ကလေးမှာ ညာဘက်လက်ထဲသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ ညာဘက်လက် အပေါ်သို့ ရောက်သွားသည်။ လက်ပြန်အချတွင် နီးရာလူတစ်ယောက်ကို လှမ်းပေးလိုက်သည်။

အင်းလိပ်ကလေး။

ထိုနည်းဖြင့် အပေါ်မြောက်သွားသည့်လက်ဖြင့် ငွေရောင်ဆေးလုံးလေးများ၊ လက်တစ်ဆစ်လောက် သစ်စလေးများ၊ မတ်စေ့၊ ငါးမူးစေ့ အသစ်စက်စက်များ ပေးစေခဲ့သည်။

လိုချင်သူများမှာ တိုးမပေါက်။

ရလိုက်သည့် ငွေကလည်း သောက်သောက်လဲ။

သူ့ရဲ့ဘိုးတော်အမည်ကလည်း ခပ်ဆန်းဆန်း။

"ပကိရှော ဘိုးတော်"

"ဘိုးတော် ပကိရှော"

တချို့ကလည်း ချင်းဘိုးတော်ဟု ပြောကြသည်။ တချို့က ကချင်ဘိုးတော်။ တချို့က ရှမ်းဘိုးတော်။ တချို့က ကဒူးကဏန်းဘိုးတော် စသည် စသည်ဖြင့် စိတ်ထဲထင်သလို ပြောကြသည်။

တစ်ချိန်က ရွှေတိဂုံဘုရားပေါ်မှာ ဘိုးတော်ပကိရှော အတော်လေး ခေတ်စားလိုက်သေးသပေါ့။

ဘာအစွမ်း၊ ညာအစွမ်း ထား။

နာမည်ဆန်းလို့ သွားကြည့်တဲ့လူတောင် နည်းမှမနည်းဘဲဟာ။

ကဲ ... ဘယ်သူရှုးသလဲလို့များ မေးခဲ့သော် ...

ပသို့ ဖြေကြလိမ့်မှာပ။

✧ ✿ ✧

(တစ်ဆယ်)

## ကိုကြီးစည်ရာလုပ်မှ လုပ်တတ်ကြပလေ

မြန်မာလူမျိုးတို့၏ အသိအမှတ်ပြုခံ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများရှိခဲ့၏။

ဂန္ဓာရီ ဝိဇ္ဇာပညာဖြင့် ထွက်ရပ်ပေါက်ခဲ့သော ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ၊ ဘားမဲ့၊ ဘားတမော့ ဆရာတော်ကြီးများနှင့် ဘိုးဘိုးအောင်။

နှောင်းပိုင်းခေတ်တွင် ဘိုးတော်အေး၊ ဘိုးတော်ပြူ၊ ယက္ကန်းစင်တောင် ဆရာတော်၊ ဘိုးမင်းခေါင် စသူများမှာ လူသိများ၍ ထင်ရှားကျော်ကြားခဲ့၏။

ထိုမှ နောက်ပိုင်းတွင်မူ တကယ်ထင်ရှား ကျော်ကြားသူဟူ၍ မပေါ်ထွန်းခဲ့။

သို့စေကာမူ အမည်ခံ ဘိုးတော်တွေ အနန္တကမ ရှိလာသည်။ ရှိနေသည်။

သို့ပါလျက် ရေခြားမြေခြား နိုင်ငံခြားမှ ဘိုးတော်တစ်ယောက်ကို ဆည်းကပ်ကိုးကွယ်သူ စာရင်းတွင် ထပ်မံဖြည့်စွက်လိုက်ပြန်၏။

ထိုဘိုးတော်၏ အမည်မှာ "ဆိုင်းဘာဘာ"။

ကုလားပြည်တွင် နာမည်ကျော်ကြားနေသည်မှာ ကြာပြီ။ နာမည်ကျော်ကြားရသော အကြောင်းဇာစ်မြစ်မှာ ကျင့်ကြံအားထုတ်မှုကြောင့်ထက် လိုရာတောင်းသည်ကို လက်မြှောက်ပြီး ရယူပေးနိုင်သောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါက စာအုပ်ထဲမှာပါတာ။

လက်တွေ့ တွေ့ဖူးသူတော့ မြန်မာပြည်မှာ တစ်ယောက်မှမရှိသေးပါ။

အိန္ဒိယပြည်မှာ နှစ်ပေါင်းသုံးလေးဆယ်မျှ လူသူမနီး တောကြီး၊ တောင်ကြီး၊ ဂူကြီးထဲမှာ တစ်ကိုယ်တည်း ကျင့်ကြံအားထုတ်နေသော ဆာဒူးကြီးများ ရှိသည်။

ဆာဒူးကြီးများမှာ ဂန္ဓာရီဝိဇ္ဇာပညာလမ်းကို သူတို့နည်း သူတို့ဟန်ဖြင့် စခန်းဖွင့်၍ ကျင့်ကြံအားထုတ်နေသူများ ဖြစ်ကြ၏။

ထွန်းပေါက်နေသော ပုဂ္ဂိုလ်များလည်း ရှိကြ၏။

သို့တစေ ထိုပုဂ္ဂိုလ်ကြီးများကို လူတွေမသိကြ။ ထိုပုဂ္ဂိုလ်ကြီးများကလည်း ကိလေသာ အညစ်အကြေး ပြွမ်းတီးရာကို ဝေးဝေးက ရှောင်ကြသည်။

ဟိုဟာယူပေး၊ သည်ဟာယူပြ၊ အတ်ချလောင်းကိစ္စများကို လုံးဝမလုပ်ကြ။

ထိုသည်များမှာ ဂန္ဓာရီဝိဇ္ဇာပညာနှင့် လုံးဝမသက်ဆိုင်။

ဆိုင်းဘာဘာကတော့ လူတွေကြားထဲမှာ နေထိုင်သည်။ ထူးဆန်းထွေတလာတွေ ပြသည်။ အပေးအယူ လုပ်သည်။ ရာဇဝင်ဇာတ်ကားထဲက ကုလားမင်းသားများလိုဝတ်ပြီး သတ္တဝါများ ကယ်တင်ရေးကို အထူးပြုသည် ဆိုသောကြောင့် နာမည်ကြီးလာသည်။

သူ့အကြောင်း စာအုပ်ထွက်လာတော့ ဘိုးတော်လောကနှင့် အမစ,ခံသမားတို့ နယ်ပယ်တွင် တုန်ဟည်းသွားသည်။

အိန္ဒိယတွင် ထင်ရှားကျော်ကြားသော "မဟာရိရှိ"ဆိုသည့် ပုဂ္ဂိုလ်ကြီး ရှိခဲ့ဖူးသည်။

အတ္တဝါဒီ ဗြဟ္မဏအနွယ်ဝင်တစ်ဦးဖြစ်၏။

မီးနတ်ကို အမြဲပူဇော်ပသ၏။

မီးနတ်ပူဇော်ရာတွင် ရာသက်ပန် မီးမငြိမ်းစေရ။

ဗြဟ္မဏတို့ အယူတွင် ရည်စူး၍ ထွန်းညှိထားသောမီး ရှိနေသမျှ မီးနတ်လည်း ကပ်ရှားနေသည်ဟု ယုံကြည်ကြသည်။



မီးနတ်ကို ပူဇော်ပသပြီးမှ ကျင့်ကြံအားထုတ်မှုကို လုပ်ရသည်။

မီးနတ်၏ဝိညာဉ်မှာ မီးမပြတ်ပူဇော်သူ၏ ရုပ်ခန္ဓာတွင် အမြဲထာဝရ ကပ်ရှားနေသောကြောင့် တန်ခိုးဣဒ္ဓိပါဒ် အမျိုးမျိုးကိုလည်း ရရှိသည်ဟု ယုံကြည်ကြလေသည်။

ဗြဟ္မဏတန်ခိုးရှင် မဟာရိရှိ ကွယ်လွန်သွားသောအခါ ရုပ်ခန္ဓာကြီးမှာ နိယာမသဘောအတိုင်း ပုပ်သိုးပျက်စီးသွားသော်လည်း ဝိညာဉ်မှာ ရှင်သန်လျက် လိုရာသို့ လှည့်လည်ကျက်စားနိုင်သည်ဟု အယူအဆရှိပြန်သည်။

ထို့ကြောင့် အသစ်တစ်ဖန် ရှင်သန်လာသော မဟာရိရှိ၏ဝိညာဉ်က ဆိုင်းဘာဘာ၏ရုပ်ခန္ဓာထဲသို့ ဝင်ရောက် ကပ်ရှားနေသောကြောင့် ဆိုင်းဘာဘာမှာ တန်ခိုးဣဒ္ဓိပါဒ်အမျိုးမျိုး ပြီးမြောက်သည်ဟု အဆိုရှိ၏။

မဟာရိရှိက မီးနတ်ကို ကိုးကွယ်ခဲ့သောကြောင့် မီးနတ်က အစဉ်မပြတ်ပေးနေသော လိုတရပြာများကို ဆိုင်းဘာဘာက ဖြန့်ဝေပေးနေသည်။

ထိုပြာကို အဆောင်အဖြစ် ရသူများမှာ စီးပွားရေးလုပ်ငန်းကိုင်ငန်း အဆင်ပြေသည်။ ရာရူးရာခံ တိုးတက်မြင့်မားသည်။ ကျန်းမာရေးကောင်းသည်။ ဘာမဆို အဆင်ပြေသည်ဟု အဆိုရှိ၏။

ဒါကြောင့်လည်း ဆိုင်း၏လိုတရ"ပြာ"နာမည် အလွန်ကြီးပြီး လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေခြင်း ဖြစ်ပါလိမ့်မည်။

ထားဘိတော့။

ဒါက ခြေဆင်းကလေးပါ။ တကယ်ပြောချင်တာက မြန်မာပြည်သားများ ပြုလုပ်သည့် ဆိုင်းဘာဘာ ပင့်ပွဲအကြောင်းပါ။

ဆိုင်းဘာဘာ စာအုပ်ကြော်ငြာ သတင်းစာတွင် ပါလာစဉ်က ကြော်ငြာကို ဖတ်မိသူ အတော်များများမှာ သို့လော သို့လော ဖြစ်ကြရသည်။

ကြော်ငြာက ရက်ခြား၊ ရက်ဆက်ဆိုသလို ပါလာသည့်အပြင် စာအုပ်အမည်ကလည်း ခပ်ဆန်းဆန်း။

"ဆိုင်းဘာဘာ"

သို့လော၊ သို့လော တွေးတောစရာ ဖြစ်ရသည်။

မြန်မာ့ဆိုင်းလောကမှာ "ဆိုင်း စိန်ဗိုလ်တင့်"၊ "ဆိုင်း စိန်စတင်း" တို့ နာမည်ကြီးနေသည့် အချိန်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘာဘာ ဆိုတော့ စိန်မိုလ်တင့်တို့၊ စိန်စတင်းတို့နှင့် အပြိုင် ဆိုင်းစရာတစ်ယောက် ပေါ်လာပြီ။

လူတွေ စိတ်ဝင်စားအောင် နာမည်အဆန်းထွင်ပြီး ကြော်ငြာလိုက်ခြင်းပဲ ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။

မှန်းချက်နှင့် နမ်းထွက် လွဲသွားသည်။

အားပါး ... ဇာစ်မြစ်ကို သိလိုက်တော့မှ အံ့ဩတကြီး ဖြစ်သွားရသည်။ နည်းနည်းနောနော ပုဂ္ဂိုလ်ကြီး မဟုတ်ပါလား။

နာမည်ထိပ်က "ဆိုင်း"ပါလို့ ဝိုင်းတော်တီး ထင်လိုက်မိတာကြောင့် ပြောမှား ဆိုမှား ရှိရင် ခွင့်လွှတ်ပါလို့ ဘာဘာကြီးကို လှမ်း၍ တိုးလျှိုးတောင်းပန်လိုက်ရတော့၏။

တပည့်သားမြေး အမိုက်အမဲကို ခွင့်လွှတ်ပါဟု။

ဆိုင်းဘာဘာပင့်ပွဲ။

အတော်လေး ကျယ်ဝန်းသည့် တိုက်တစ်တိုက်၏ အပေါ်ထပ်တွင် ...

ရောက်ရှိနေကြသူများမှာ ခန်းကြီးနှင့်အပြည့်။

ရောက်ရှိနေကြသူများ၏ ဝတ်စားဆင်ယင်မှုနှင့် သွင်ပြင်ပုံသဏ္ဌာန်များကို ကြည့်ရုံဖြင့် လူလတ်တန်းစား အဆင့်ထက် ကျော်လွန်သူများဖြစ်ကြောင်း သိသာထင်ရှားသည်။

စိန်ရောင်၊ ရွှေရောင် တဝင်းဝင်းနှင့် အမျိုးသမီးကြီးငယ်များမှာ ထုံးစံအတိုင်း ရှေ့ဆုံးမှ နေရာယူထားသည်။

သူ ဘယ်သူဘယ်ဝါ၊ ကိုယ် ဘယ်သူဘယ်ဝါဟု သိကြပေမယ့် ရှေ့မျက်နှာ နောက်မထားတော့ဘဲ ခပ်တည်တည်ပင် မျက်နှာပြောင်ဖြင့် မျက်နှာချင်းဆိုင်ကြသည်။

ရွှေမမ၊ စိန်မမတို့လည်း ထို့အတူပင်။

လူက များသလား မပြောနဲ့၊ နောက်ကျ ရောက်လာသူများမှာ နေရာမရတော့သဖြင့် ဝမ်းနည်းပက်လက် မျက်နှာထားများဖြင့် အောက်ထပ်တွင်ဆင်းပြီး ထိုင်နေကြရသည်။

သူတို့၏ လည်တိုင်များမှာ အပေါ်ထပ်ဆီသို့ တမော့မော့။



အခမ်းအနား ပြင်ဆင်ထားပုံမှာ ထည်ဝါခံ့ညားလွန်းပါဘိဟု ဆိုရမည်သို့။

လူတစ်ရပ်နီးပါး ဆိုင်းဘာဘာ၏ ပုံတူရေဆေးပန်းချီကားချပ်ကြီးမှာ လက်ရာမြောက်လှ၏။

ဘောင်ဘောင်ကို လက်တစ်ဝါးခန့် ရွှေလိုင်းကြီးများဖြင့် ဘောင်ကွပ်ပေးထားသောကြောင့် ဘောင်အတွင်းမှ ရောင်စုံပုံကြီးမှာ ကြွတက်နေသည်။

ဖွေးဖွေးဖြူဖြူ စံပယ်ပန်းများမှာ ပန်းတွေနှင့်ဝေဟု ဆိုရမည်သို့ ဝေဝေဆာဆာ ရှိနေသည်။

ပုံတူပန်းချီကားချပ်ကြီးထဲမှ ဆိုင်းဘာဘာ၏ ဟန်ပန်မှာ စိတ်ဝင်စားစရာ ရှိနေသလို၊ ရောက်ရှိနေကြသော ပရိသတ်ကြီး၏ မျက်စိအစုံပေါင်းများစွာကို သိမ်းကျုံးဆွဲငင်ထားဘိသို့ ရှိနေပါချေ၏။

အစုံပေါင်းများစွာသော မျက်လုံးများမှာလည်း ပုံတူပန်းချီကားချပ်ကြီးဆီသို့ စူးစူးထင်ထင်ကြီး ရောက်ရှိနေကြသည်။

ပရိသတ်ကြီး၏ မျက်နှာပေါ်တွင် ဟဒယနှလုံး ရွှင်ပြုံး၍ ပီတိဝေဖြာသော အရိပ်အယောင်များ ထင်းပပေါ်လွှင်နေသည်။

ပုံတူပန်းချီကားချပ်ကြီးရှေ့တွင် အမြင့်တစ်ထွာခန့်ရှိ ခုံတန်းရှည်လေးရှိသည်။

ခုံတန်းကို အိညက်ဖြူဖွေးသော အဝတ်စအဖြူဖြင့်ခင်း၍ ခုံ၏ ရှေ့ပိုင်းကို လှိုင်းတွန့်လေးများ ပုံဖော်ပေးထားသည်။

ထိုင်ခုံတန်းပေါ်တွင် အထပ်ထပ် အဖန်ဖန် တိုက်ချွတ်ထားသော ဝင်းဝင်းလက်လက် ကြေးလင်ပန်းငါးခုကို တန်းစီချထား၏။

ကြေးလင်ပန်းများထဲ၌ ဝါဝါဝင်းဝင်း အလုံးလှလှ ထောပတ်ငှက်ပျောသီးများ၊ ဖြူဖြူဖွေးဖွေး အုန်းသီးစိတ်ကလေးများ၊ မလိုင်ခဲများနှင့် ကုလားမုန့်မျိုးစုံကို လှလှပပ ပြင်ဆင်၍ ထည့်ထားသည်။

အမွှေးတိုင်များကို ငှက်ပျောသီးများပေါ်၌ စိုက်ထား၏။

မီးခိုးတန်းကလေးများ ပရိသတ်ဘက်သို့ ဝေ့လာတိုင်း မွှေးရနံ့လှိုင်ကြွယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ဆို မွေးရန့်မှာ သင်းသင်းပျံ့ပျံ့လေး မဟုတ်။ စူးစူးဝါးဝါး ပြင်းသည်။

မြန်မာလူမျိုးများ အသုံးပြုလေ့ရှိသော ဖယောင်းတိုင်များအစား ကြေးကတော့ ခွက်ကလေးများဖြင့် ဆီမီးများ ထွန်းညှိထား၏။

ဆီမီးတောက်လေးများမှာ တဖျပ်ဖျပ် လှုပ်နေသည်။

ထူးခြားသည့် မြင်ကွင်းမှာ မြန်မာ့ဓလေ့ထုံးစံအရ ပြင်ဆင်လေ့ရှိသော အုန်းပွဲ၊ ငှက်ပျောပွဲ အပြင်အဆင်မျိုး မဟုတ်ဘဲ၊ ချစ်တီးဘုရားရှိခိုးကျောင်းများတွင် ပြင်ဆင်ထားလေ့ရှိသော ပြင်ဆင်ပုံမျိုးအတိုင်း တုပပြင်ဆင်ထားသည်။

ဟုတ်ပ။

ထိုအတိုင်း ပြင်ဆင်ထားသည်မှာ သဘာဝကျသည်ဟု ဆိုရပါမည်။

ရည်စူးသည့်ပုဂ္ဂိုလ်က ဆိုင်းဘာဘာ။

အဲဒီတော့လည်း လိုက်လျောညီထွေသည့် အပြင်အဆင် လုပ်ရလိမ့်မည်သာပါ။

ဆိုင်းဘာဘာ ပင့်ပွဲသို့ ရောက်လာသူများမှာလည်း သူတို့၏ ဓလေ့ထုံးစံအတိုင်း လုပ်ကြရသည်။

ရောက်လာသည်နှင့် ဆိုင်းဘာဘာ ပုံတူကားချပ်ကြီးရှေ့ရှိ ကြေးခွက်ကလေးထဲမှ ပြာဖြူဖြူမွှေးမွှေးကို လက်သုံးချောင်းဖြင့်ယူ၍ နဖူးပြင်ပေါ်သို့ သုတ်လိမ်းကြရသည်။

ပရိသတ်၏နဖူးပြင်ပေါ်မှာ ပြာတန်းလေးတွ ထင်လို့သာပ။

ဒါတင်လားဆိုတော့ မဟုတ်သေးပါ။

အပ္ပနားဘိုးတော် ပန်းချီကားချပ်ကြီး၏ ညာဘက်ထောင့်တွင် အပေါ်အောက် ဆွတ်ဆွတ်ဖြူ ဒိုတီဝတ်ထားသော အပ္ပနားလေးတစ်ယောက် ထိုင်နေသည်။

သူ့ပေါင်ပေါ်မှာ ကုလားလက်ဆွဲဘာဂျာကလေးတင်လို့။

ဆိုင်းဘာဘာပင့်ပွဲကို ဦးစီးလုပ်သူ ခါတော်မီဆရာကြီးကလည်း ပိတ်ဖြူဝတ်စုံနှင့်။



ဒိုတီတော့ မဝတ်ပါ။ ရိုးရိုးဝတ်စုံဖြူ ဝတ်ထား၏။

ပင့်ပွဲ စပါပြီ။

ရှေ့ဆုံးတွင် ထိုင်နေသော ပုဂ္ဂိုလ်တစ်ယောက်က မတ်တတ်ရပ်လျက် ပရိသတ်ဘက်သို့ မျက်နှာမူ၍ ဤသို့ နှုတ်ဖွင့်စကား ဆိုလိုက်၏။

"ကြွရောက်လာတဲ့ ဓမ္မမိတ်ဆွေများခင်ဗျား ... သဗ္ဗဝါတို့၏ ကယ်တင်ရှင် ထွတ်မြတ်ထိပ်ခေါင် ဘိုးတော် ဘာဘာကြီးကို ပင့်ပါတော့မယ်၊ အားလုံးသော ဓမ္မမိတ်ဆွေများ တည်ကြည်သော စိတ်ထားဖြင့် အာရုံပြုကြပါ ခင်ဗျား"

"ချွင်၊ ချွင်၊ ချပ် ...

ချွင်၊ ချွင်၊ ချပ် ...

ချွင်၊ ချွင်၊ ချပ် ..."

လက်ဆွဲဘာဂျာနှင့် ထိုင်နေသည့် ကုလားကလေးထံမှ လင်းကွင်းအသေးစားလေးဖြင့် နှစ်ချက်ဖွင့်၊ တစ်ချက်ပိတ် တီးသည့်အသံ ထွက်လာသည်။

ခါတော်မီ ဆရာကြီးထံမှလည်း အသံထွက်လာသည်။

မြန်မာလို အသံထွက်ဖြင့် မဟုတ်ပါ။

ပုဏ္ဏားတွေ ဒကားပြောသည့် "ဗုး၁.ဟိန်ဒရိ၊ မာတိန်ဒရိ" အသံမျိုး ထွက်လာ၏။

ဘယ်တုန်းက ဘယ်လိုလေ့ကျင့်ထားလိုက်သည် မသိ။ ဟိန္ဒူကုလားကြီးတစ်ယောက်၏ လေသံနှင့် တစ်ထပ်တည်း။

အဓိပ္ပာယ်နားမလည်စေကာမူ နားထောင်လို့ ကောင်းသလိုလိုတော့ ရှိပါ၏။

သူကိုယ်တိုင်ပင်လျှင် ဘာတွေ ရွတ်ဖတ်သရဇ္ဈာယ်နေသည်ကို အဓိပ္ပာယ်သိကောင်းမှ သိပါလိမ့်မည်။

"ဥုံ"သံလည်းမကျ၊ "ခြောင်း"သံလည်းမကျသော ဟိန်းလိုက်သည့် အသံတစ်မျိုးမှာ ငြိမ်သက်နေသော ပရိသတ်ကို အထိတ်တလန့် ဖြစ်စေသော်လည်း အနည်းငယ် တုန်လှုပ်သွားစေသည်ဟုတော့ ဆိုနိုင်၏။

မြန်မာအသံထွက် "ဥုံ"။

www.burmeseclassic.com

www.burmeseclassic.com



ကုလားအသံထွက်က "ဩြောင်း"(အောင်း)။

"အောင်း"ဆိုသည်မှာ ကုလား့လို "လာ ... လာခဲ့ ... လာလော့"ဟူ၍ အဓိပ္ပာယ်ရ၏။

"ဥ"လည်းမကျ "အောင်း"လည်းမကျသော "အွန်း"သံမှာ ကြွလာပါတော့ဟု ပင့်ဖိတ်လိုက်သံများ ဖြစ်လေမလား။

ဒါမှမဟုတ် တီထွင်မှုတစ်မျိုးလေပဲလား။

ဒါကိုတော့ ခါတော်မီဆရာကြီးမှပဲ သိမည်။

ထိုမှနောက် ရွတ်ဖတ်သံမှာ မြန်လာ၊ သွက်လာသည်။

လက်နှစ်ဖက် အပေါ်သို့ မြှောက်ထားသည့် ခါတော်မီဆရာကြီး၏ ဝဖိုင့်သောကိုယ်လုံးမှာ လှုပ်လီလှုပ်လဲ့လေး ဖြစ်လာသည်။

ကိုယ်လုံးလှုပ်ပုံမှာ နတ်ဝင်သည်များလို သိသိသာသာ ခါခါယမ်းယမ်း မရှိ။ ပျော့သွယ်သည်၊ ညင်သာသည်၊ ငြိမ်သက်သည်၊ လှုပ်သည်ဆိုရုံမျှ ယဉ်ယဉ်ကြော့ကြော့လေး လှုပ်နေခြင်းဖြစ်၏။

နဂိုကတည်းက အချိန်းအချက် လုပ်ထားသည် ထင်မှ။

ခါတော်မီဆရာကြီး၏ ကိုယ်လုံးလှုပ်သည်နှင့် ကုလားကလေး၏ လက်ဆွဲဘာဂျာသံလည်း ထွက်လာသည်။

တီးလုံး တီးကွက်မှာ သွဲ့ပျောင်းနွဲ့နှောင်းသည်။ တီးလုံးအတွဲများမှာ မမြိုင်ဆိုင် လေးသည်၊ နှေးသည်။

ငြိမ့်ငြိမ့်သက်သက် လှုပ်နေသည့်ကိုယ်လုံး ငြိမ်သက်သွားသည်နှင့် ဘာဂျာသံလည်း ရပ်သွားသည်။

ခါတော်မီဆရာကြီး မတ်တတ် ထလိုက်ပါပြီ။

ပရိသတ်၏မျက်လုံးအစုံမှာ သူ့ထံသို့ စူးရောက်နေ၏။

သူ ဘာလုပ်မှာပါလိမ့်။

ဆိုင်းဘာဘာ ရပ်ပုံရှေ့ရှိ ကြေးလင်ပန်းထဲမှ ကြေးခွက်ကိုယူ၍ လက်ဝါးပေါ်တင်ပြီး ဆိုင်းဘာဘာ ရုပ်ပုံဆီသို့ လက်ကိုဆန့်ထုတ်လိုက်၊ ပြန်ရုပ်လိုက် လေးငါးကြိမ် လုပ်ပြီးနောက် လက်ကိုအပေါ်သို့ မြှောက်လိုက်၏။

ကြေးခွက်ကလေးမှာ လက်ဝါးပေါ်တွင် တင်လျက်သားရှိနေသည်။



ပထမထွက်လာသည့် အသံမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ရွတ်ဆိုသံဖြစ်၏။

မြန်မာလူမျိုးများ ရွတ်ဖတ်လေ့ရှိသော အသံမျိုးနှင့်တော့မတူ။

"ဘွတ်ချန်၊ ကျုရနန်၊ ဂစ်ချာမိ"အသံ ထွက်လာသည်။

လေးလေးပင်ပင် ဟန်ပါပါ ရွတ်ဆိုလိုက်ခြင်းဖြစ်၏။

ပြီးတော့မှ "ရှရီဘာဘာကြီး"ဟု သုံးခါအော်လိုက်သည်။

ထိုမှနောက် ရှေ့တန်းရှိ ပရိသတ်များထံမှ "ရှရီဘာဘာကြီး" အသံများ သံယောင်လိုက်ထွက်လာသည်။

အခန်းကြီး တစ်ခုလုံးတွင် "ရှရီဘာဘာကြီး"တမ်းတသံများ လွှမ်းမိုးသွားတော့၏။

ကုလားကလေး၏ လက်ဆွဲဘာဂျာကလည်း "ရှရီဘာဘာကြီး" ဆိုသည့် အသံကို မရပ်မနား ဆွဲပေးနေသည်။

ခါတော်မီ ဆရာကြီးအသံ ရပ်သွားသည်နှင့် နောက်လိုက်အသံများလည်း ရပ်သွားသည်။

ဆရာကြီးက သူ၏လက်ထဲရှိ ကြေးခွက်ထဲမှ ပြာများကို နှိုက်ယူလျက် တစ်ဦးစီ ဝေငှပေးခဲ့ရာ၊ ပြာရသူများက ပြာကို ပါးစပ်ထဲထည့်၍ မျိုချလိုက်ကြ၏။ လက်တွင်ကပ်နေသောပြာကို ငယ်ထိပ်ပေါ်သို့ ပွတ်သပ်လိုက်ကြသည်။

ဆိုင်းဘာဘာစာအုပ်ထဲကအတိုင်း ဆိုပါမူ ဆိုင်ဘာဘာက မိုးပေါ်လက်ဝါးမြှောက်လိုက်လျှင် ပြာတွေ့ရသည်။ ထိုပြာများကို ဝေပေးသည်။

ခုလည်း ခါတော်မီ ဆရာကြီးက သည်ပုံအတိုင်း လုပ်သည်။

ဆရာကြီးဝေပေးသော ပြာများမှာ ကြေးခွက်ထဲ၌ နဂိုကပင်ရှိလေသလား၊ ခု ပင့်ပွဲလုပ်မှပဲ ရောက်လာလေသလား ဆိုသည်ကို စာဖတ်ပရိသတ်များကိုယ်တိုင် အဖြေထုတ်ကြည့်ကြပါကုန်။

ပြာရသူများက ပြန်လည်တုံ့ပြန်ရသည်မှာ ငွေစက္ကူအရွက်အကြီးစားများဖြစ်၏။

ငွေစက္ကူထည့်သူတိုင်း အုန်းသီးစိတ်ကလေးများ ပြန်ရကြသည်။

ဖွေးဖွေးလှုပ်သော အရွက်ကြီး ငွေစက္ကူများ ဘယ်သူရမှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများထံမှ ထွက်လာသည့် တီးတိုးလေသံများကို နားထောင်ကြည့်ပါဦး။

"ဘိုးတော်ကြီး ဟိန္ဒူလိုရွတ်ဆိုပြီး ပင့်နေတုန်းကများ ပန်းချီကားထဲက ရုပ်ပုံမျက်တောင်ခတ်တာ တွေ့လိုက်ရတယ်"

"ဟုတ်တယ်၊ ကျွန်မလည်း နှုတ်ခမ်းလေး ရိဝေပြီး ပြုံးလာသလို တွေ့လိုက်ရတယ်"

"ကျွန်မကတော့ ကိုယ်လုံးလှုပ်တာကိုတောင် တွေ့လိုက်ရတာ"

ကဲ ... မှတ်ကရော။ ဘယ်သူက ဘာပြောကြဦးမည်နည်း။

✧ ✿ ✧

ခါတော်မီ ဆရာကြီးဆိုသူမှာ နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါ။

ပဋ္ဌင်းလူထွက်။

ပဋ္ဌင်းဘဝက သင်္ချိုင်းများတွင် လှည့်လည်၍ ရှုတင်ကျင့်ခဲ့သောကြောင့် သမာဓိအား အလွန်ကောင်းခဲ့သည်။

သက်သတ်လွတ်ဆွမ်းကလွဲ၍ ဘာကိုမှ မမိဝဲ။

လက်ဖက်ရည်၊ ကော်ဖီနှင့် အခြားသော အဖျော်ရည်များကို လုံးဝလက်မခံ။ အနေအထိုင်၊ သိက္ခာပြည့်ဝ၍ ရည်မှန်းချက် မှန်ကန်စွာဖြင့် သန့်သန့်စင်စင် ကျင့်ကြံအားထုတ်ခဲ့သောကြောင့် အထိုက်အလျောက် ပေါက်ရောက်ခဲ့သည်။

သမာဓိအားကောင်းသည့်အလျောက် အထင်အမြင် ဒက်ခံနိုင်းခန့် ပြောနိုင်အောင် ထွန်းပေါက်ခဲ့သည်။

ရင်းနှီးသော ဒကာနှစ်ယောက်သုံးယောက်အား အဟောအပြောလုပ်မိခဲ့ရာမှ ထိုဒကာများမှတစ်ဆင့်၊ တစ်ဆင့်စကား တစ်ဆင့်နား ပေါက်သွားပြီး တစ်စတစ်စ ကျယ်ပြန့်လာသည်။

ဟိုကပင့်၊ သည်ကပင့်နှင့် မူလရည်မှန်းချက် ပျောက်သွားရုံမက လှုဝတ်လဲ၍ သာယာမှုရေယာဉ်ကြောတွင် မျောပါသွားခဲ့ရာ၊ ကျင့်ကြံအားထုတ်နိုင်းတွင်လည်း အားနည်းသွားသည်။



ထို့ထက်ပိုဆိုးသည်မှာ မုဆိုးမကြီးတစ်ယောက်နှင့် ငြိစွန်းသွားခြင်းဖြစ်၏။

မုဆိုးမကြီးက ချမ်းသာသည်။ လှုကုံထံရပ်ကွက်မှာ တိုက်ပိုင်၊ ကားပိုင်နှင့် စိန်သီး၊ ရွှေသီးမို့ သူ၏ဘဝ အခြေအနေမှာလည်း နေ့ချင်းညချင်း အခြေတင့်၍ အနေမြင့်သွားသည်။

ဒါပေမဲ့ တစ်ဖက်မှာ နာမည်ထိုးကျသွားသည်။

အကြောင်းမဟုတ်ပါ။ ချိုးမွှမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက် ဆိုစကားရှိသည်နှင့်အညီ နောက်ပိုင်းတွင် တီထွင်ဆန်းသစ်မှုအပြအသများကြောင့် ကျော်ကြားမှုအရှိန်အဝါကို ပြန်လည်ရှိခဲ့သည်။

ဟိုအိမ်နေ၊ သည်အိမ်နေ၊ အတည်တကျမရှိသည့် ဘဝအနေအထားမှာ မှောက်ထားသောလက်ကို လှန်လိုက်ဘိသို့ ပြောင်းလဲသွားခဲ့ရာ လှုကုံထံရပ်ကွက် တိုက်ကြီးပေါ်က ဂရိတ်ဘိုးတော် ဖြစ်သွားသည်။

သည်လိုကားမျိုးစီးပြီး၊ အဓိကရလမ်းမကြီးမှာ ခြံကြီး တိုက်ကြီးနှင့် အခန့်သားနေသူက မဟုတ်မဟုတ် လုပ်ပါ့မလား၊ လိမ်ပါ့မလား။ ဆီမန်းတွေ ဆေးဝါးတွေ အလကားပေးနေတာပဲဟာ၊ ခုလုပ်နေတာက ကမ္ဘာ့လူသားတွေအတွက် "ကပ်ကျော်ငြိမ်း အေးကမ္ဘာဘုရား"တည်ဖို့ဟူသော အပြောများကြောင့် သူ၏ဂုဏ်ရှိန်ကို ပြန်၍မြင့်တည်သွားစေခဲ့၏။

ဆိုင်းဘာဘာခေတ်မှာ ခါတော်မီပွဲ ဆင်နွှဲ၍ တခြားသော ဘိုးတော်တွေထက် ခေါင်းတစ်လုံး ပိုမြင့်အောင် တီထွင်ပြလိုက်၏။

ဒါကြောင့် "ခါတော်မီ"ဘွဲ့ ထပ်ဆင့်ပေးလိုက်ရခြင်းပါ။

ကြံကြီးစည်ရာ လုပ်မှုလုပ်တတ်ကြပလေဟု ဆိုရန်မှတစ်ပါး အခြားမရှိပါလေပြီ။

✧ ✿ ✧

www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်တစ်)

## ကျားမျှ မဟုတ်သော ကြံများ

မြန်မာလူမျိုး အများစုသည် ကိုးကွယ်မှုဆိုင်ရာပိုင်းတွင် တွေးခေါ်မှု အားနည်းသလို၊ ယုံလွယ်တတ်၏။ အစွဲအလမ်းလည်း ကြီး၏။

တွေးခေါ်မှု အားနည်းခြင်းနှင့် ယုံလွယ်တတ်မှုကြောင့်လည်း နတ်ဝင်သည်တွေ မတိမ်ကော၊ ဖြစ်စေဆရာတွေ စားသာမြဲ၊ ဘိုးတော်တွေ ဂိုဏ်းဆရာတွေ အလုပ်ဖြစ်မြဲ ရှိနေကြသည်။

အသက်နှစ်ရာ ဘိုးဆရာ ဆိုလည်း ယုံလိုက်ကြသည်။

ရုပ်ပြောင်း၊ အသံပြောင်း ဆိုလည်း ယုံလိုက်ကြသည်။

တစ်ဆ၊ နှစ်ဆ တိုးသည်ဆိုလည်း ယုံလိုက်ကြသည်။

အရက် အဝသောက်ပြီး အမဲသားအစိမ်း စားပြသည်ကိုလည်း တကယ်ဝင်လို့ စားနိုင် သောက်နိုင်တာပေါ့လို့ ယုံလိုက်ကြသည်။

ရေမန်းလှူသည်။ သုံးခွက်နှင့် ကင်ဆာပျောက်သည်ဆိုလည်း ယုံလိုက်ကြသည်။

တံတွေးထွေးပေးလိုက်ရုံနှင့် စီးပွားတက်သည်ဆိုလည်း ယုံလိုက်ကြသည်။

ဂျစ်ကား မောင်းသွားတုန်း ဂျစ်ကားခေါင်းပေါ်ကို ခုန်တက်လိုက်၊ ခုန်ဆင်းလိုက် လုပ်သည်ကိုလည်း ယုံလိုက်ကြသည်။

အပေါ်ထပ်ကို တက်စရာဘာမှမရှိဘဲ ရောက်လာသည်။ ပျောက်ပွားသည်ဆိုလည်း ယုံလိုက်ကြသည်။



ပန်းပွင့်ထဲက စကားပြောသည်ဆိုလည်း ယုံလိုက်ကြသည်။

ရွှေရောင်၊ ငွေရောင် အလုံးလေးတွေ အပေါ်ကနေ အလိုအလျောက် ကျလာသည်ဆိုလည်း ယုံလိုက်ကြသည်။

တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သည်နေရာမှာ တွေ့သလို၊ ဟိုနေရာမှာလည်း တွေ့သည် ဆိုသည်မျိုးကိုလည်း လွယ်လွယ်လက်ခံ၍ ထဲထဲဝင်ဝင်ကြီး ယုံကြည်လိုက်ကြသည်။

ဟုတ်၏ မဟုတ်၏။ ဖြစ်နိုင်၏ မဖြစ်နိုင်၏ကို စဉ်းစားတွေးခေါ်ဖို့ နေနေသာသာ၊ စဉ်းစားတွေးခေါ်ခြင်းကို ပြစ်မှုကျူးလွန်ရာ ရောက်သည်ဟု အယူအစွဲ ပြင်းထန်သည်။

မိမိစိတ်ထဲက ဖြစ်မိသည်များကို အထက်ဆရာကြီးများ၊ ဘိုးတော်ကြီးများက သိကြသည်ဟု ယုံကြည်လက်ခံပြီး မစဉ်းစား၊ မတွေးခေါ်ရဲကြပေ။

ကိုယ်သိချင်တာ၊ ပြောချင်တာကို ပါးစပ်ကပြောဖို့မလို၊ စိတ်ထဲက ဖြစ်လိုက်ရုံနှင့် သိသည်။ သိချင်တာကို ပြန်ဖြေသည်။ ထွက်ရပ်ပေါက်သွားသည့် ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ကြွလာပြီး ကိုယ်ထင်ပြသည်။ အဆောင်ပေးသည်ဟု သတင်းကြီးသော မြန်မာပြည်အလယ်ပိုင်းက မြို့ကြီးတစ်မြို့ရှိ ဓာတ်စခန်းသို့ ရောက်သွားသည်။

အထက်အောက် ရပ်ဝန်းကျင်အနှံ့ သတင်းကြီးနေသမို့ ထိုဓာတ်စခန်းခရီးကို အသွားတွင် ဓာတ်စခန်းရှိရာရွာသို့ မရောက်မီ ခရီးတစ်ထောက်နားခိုရာမြို့သို့ ရောက်ခဲ့သည်။

ထက်အောက် ဝန်းကျင်အနှံ့ သတင်းကြီးနေမှတော့ ထိုမြို့က ပို၍သတင်းကြီးလိမ့်မည်။ မြို့ခံများက ပို၍စိတ်ဝင်စားမှု ရှိလိမ့်မည်ဟု တွက်ဆစရာမို့ အလွှာအသီးသီးမှ မြို့ခံပုဂ္ဂိုလ်များနှင့် အကြောင်းဖာစ်မြစ် အခြေအနေကို လေ့လာခဲ့သည်။

စိတ်ဝင်စားမှု ထူးထူးထင်ထင် မပြလိုကြသလို၊ ကြားသတင်းအတိုင်း ဟုတ်ပါသည်ဟု ထောက်ခံမည့်ပုဂ္ဂိုလ် တစ်ဦးတလေမှမတွေ့။

ရောက်လာမှတော့ ကိုယ်တိုင်သွားကြည့်ပြီး လေ့လာဆုံးဖြတ်ပေါ့ဟု ပြောကြသလို၊ တချို့ကလည်း မပြုံးတပြုံး၊ ပြုံးတုံ့တုံ့ အပြုံးဖြင့်တုံ့ပြန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့ခံများထဲမှ ထိုစခန်းသို့ ရောက်ဖူး၊ သွားဖူးသူ ဦးရေမှာလည်း နည်းလွန်းလှသည်။

သာသာထိုးထိုး ဂဏန်းဖြင့်ပြောရလျှင် ဆယ်ယောက်တွင် နှစ်ယောက်ပင် မရောက်ဘူးကြ။

တစ်ရာနိုင်နှုန်းထက် မပို။

အဲဒီကတည်းက ဘဝင်မကျ ဖြစ်ရသည်။

တကယ်တမ်း ကျော်ကြားနေသလောက် ဟုတ်ခဲ့ပါမှ ရုပ်နီးသမားများနှင့် ပြည့်နေပြီမို့ 'ရုပ်ဝေးသမားတွေ အနားကပ်ရဖို့ပင်မလွယ်။

ခုတော့ ...'

အတော်ကြီး အဖြေထုတ်ရခက်သလို၊ ရွာမြက် ရွာနားမစား ပမာစကားကိုပဲ သဘောတူရမည်လား။ ဒါမှမဟုတ် ထူးတော့ ထူးသည်၊ ဘာတွေထူးသည်ဟု ပြောစမှတ် ရစရာပဲ မရှိလေသလားဟု ဆိုရမည်သို့ ပါချေ၏။

ထားပါဘိတော့။

မြို့က စခန်းနှင့် လှမ်းနေလို့များလားဟု ဒုတိယလေ့လာရေး ဆက်လိုက်ရပြန်သည်။

ဓာတ်စခန်းနှင့် အနီးဆုံး ရွာသုံးရွာမှ လည်လည်ဝယ်ဝယ်ရှိသူ လူလတ်ပိုင်းနှင့် လူကြီးပိုင်းကို တွေ့ဆုံ၍ တီးခေါက်မေးမြန်း လေ့လာကြည့်ပြန်ရာ သူတို့အနေဖြင့် စိတ်ဝင်စားမှု သိပ်မရှိသလို၊ ဓာတ်စခန်းသို့ အရောက်အပေါက်နည်းကြသည်ကို လေ့လာသိရှိရသည်။

တစ်ခေါ်သာသာလောက်သာ ဝေးသည့် ဓာတ်စခန်းသို့ အရောက်အပေါက် နည်းသလို မြန်မာပြည်တစ်ဝှမ်း ဟိုးလေးတကျော် ဖြစ်နေသည့် ပုဂ္ဂိုလ်ကြီးများကိုလည်း မတွေ့ဘူးပါဟု ဆိုကြ၏။

ကဲ ... ပသို့ရှိပါစ၊ ပသို့ ပြောရမှာပဲ။

ကိုယ်တွေ့အကြောင်းကိုမှ အထူးမဖော်ပြလိုတော့ပါ။

သည်တစ်ခါတော့ တကယ့်"ကျားပျံ"ကိုတွေ့ပြီ ထင်မှတ်ပေမယ့် တကယ်တွေ့တာကတော့ "ကြဲဖျား"သာပါတည်း။



တကယ်ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်ကျတော့ ဂိုဏ်းမဖွဲ့၊ တပည့်မမွေး လူသိမခံ။

ဆယ့်ငါးနှစ်ကျော်ကျော် အပျက်အကွက်မရှိ၊ တစ်နေ့လေးနာရီ ကျင့်ကြံအားထုတ်မှုကို ခိုင်မြဲအောင် ထိန်းသိမ်းလုပ်ဆောင်နေသည့် ပုဂ္ဂိုလ်ကြီး တစ်ယောက်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးသည်။

အလွန်တရာ အကြောင်းတိုက်ဆိုင်၍ တွေ့ဆုံခဲ့ရသော်လည်း ထိုပုဂ္ဂိုလ်ကြီး၏ နာမည်နာမကို ဘယ်လိုအကြောင်းနှင့် စပ်ဆိုင်၍မှ မပြောပါဟု ကတိခံဝန် ထားခဲ့ရသောကြောင့် ကျင့်စဉ်ပိုင်းကိုသာ ဖော်ပြမည် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ်က ထိုပုဂ္ဂိုလ်၏အသက်မှာ (၅၈)နှစ်။

တက္ကသိုလ်မှ ဘွဲ့ရပြီးသား။ ကြီးထည်သော ကိုယ်ပိုင်လုပ်ငန်း ရှိသည်။ ရန်ကုန်မြို့၏ ထိပ်တန်းစာရင်းဝင် နေရာတွင် ခြံမြေ၊ တိုက်တာ၊ ကား၊ ပစ္စည်းပစ္စယ စုံလင်စွာဖြင့် ခန့်ခန့်ထည်ထည် နေနိုင်သူဖြစ်၏။

ထိုသို့ အစစအရာရာ ပြည့်စုံပါလျက် အတိတ်ဘဝရ အကြောင်းဆက် မကောင်းမှုက ပစ္စုပ္ပန်အကျိုးဆက်တွင် မကောင်းသောလမ်းကြောင်း ပြန်ပေါ်လာသည်။

အစစအရာရာ အောင်မြင်နေသည့် အသက်(၄၂)နှစ်အရွယ်၌ မိသားစုနှင့်အတူ ဘုရားဖူးထွက်ခဲ့ကြရာမှ တပ်ကုန်းနှင့် ရမည်းသင်းအကြားတွင် ကားချင်းတိုက်ပြီး သူတို့ကားမှာ တိမ်းမှောက်သွားခဲ့သည်။

ဇနီးဖြစ်သူနှင့် တစ်ဦးတည်းသော အချစ်ဆုံးသမီးလေး သေဆုံးပြီး သူက ခြေထောက်ကျိုးသွားသည်။

အကုသိုလ်သည် တစ်ခုတည်းမလာဆိုသော စကားနှင့်အညီ အကြီးအကျယ် စိတ်ထိခိုက်ပြီး ချိုင်းထောက်နှင့်လှုပ်ရှားနေရသောအချိန်တွင် ပြင်းထန်သော နှလုံးရောဂါကြောင့် ဆေးရုံပေါ်သို့ ရောက်သွားရပြန်၏။

ငွေကြေးတတ်နိုင်သည်ကတစ်ကြောင်း၊ လာရာလမ်းသို့ပြန်ရန် မတန်သေးသည်ကတစ်ကြောင်းကြောင့် လူမသေသော်လည်းစိတ်သေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ခြင်း၊ ပြည့်စုံခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း ဆိုသည်မှာ ထာဝရမဟုတ်၊ ရေပွက်ပမာ ခဏတာတည်းဟု သဘောပေါက်ခဲ့သည်မှ ဘဝလမ်းကြောင်း လျှောက်လှမ်းမှုကို ဘက်ပြောင်းလိုက်သည်။

စားဝတ်နေမှု ဖူလုံရုံမျှသော စီးပွားရေးလုပ်ငန်းကိုချန်ပြီး လောဘနှင့် နပန်းလုံးရမည့် လုပ်ငန်းအားလုံးကို ရပ်ဆိုင်းလိုက်၏။

ပုတီးစိပ်ခြင်းဖြင့် မရပ်မနား လှုပ်ရှားနေသောစိတ်ကို ငြိမ်သက်အောင် ကြိုးစားခဲ့သည်။

သို့မှ စိတ်အေးချမ်းသာမှု အစစ်အရသာကို ခံစားလာရသည်။

နောက်တော့ နာရီဝက်လောက် အဆင့်ကနေ တစ်နေ့လေးနာရီအဆင့်သို့ တဖြည်းဖြည်းချင်း တက်ခဲ့ရာ၊ ကျင့်စဉ်လုပ်ငန်း အဝန်းအဝိုင်း ကျယ်ပြန့်လာသည်။

ငါးပါးသီလကို နေ့စဉ်၊ ရှစ်ပါးသီလကို ဥပုသ်နေ့တိုင်း၊ ဝါတွင်းလေးလ အဓိဋ္ဌာန်ဝင်တိုင်း ဆယ်ပါးသီလကို မပျောက်မကျားအောင် ထိန်းသိမ်း၍ အခါအားလျော်စွာ သက်သတ်လွတ်စားသည်။

ဓမ္မစကြာ၊ ပဋ္ဌာန်းနှင့် ပရိတ်ကြီးဆယ်သုတ် (အင်္ဂုလိမာလသုတ်ချန်)ကို နေ့စဉ်တစ်နာရီ ရွတ်ဖတ်သရဇ္ဈာယ်၍ နှစ်နာရီပုတီးစိပ်ပြီး တစ်နာရီခန့် တရားထိုင်သည်။

နေ့ပိုင်းတွင် စီးပွားရေးနှင့် လူမှုရေးကိစ္စများအတွက် သွားလာလှုပ်ရှားပြီး ညဘက်တွင် ခုနစ်နာရီမှစ၍ အကျင့်စခန်းဝင်သည်။

နောက်ထပ် အိမ်ထောင်မပြုဘဲ အဒေါ်အပျိုကြီးက အိမ်ထောင်ထိန်းသိမ်းပြီး အိမ်ဖော်လင်မယားနှင့်အတူ နေသည်။

အရွယ်ရှိသေးသည်။

လေးဆယ်ကျော်မှ ဘဝစသည်ဟု အဆိုရှိရာ သူ၏စီးပွားရေးအခြေအနေနှင့် အိမ်ထောင်ပြုမည်ဆိုလျှင် ကြိုက်တာရွေးလို့ရသည်။

ဆယ်ကျော်သက် မှန်းမလား၊ အရွယ်လတ် မှန်းမလား၊ သက်တူရွယ်တူ မှန်းမလား။

မှန်းချေပေါက်၍ ကြိုက်တာရွေးလို့ရသည်။

ဇနီးသည်ဆုံးပြီးနောက် လူပွဲစားတွေ ဥဒဟိုဝင်ထွက်ခဲ့ကြသည်။



သူက လုံးဝမစဉ်းစား။

သူ၏ရောဂါအခြေအနေက တစ်ကြောင်း၊ တစ်ဒုက္ခကနေ နှစ်ဒုက္ခ မဆင့်လိုတော့၍ တစ်ကြောင်း၊ စိတ်ထိခိုက်မှု လျော့ပါးရန် ရိုးရိုးပုတီးစိပ် တရားထိုင်ရင်းမှ သန့်စင်သော ချမ်းသာမှုကို တွေ့လာရသည်တစ်ကြောင်းတို့ကြောင့် နောက်ထပ် အပိုဒုက္ခကို မရှာတော့ဘဲ ကိုယ့်လုပ်ငန်းနှင့်ကိုယ် ကြည်နူးအေးမြ ပီတိဖြစ်နေသည်။

ယနေ့ ထိုလိုင်းဘက်တွင် ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်တွေကြားထဲမှာ ကျင့်ကြံအားထုတ်မှုကို ထူးထူးကဲကဲ သန့်စင်သော သဒ္ဓါသက်သက်ဖြင့် လုပ်ဆောင်အားထုတ်နေသူဖြစ်၏။

ပုဂ္ဂိုလ်ထူးဟု မဆိုသာသော်လည်း ရှားရှားပါးပါးထဲမှ ထူးခြားသူဟု မှတ်တမ်းပြုရမည့်သူပါ။

ထိုသို့လျှင် ဆယ့်ငါးနှစ်နီးပါး နေ့စဉ်ဝတ္တရားမပျက် တစ်နေ့လေးနာရီမျှ ပုတီးစိပ်၊ ရွတ်ဖတ်သရဇ္ဈာယ်၊ တရားထိုင်ခဲ့သော ကုသိုလ်အကျိုးသယ်ပိုးခဲ့သည်မှ မည်သို့သော ထူးခြားသည့် အသိအမြင် အတွေ့အကြုံများသိမြင် တွေ့ကြုံခဲ့သည်ကို မေးမြန်းလေ့လာကြည့်မိ၏။

အဖြေမှာ ဘဝင်ကျစရာ ကောင်းလှ၏။

အပိုအလိုမပါ၊ ကိုယ်ရည်သွေးမှုမပါ ထူးဆန်းထွေလာ ဟိုဟာသည်ဟာတွေ မပါဘဲ သို့ပြောပြခဲ့၏။

“ကျွန်တော်က ထွက်ရပ်ပေါက်တို့ ဘာတို့ မရည်စူးခဲ့ပါဘူး၊ ရိုးရိုးလုပ်တာပါပဲ၊ ထူးထူးခြားခြားရယ်လို့ အတွေ့အထူး ပြောစရာလည်း မရှိပါဘူး ...

“ကျွန်တော် ခံစားခဲ့ရတဲ့ အလွန်ပြင်းထန်တဲ့ နှလုံးရောဂါဟာ ပျောက်ကင်းသလောက် အခြေအနေသို့ ရောက်နေပါပြီ။ ကျွန်တော် စားသုံးနေရတဲ့ ဆေးဝါးများကိုတောင် မစားသုံးဘဲ နေနိုင်နေပါပြီ ...

“ကျွန်တော့်ရဲ့ ကျန်းမာရေးသာမက စီးပွားရေး၊ လူမှုရေး၊ နေရေး ထိုင်ရေး အားလုံး အဆင်ပြေနေပါတယ် ...

“လှူရေး တန်းရေးအတွက် စိတ်ဆန္ဒ ဖြစ်လေတိုင်း လှူနိုင်တန်းနိုင်အောင် ဖြစ်ခဲ့တာချည်းပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"အထူးခြားဆုံး ပြောစရာကတော့ ပျော်ရွှင်မှုမပါတဲ့ စိတ်ချမ်းမြေ့မှုကို အပြည့်အဝ ခံစားနေရခြင်းပဲ ဖြစ်ပါတယ် ...

"ကျွန်တော် သေရမှာကို ကြောက်ပါတယ်။ ဒါပေမဲ့ ပြင်းပြင်းထန်ထန် တုန်လှုပ်မှုတော့ မရှိပါဘူး၊ ကျွန်တော် လုပ်နေတဲ့ လုပ်ငန်းရဲ့အကျိုးကို မျက်မှောက်မှာရော၊ တမလွန်မှာပါ ခံစားရမယ်လို့ ယုံကြည်လို့ပါပဲ"

ဂိုဏ်းဆရာအများ သူ ငါ ပြောကြသလို အိပ်မက်ထဲမှာ ဘယ်ပုဂ္ဂိုလ်ကြီးနှင့် တွေ့ရသည်။ စိတ်ချင်းဆက်ပြီး ဓာတ်ကူးပေးသည်။ ထူးခြားသော ဆင်းတုတော် ပေးသည်။ ဆေးပေးသည်။ အင်းပေးသည်။ ဓာတ်လုံးပေးသည်။ တောင်ဝှေးအပွားပေးသည်။ ဘာဘာညာညာတွေ ပေးသည်မျိုး ရှိဖူး ရဖူးသလားဟု မေးကြည့်မိ၏။

အကြောင်းမဲ့ မဟုတ်ပါ။ ထိုပုဂ္ဂိုလ်၏ ကျင့်ကြံအားထုတ်မှုပိုင်းနှင့် ဘယ်လိုမှ မနှိုင်းယှဉ်သာ သူတွေက ဘယ်ပုဂ္ဂိုလ်တွေနှင့် စကားပြောရသည်။

ဘာတွေပေး၍ ဘာတွေရသည်ဟု အပြောလေ့သလို ဆင့်ပွားပြန်လည် ပေးဝေကြသောကြောင့် မေးကြည့်ရခြင်းဖြစ်၏။

"ကျွန်တော်က ပွဲတွေဘာတွေလဲ မထိုးပါဘူး၊ အဲဒါတွေလည်း တမ်းတစွဲလမ်းခြင်း မရှိဘူး၊ ကြုံတုန်း ကျွန်တော့်ဘုရားခန်းကို ဝင်ကြည့်သွားပေါ့၊ ဘာအဆောင်အယောင်မှလဲ မဆောင်ဘူး၊ ဘယ်ဂိုဏ်း၊ ဘယ်ဆရာနဲ့မှလဲ အဆက်အသွယ် မလုပ်ဘူး။ တရားထိုင်ဖို့အတွက်တော့ မဟာစည်မှာ တစ်လစခန်းဝင်ဖူးတယ်၊ ဒီလောက်ပါပဲ ...

"အဲ ... တစ်ခုတော့ ပြောစရာရှိပါတယ်၊ အန္တရာယ်နဲ့တွေ့ရမယ့် ကိစ္စမျိုး၊ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်လို့ ဆက်ဆံရတဲ့ကိစ္စမျိုးတွေမှာ ပြောသင့် မပြောသင့်၊ သွားသင့် မသွားသင့်၊ လုပ်သင့် မလုပ်သင့်ကို ကျွန်တော့်စိတ်က အလိုလို သိနေပါတယ်။ အဲဒီလို စိတ်က သိသလိုလည်း ဖြစ်တာချည်းပါပဲ။ အထူးသဖြင့် ကျွန်တော့်ရဲ့ ကျန်းမာရေးကိစ္စမှာ ပိုပြီးသိသာထင်ရှားပါတယ်။ ဒီလောက်ပါပဲ"

ထိုပုဂ္ဂိုလ်၏အဖြေကို အတော်လေး ဘဝင်ကျမိပါသည်။



ရှင်တော်ဗုဒ္ဓကလည်း ကိုယ့်ဟာကိုယ် လုပ်ကြလို့သာ လမ်းညွှန်ချက်ပေးခဲ့သည်။ အဆုံးအဖြတ်အမှန်ကို ကိုယ့်ဟာကိုယ် လုပ်မှသာရမည်။ သူများပေးလို့ မရ။

ကျင့်ကြံအားထုတ်မှု အတိုင်းအတာပေါ်မှာ တည်၍သာ ဘာပဲဖြစ်ဖြစ် အမှန်အတိုင်း အဆုံးအဖြတ်ပြုရမည်။

သန့်စင်သော သဒ္ဓါစိတ် ထားတတ်ဖို့နှင့် တကယ်တမ်း ထိထိရောက်ရောက်ဖြစ်အောင်လုပ်လျှင် ပြန်လည်ထင်ဟပ်လာမည့် အကျိုးဆက်မှာ ကောင်းသောအကျိုးဆက်မှတစ်ပါး အခြားမရှိရာပါ။

သူများကို အားကိုး၍ ဘာတွေပဲ၊ ညာတွေပဲ ဆိုသည်ကို နားယောင်ပြီး ဟိုမကျ သည်မကျ လုပ်လို့ကတော့ တောင်မရောက် မြောက်မရောက်သာ ဖြစ်လိမ့်မည်ပါတည်း။

✧ ● ✧

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်နှစ်)

### သည်လိုမျိုးလည်းရှိပါသည်

ဘရွှေသီးတို့လို တစ်ကိုယ်တည်း တောရပ်မှီပြီး အတ်ချလောင်း အပြမပါ၊ စူးစူးစိုက်စိုက် ထဲထဲဝင်ဝင် ကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်ရှိသလို၊ အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်မျိုးလည်း ရှိပါသည်။

ကျင့်ကြံအားထုတ်မှုပိုင်းတွင် သဘောလောက်အဆင့်သာရှိ၍ လူပြိန်းကြိုက် အပြလုပ်ငန်းများဖြင့် ဂိုဏ်းချုပ်အမည်ခံ၊ ဘိုးတော်အမည်ခံ၊ ဆရာကြီးအမည်ခံ သူတွေလည်း ဒုနဲ့ဒေး ရှိနေကြ၏။

မှန်မှန်ကန်ကန် လုပ်နေသူတွေ ရှိသလို၊ မမှန်မကန်လုပ်၍ ကိုယ်ကျိုးစီးပွား ရှာနေသူများလည်း ရှိကြသည်။

သူတို့ အကျိုးဖြစ်ထွန်းနေကြသည်ကို အဝေးကပင် မြင်နိုင်ပါသည်ဆိုသလို အဝေးက မြင်နိုင်၏။

အနီးကပ်ကြည့်လျှင် ပို၍မြင်နိုင်၏။

အပြောနှင့် မနော ခွဲကြရင်တော့ ကိုယ်ပဲခံရမည်။

သူတို့ မမှန်မကန် လုပ်နေကြောင်း ထင်ရှားသည်မှာ လက်ဆုပ်လက်ကိုင် ပြစရာသာဓက ရှိပါသည်။

ဘိုးတော်လိမ်များကို ဖော်ထုတ်လိုက်ရာ တသီတတန်းကြီးထောင်ထဲသို့ ဝင်ခဲ့ရသည်။



ထိုစဉ်က လျှမ်းလျှမ်းတောက် နာမည်ကြီး၍ လူတိုင်းပါးစပ်ဖျားတွင် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့သော ဘိုးတော်ကြီးကအစ နာမည်ထွက်ပြီးရော၊ နာမည်ထွက်စရော အကုန်လုံး ပါသွားသည်။

ထိုမှနောက်ပိုင်း ဘိုးတော်အမည်ပျောက်ပြီး အဓိဋ္ဌာန်ဆရာကြီးဟူ၍ အမည်သစ် တီထွင်လာကြ၏။

ပုဂ္ဂိုလ်ဆည်းကပ် ကိုးကွယ်မှုနှင့် ပတ်သက်၍ အများက ကြည့်မြင်လေ့ရှိသည်မှာ အကျင့်စခန်းမဟုတ်၊ အပြောနှင့် ထူးဆန်းထွေတလာ ပြကွက်များဖြစ်၏။

ထိုအပြောအပြလုပ်သည့် ပုဂ္ဂိုလ်၏ ကျင့်ကြံအားထုတ်မှုအတိုင်းအတာ မည်သို့ရှိသည်ကိုမူ ကြည့်လေ့မရှိကြ။

လူအများရှေ့မှာ ပိတ်ဖြူစင်ကြယ်ဝင်၍၊ ညိုမှောင်သော ယောဂီဝတ်စုံဝတ်၍ ဇရာမပုတီးကြီးနှင့် ဟိုဟာတွေပြ၊ သည်ဟာတွေပြ၊ ဘာသာစကားအထူးအဆန်းတွေ ပြောလျှင် အထင်ကြီးကြသည်။

ကန့်လန့်ကာနောက်မှ ဇာတ်ကွက်၊ ဇာတ်လမ်းများကိုမူ နက်နက်ထင်ထင် နှိုက်မကြည့်ကြ။

မကြည့်ရဲတာလည်း ပါသည်။

ကိုယ့်စိတ်တွင်းမှ ဖြစ်ပေါ်သည့်စိတ်ကို သိသွားလေမလားဟု စိုးရိမ်ထိတ်လန့်သောကြောင့် မစူးစမ်းရဲကြ။

စူးစမ်းလေ့လာရမည်ကို ဝန်လေးကြသည်။

ကိုကျော်မြသန်း၏ ကိုယ်တွေ့အကြောင်း ဖြစ်ရပ်မှန်တစ်ခုကို ပြောပြပါမည်။

သူ့ရှေ့မှောက်သို့ ရောက်လာသူ မှန်သမျှ၏ မလာခင်ဖြစ်ပေါ်သည့်စိတ်၊ မျက်မှောက်တွင် ဖြစ်ပေါ်နေသည့် အတွင်းဖြစ်စိတ်ကို ဒက်ခနဲကွက်တိမှန်အောင် ဟောနိုင် ပြောနိုင်သည်။

ကိုယ်မေးချင်တာကို နှုတ်ဖွင့်မေးစရာမလို။ စိတ်ဖြင့်မေးလိုက်ရုံဖြင့် ဟောချက်ပြန်ထွက်သည်။

မတော်တရော်စိတ်မျိုးများ မဖြစ်လိုက်လေနဲ့ သံသယစိတ်မျိုး မထင်လိုက်လေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြစ်မှုမဆုံးခင် ဒက်ခနဲ ပြောလိုက်မည်ဟူ၍လည်း သတင်းကြီးသည်။

သူ့အနားမှာ ထုံးစံအတိုင်း ဝိုင်းဝိုင်းလည်လို့ပါ။ သူ့ကိုဆည်းကပ်သူများမှာ နယ်နယ်ရရ မဟုတ်။ ကြီးစာရင်းဝင်တွေချည်း။

ကျော်သလောက် မော်ကွားသည်များလည်း တခမ်းတနားကြီးပါ။

မျက်လုံးအကြည့် ညို့ဓာတ်အားကလည်း ကောင်းမှကောင်း။

သူကသာ စူးစူးစိုက်စိုက် ကြည့်လိုက်။ အကြည့်ခံရသူမှာ ငိုက်ဆင်းသွားပြီး အာစေးမိသူလို နှုတ်မဖွင့်နိုင် ဖြစ်ရသည်။

အဲဒီလိုလည်း အပြောရှိသည်။

ရောက်သွားသည်။ ဘိုးတော်အကျော်နှင့် နှစ်ထောင်ခန့်အကွာမှာ ထိုင်သည်။ ရောက်နေသူ ပရိသတ်မှာ ဆယ့်ငါးယောက်ခန့်ရှိ၏။

ကွမ်းတမြုံ့မြုံ့ ဝါးနေသလို၊ ပုတီးကိုလည်း တစ်လုံးဆင်းတစ်လုံးတက် စိပ်နေသည်။

ထိုပြီးခဏ၌ ကိုကျော်မြသန်းက စိတ်ဖြင့် အောက်ပါအတိုင်း ပြောလိုက်သည်။

"ခင်ဗျားကို ကျုပ် လုံးဝမယုံကြည်ဘူး၊ ခင်ဗျားဟာ တကယ့်ကျင့်ကြံအားထုတ်နေတဲ့ သူတော်စင်လည်း မဟုတ်ဘူး၊ ရုပ်တုတွေ ပွဲတွေ ရွှေကွက်အင်းတွေ ပုတီးတွေပြပြီး လိမ်ညာနေတဲ့လူ၊ ခင်ဗျားကို ကျုပ်စိန်ခေါ်တယ်၊ ကျုပ်စိတ်ထဲမှာဖြစ်နေတာကို ခင်ဗျားဟောစမ်း၊ မှန်ရင် ခင်ဗျားဆီမှာ ကျုပ် တစ်သက်လုံး ကျွန်ခံမယ်"

ထိုသို့ပြောသည်မှာ တစ်ကြိမ်တည်းမဟုတ်။ သုံးကြိမ်သုံးခါတိတိ ပြောသည်။

ဘာအဟောအပြောမှ တုံ့ပြန်မလာ။

သူပြောသည်မှာ ဤသို့ ...

"ခင်ဗျားဟာ ကျင့်ကြံအားထုတ်မှု နည်းနေသေးတယ်၊ ရှေ့ဆက်ဖို့တွန့်နေတယ်၊ ကျင့်ကြံအားထုတ်မှုကို ခုထက်တိုးပြီး လုပ်လိုက်ရင် ခင်ဗျားတွေ့ကြုံနေတဲ့ အခက်အခဲတွေ အားလုံးပြေလည်ပြီး ပေါက်ပေါက်ရောက်ရောက် ဖြစ်မယ်၊ ပါရမီခံပါတဲ့ ပုဂ္ဂိုလ်ပဲ"



အဲဒီလို ပြောသည်။

ကဲ ... ပသို့ရှိပါစေ။

"ကျားပျံ"လို့တော့ ကျော်သည်။ တကယ်ကတော့ "ကြံဖျား"ပါပဲ။

✧ ● ✧

သူတို့၊ သူတို့တွေအထဲမှာ တစ်ယောက်သောပုဂ္ဂိုလ်အကြောင်းမှာမူ ထူးလည်းထူး ဆန်းလည်းဆန်းဟု ဆိုရမည်သို့ ရှိရုံမက သူ၏လုပ်ရပ်မှာ အံ့ဘနန်းဟု ပြောရမည်သို့ ရှိပါချေ၏။

သူ့အကြောင်း ဖတ်ရှုပြီးလျှင် ပုံပြင်လေလား၊ ဒဏ္ဍာရီလား၊ ယုံတမ်းစကားလေလားဟု ဆိုကောင်း ဆိုကြပါလိမ့်မည်။

ယုံတမ်းစကား မဟုတ်သလို၊ ပုံပြင်ဒဏ္ဍာရီလည်း မဟုတ်ပါ။ တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်အကြောင်း ဖြစ်ပါသည်။

သူက သူတို့လို လူတွေထဲမှာတော့ ခေါင်းတစ်လုံးမဟုတ်၊ နှစ်လုံး၊ သုံးလုံးမက ပို၍မြင့်သူဟု မှတ်တမ်းဝင်သွား၏။

တစ်စုံတစ်ယောက်သောသူ၏ အကြောင်းကို တစ်ဆင့်ကြားစကားဖြင့် ရေးသားခြင်းမဟုတ်ပါ။ ငယ်ပေါင်းသူငယ်ချင်းအကြောင်း၊ ကိုယ်တွေ့ မြင်သိ အကြောင်းမို့ စေ့စေ့ငှငှ တင်ပြနိုင်ခြင်း ဖြစ်ပါ၏။

မကောင်းမှုဟူသည် အရိပ်သဖွယ် ပါစမြဲရှိသည်ဆိုသည့်အတိုင်း စံကြောမိနေရာမှ ခံကြောမိသွားပြီး သူ့တရား သူစီရင်သွားပြီဖြစ်၏။

သူ၏အမည်မှာ ခင်မောင်ဝင်း(ခေါ်)တော်မီ။

ခင်မောင်ဝင်းက မိဘပေးသောအမည်။

တော်မီ အမည်မှာ စိန်ပေါ်ကျောင်းတွင်နေစဉ်က မှည့်ခေါ်ခဲ့သော ကျောင်းနာမည်။

ရုပ်မဖြောင့်သော်လည်း သားနားသည်။ ဖြူသောအသားပေါ်တွင် နက်ထင်သန်စွမ်းသော မျက်ခုံးမွေးကြောင့် သူ၏ရုပ်ရည်မှာ တစ်မူထူးခြားပေါ်လွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပညာတတ်၊ လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်က အစိုးရဌာနတစ်ခုတွင် အရာရှိတစ်ယောက် ဖြစ်ခဲ့သည်။

သူ၏ပင်ကိုစရိုက်မှာ တည်တည်တံ့တံ့ နေထိုင်ခြင်းနှင့် ကင်းပသည်။ ဇရက်သုတ်စ မဟုတ်သော်လည်း လော့်တက်ကို အသေမထား၊ ကြုံသလို လော့်တတ်သည်။

နောက်ပိုင်းတွင် လောင်းကစား၊ အသောက်အစား ဖက်လာသလို၊ အမျိုးသမီးကိစ္စတွင်လည်း ရှုပ်ရှုပ်ထွေးထွေး ရှိလာသည်။

အလုပ်တာဝန်ပိုင်း ပေါ့လျော့မှုကြောင့် ဌာနဆိုင်ရာမှ အရေးယူခံရသည်။ ယင်းသို့အရေးယူခံရသည်ကို ရှက်ပြီး အလုပ်မှထွက်လိုက်သည်။

ထိုမှနောက် အလုပ်မျိုးစုံ လုပ်ကိုင်နေရင်း နဲသမားပါးအဖြစ်သို့ ရောက်ခဲ့သည်။

ပိန်သည့်အခါ ပိန်၊ ဖောင်းသည့်အခါ ဖောင်း။

ထောတစ်လှည့်၊ ပြတ်တစ်လှည့်ဖြင့် စခန်းသွားနေခဲ့ရာမှ သူ့အကြောင်း သူ့သတင်းကို မကြားရသလို၊ သူနှင့်လည်း မတွေ့တော့။

သန်လျင်ဘက်မှ စမောနှင့်နေသလိုလို သတင်းပဲ တစ်ဆင့်စကားကြားရသည်။

တစ်နေ့ ဘိုးတော်ရှူး ရှူးနေသည့် မိတ်ဆွေတစ်ယောက်က အကြောင်းစကား ဆိုလာသည်။

သတင်းကြီးနေသည့် မင်းသားကြီး ဘိုးတော်အောင်မင်းအောင် အကြောင်း။

ဘိုးတော်တို့ ဘာတို့နှင့် ပတ်သက်လာလျှင် ထိုပုဂ္ဂိုလ်၏ကျင့်ကြံအားထုတ်မှု အတိမ်အနက်၊ ပေါက်ရောက်မှု အတိုင်းအတာ၊ တက်လှမ်းနေသည့် အဆင့်အနေအထားကို မစူးစမ်း၊ မလေ့လာ၊ အပြောအဆို မရှိကြ။

ခေတ်ပညာ ဘယ်လောက်တတ်သည်၊ ယခင်က ဘယ်လိုစီးပွားရေးလုပ်ငန်းကြီး လုပ်ခဲ့သည်၊ ဘာအရာရှိကြီး ဖြစ်ခဲ့သည်၊ အရင်တုန်းက ဘယ်လိုပေါ့ ဆိုသည်ကို အဓိကထား ပြောသလို၊ ဘယ်လိုပုဂ္ဂိုလ်တွေ အဝင်အထွက်ရှိသည်၊ အဆက်အဆံရှိသည် ဆိုသည်ကို အထူးပြု ပြောကြသည်။



ခေတ်ပညာတတ်တာတို့၊ စီးပွားရေးလုပ်ငန်း ရှိတာတို့၊ ဘာအရာရှိကြီး ဖြစ်ခဲ့တာ၊ ဖြစ်နေတာတို့ ဆိုသည်မှာ ကျင့်စဉ်လုပ်ငန်း သွားရာ စခန်းနှင့် မည်သို့မှ မသက်ဆိုင်။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများအကြောင်း ရှာစ်မြစ်ကို ပြန်လည်လေ့လာကြည့်လျှင် ထိုဟာမျိုးတွေမှပါ။

အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ ဟူ၍သာရှိသည်။

ခုခေတ်မှာတော့ ...။

❖●❖

အလေ့အလာရှိ၊ အကြားအမြင်များ၊ ဗဟုသုတကြွယ်၊ ဉာဏ်အမြော်အမြင်ကျယ်ပါမှ အသိကြွယ်တဲ့သိမှုရှိမည်။

ဒါမှ လှုလိမ် မခံရမည်။

ဘိုးတော်ရှူး မိတ်ဆွေကို အကြောင်းပြု၍ ဘိုးတော်အောင်မင်းအောင် ထံသို့ ရောက်သွားသည်။

ရန်ကုန်မြို့၏ တစ်နေရာ။

ခြံဝင်းထက် တိုက်ခံနှစ်ထပ်အိမ်ကြီး။

အောက်ထပ်ရှေ့ပိုင်း ဧည့်ခန်းမှာ ကျယ်ဝန်းသည်။ ဆက်တီနှစ်စုံနှင့် ကြိမ်ကုလားထိုင်များ ချထားသည်။ စားပွဲပေါ်တွင် အပျင်းပြေဖတ်ရှုရန် စာအုပ်များနှင့် သတင်းစာများရှိသည်။

ဧည့်ခန်းမှာ ထိုင်မိကြပြီး မကြာမီမှာပင် အိမ်စေကောင်မလေးက အချိုရည်နှစ်ပန်းကန် လာချပေးသည်။

တယ်ဟုတ်ပါလားဟု စိတ်ထဲမှ မှတ်ချက်ချလိုက်ရ၏။

တစ်ဖက်စားပွဲတွင် ထိုင်နေသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ရှေ့မှာလည်း ဖန်ခွက်လှလှလေးများ ရှိနေသည်။

အချိုရည်ဖန်ခွက် ချပေးပြီး မကြာမီမှာပင် သွားသားနားနားအပုံစား ဝတ်ဆင်ထားသည့် အသက်နှစ်ဆယ်ကျော် အစိတ်ဝန်းကျင် ရှိမည့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်က လက်တစ်ဝါးခန့်ရှိ စာရွက်နှစ်ရွက်နှင့် ဘောလ်ပင်တစ်ချောင်း လာချပေးသည်။

အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာရေးရန်ဖြစ်၏။

တယ်လည်း ခမ်းနားလိုက်ပါလား။

အထင်ကြီးစရာ အကွက်ပါလားဟု မှတ်ချက် ချလိုက်ရ၏။

ဘိုးကော်ကို မတွေ့ရသေးမီကပင် သူ့အပေါ် အထင်ကြီးစရာ အကွက်ကလေး ဖော်ပုံမှာ တစ်မျိုးသာပ။

သားသားနားနား ဝတ်စားဆင်ယင်ထားသော အမျိုးသမီးနှစ်ယောက် ဆင်းလာသည်။ နှစ်ယောက်စလုံး အပြုံးတွေဝေလို့။

သဘောတွေ့ မနောခွေ့လာသည့်ပုံဟန်။

ဘဲလ်တီးသံ ထွက်လာသည်။

စာရွက်လာချပေးသည့် အမျိုးသမီး ထွက်လာပြီး တစ်ဖက်စားပွဲမှ သုံးယောက်ကို ခေါ်သွားသည်။

နောက်တစ်လှည့်မှာ သူတို့အလှည့်။

မိတ်ဆွေဘိုးတော်ရှုံးကို သည်လိုပဲလားဟု တိုးတိုးလေး ကပ်မေးလိုက်ရသည်။

လေးဆယ့်ငါးမိနစ်ကျော်ကျော် ထိုင်စောင့်ပြီးမှ တက်သွားသူသုံးယောက် ပြန်ဆင်းလာသည်။ ထုံးစံအတိုင်း အပြုံးတွေ ဝေလို့ပါပဲ။

ဘဲလ်တီးသံ ထွက်လာသည်။

သူတို့အလှည့်။

“ဟာ”

စာရေးသူ နှုတ်ဖျားမှ အာမေဋိတ်သံ လွတ်ထွက်သွားသည်။

တခြားလူ ဟုတ်ပါရိုးလား။

ခင်မောင်ဝင်း (ခေါ်) တော်မီ။

အရင်ပုံစံနှင့်တော့ မတူပါ။

အပေါ်ဖြူ အောက်ဖြူ၊ ခေါင်းပေါင်းဖြူနှင့် ရွှေမျက်မှန်ကဝင်းဝင်းလက်လက်၊ နက်ပြောင်လင်းလက်နေသော သပြေမှည့်ရောင် ပုတီးကြီးကိုလည်ပင်းမှာဆွဲလို့။



ခန့်ညားသည်ဟု ဆိုရမလို လှလှပပ တစ်မူထူးခြားနေသည်ဟု ဆိုရမည်သို့။

ဖြူသောအသား၊ နက်မှောင်သန်စွမ်းသော မျက်ခုံး၊ ဝင်းလက်သော ရွှေမျက်မှန်နှင့် အဖြူတို့မှာ လိုက်ဖက်လှ၏။

နာမည်ကလည်း ခန့်ခန့်ညားညား “အောင်မင်းအောင်”။

စာရေးသူတို့ တွေ့လိုက်တော့ သူ့မျက်နှာပေါ်မှာ လျှပ်တစ်ပြက် အံ့ဩရိပ် ထင်သွားသည်။ ဒါပေသိ မျက်ခုံးလေး ပင့်တက်သွားသည်ကို ချက်ချင်းပြန်ပြင်လိုက်ပြီး ခပ်တည်တည် မျက်နှာထားသို့ ပြောင်းလိုက်သည်။

ပြီး ... သူနှင့် ရင်းနှီးနေသည့် ကိုလှမင်းကို အမေးစကားပြုလိုက်၏။

“အထူးကိစ္စရှိသလား ကိုလှမင်း”

“အထူးကိစ္စတော့ မရှိပါဘူး ဆရာ၊ ကျွန်တော့်မိတ်ဆွေ ကိုသန်းအတွက် ...”

“အေးဗျာ ... အားနာလိုက်တာ၊ ကျွန်တော် ပုဂ္ဂိုလ်ကြီးအိမ်သွားဖို့ အချိန်နီးနေလို့ နောက်နေ့မှပဲ တွေ့ကြရအောင်၊ စောစောက မပြောမိတာကိုတော့ ကျွန်တော့်ကို ခွင့်လွှတ်ဗျာ”

“ဟုတ်ကဲ့ ... ရပါတယ် ခင်ဗျာ”

“နက်ဖြန်မနက် ကိုးနာရီလောက် သည်မိတ်ဆွေကြီး တစ်ယောက်တည်းလာပေါ့။ နက်ဖြန်မနက်ပိုင်း ဘယ်သူ့ကိုမှ အချိန်မပေးဘဲ သီးသန့်အချိန် လုပ်ထားလိုက်မယ်လေ”

“ကောင်းပါတယ် ဆရာကြီး၊ ကောင်းပါတယ်”

ရှင်းရှင်းကလေး။ ငယ်ပေါင်း ကျွန်တော်နှင့် တစ်ယောက်ချင်းတွေ့ချင်သည့်သဘော။ ကျွန်တော်ကလည်း နားလည်မှု ရှိလိုက်ရပါသည်။

သည်အကြောင်း ကိုလှမင်းကို ပြန်ပြောလို့မဖြစ်။ သူငယ်ချင်းဖြစ်သူအပေါ် စောင့်စည်းရမည့်တာဝန် ရှိသည်မဟုတ်ပါလား။

ကိုလှမင်းက တကယ့် “ထူးချွန်ပုဂ္ဂိုလ်ကြီး”လို့ အထင်တကြီးရှိနေသည်။

စာရေးသူက “ကြံဖျားကြီး”လို့ ပြောလို့မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်အောင်မင်းအောင်မှာ တခြားလူမဟုတ်။ လည်ပင်းဖက်ပေါင်းလာသည့် သူငယ်ချင်း။

နောက်တစ်နေ့ တွေ့ကျတော့ မနေ့ကပုံစံမျိုး မဟုတ်၊ ငယ်ပေါင်းကြီးဖော်ပုံစံနှင့် တရင်းတနှီး။

စာရေးသူကလည်း စောင့်ထိန်းလိုက်ရသည်။

သူကို ဘိုးတော် အောင်မင်းအောင် အဖြစ် မဆက်ဆံဘဲ ခင်မောင်ဝင်း (ခေါ်) တော်မီ အနေဖြင့် ဆက်ဆံ၍ သူ၏လုပ်ငန်းအကြောင်းကို တစ်ခွန်း တစ်ပါဒမျှ မမေးမြန်းဘဲ သူကျွေးတာကို တဝတပြစားပြီး ပြန်ခဲ့သည်။

တကယ်တော့ မေးစရာ မလိုပါ။ လိမ်သူပွေ့ရသည်မှာ အလိမ်ခံချင်သူများ ရှိသောကြောင့် ပေါ်နေရခြင်းဖြစ်၏။ ...

မည်သို့ပင်ရှိစေ၊ သူငယ်ချင်းဖြစ်သူ အတော်ကြီး အခြေအနေကောင်းပြီး အတော်ကြီး အလုပ်ဖြစ်နေသည်ကို တွေ့နေရသမို့ ရှိပါစေတော့ဟု သဘောမှုလိုက်ရ၏။

အပေါ်ထပ် ရှေ့ပိုင်းတွင် တင်မျှဉ်ချိတ်ထိုင်နေသည့် ဘိုးတော်အောင်မင်းခေါင် ရုပ်တုကြီးမှာ လူတစ်ထိုင်စာ မြင့်သည်။ လုံချည်ကွက်ကျားနှင့် အတွင်းခံအင်္ကျီမပါ၊ တိုက်ပုံအင်္ကျီ ဖိုးရိုးဖားရား ဝတ်ထားသော ဘိုးတော်အောင်မင်းခေါင်၏မုံတွမှာ ခန့်ထည်ဝင့်ကြွားနေသည်။

ပုံတူရှေ့တွင် သစ်သီးပွဲများကို လုလုပပ ပြင်ဆင်ထား၏။

ထိုမှရှေ့တွင် အုန်းပွဲ၊ ငှက်ပျောပွဲ ငါးပွဲပြင်ဆင်ထား၏။

ရွှေငွေစာပျော့ထည်များဖြင့် ပြင်ဆင်ထားသော ပွဲများမှာ စိမ်းစိုမနေဘဲ နွမ်းရောအဆင်း ပေါ်လွင်နေသည်။

ဘုရားစင်ကိုလည်း မီးအလှဆင်၍ သတ္တုယ်ကြည်ညိုဖွယ်ရာဖြစ်အောင် မွှေးရနံ့လှိုင်ဝေသော ပန်းများဖြင့် အမွှမ်းတင်ထားသည်၊

အမွှေးတိုင် မထွန်းဘဲ တစ်ခန်းမှာ မွှေးကြိုင်နေသည်။



သူ၏လုပ်ငန်း တီထွင်ဆန်းသစ်ထားပုံမှာ အများနှင့်မတူ တစ်မူထူးခြားသည်ဟု ဆိုရမည်သို့ ...။

တခြားသော အဟောအပြော ဆရာတွေထက် တစ်မူထူးခြားစွာ ဆန်းသစ်တီထွင်ထားသည်၊ သူ၏ဟောပြောချက်မှာ အတိတ်ဘဝဆက်ကို အထူးပြု ဟောပြောခြင်းဖြစ်၏။

ဘယ်ဘဝဆက်က လာသည်ဟု ဟောပြောရာတွင် အဆင့်အတန်းနိမ့်၍ သိမ်ဖျင်းသောမျိုးနွယ်ဆက်ဟူ၍ မပါ။

ဘယ်မင်း ဘယ်မိဖုရားကြီးနှင့် အဆက်အနွယ်ရှိခဲ့၍ မိဖုရားဖြစ်ခဲ့သည်။ မင်းသမီး ဖြစ်ခဲ့သည်။ ရှံ့ရှောဘ် အကြီးအမှူး ဖြစ်ခဲ့သည်။ မင်းသမီး၏ အထိန်းတော်ကြီး ဖြစ်ခဲ့သည်ဆိုတာမျိုးလည်း ပါမည်။

အမတ်ကြီးကတော်၊ စော်ဘွားကြီးကတော်၊ သူကြွယ်ကြီးကတော်၊ ဘုရားတန်ဆောင်း ကုသိုလ်ရှင် ဒါယိကာမကြီး၊ မိဖုရား၏ဖွားဖက်တော် ဆိုတာမျိုးလည်း ပါမည်။

ရှိုင်ထိပ်ခေါင်တွင်၊ နန်းမတော်မယ်နု စုဖုရားလတ် ဆိုတာမျိုးလည်း ပါမည်။

ဘယ်တိုက်နန်းရှင်၏အဆက်၊ မြစိမ်းရောင်မင်းသမီးနှင့်က ဘယ်လို၊ ခုဘဝအထိ ရှိနေသည့် သိုက်နန်းဆက်က ဘယ်ပုံရသည်မျိုးလည်းပါမည်။

ဘုရင်ကြီး၊ စစ်သူကြီး၊ မင်းပုရောဟိတ်ဆရာကြီး၊ သူကြွယ်ကြီး၊ နန်းတွင်းအဆိုတော်ကြီး ဆိုတာမျိုးလည်း ပါမည်။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများနှင့် အယ်လိုဆက်နွယ်မှုတ်သက်သည် ဆိုတာမျိုးလည်း ပါမည်။

ကိုယ်ရဲ့အတိတ်ဘဝဆက်ကို အဲဒီလိုတွေ အမွှမ်းတင်လိုက်တော့ ကြိုက်ကြ မယ်သူ ရှိမှာပ။

ဒါကြောင့်လည်း သူထံရောက်ပြီး အပြန်တွင် အပြုံးပန်းတွေ လိုင်ရွှေသွားကြစမြဲ ရှိကြသည်ပါ။

မင်းသားပုံလည်းပေါက်၊ ဟန်မာန်ကလည်း ထည်ထည်ကြွားကြွား၊ အပြောအဟောကလည်း ကောင်းကောင်း၊ ယုတ္တိမရှိတာ မရှိရသော အကြောင်းဖြစ်ရပ်ကို ယုတ္တိယုတ္တာရှိလာအောင် အပြောကြွယ်သမို့ နားထောင်ရသူများ

www.burmeseclassic.com



မှာ မနေရမှေ့ သဘောတွေ့ပြီး "ငါလိုလူ ဖမျှမှာ" ဆိုရအောင်သော စိတ်ကြံ မျိုး ဝင်သွားစမြဲရှိ၏။

အဲဒီလို အတိတ်ဘဝ အဆက်အနွယ် ရှိခဲ့သောကြောင့် ဤဘဝတွင် ဘယ်သို့ဘယ်ပုံဟု အတိတ်နှင့် ပစ္စုပ္ပန်ကို ဆက်တွဲပြလိုက်၏။

ကိုယ့်ကို မင်းတရားကြီး၏ မိဖုရားကြီး၊ မင်းသမီးကြီး၊ သူကြွယ် ကတော်ကြီး၊ လှိုင်ထိပ်ခေါင်တင် ဘာဘာညာညာ နာမည်တပ်ပေးလိုက်သည် ကို သဘောမကျ ဘယ်သူရှိမှာပ။

ထုံးစံအတိုင်း အမျိုးသမီးအုပ်စုမှာ သူ့ပရိသတ်။

"သျှောင်နောက် ဆံထုံးပါ" ဆိုသည်မှာ လွန်လေပြီးသော ခေတ် ကာလ၏ပမာစကား။

ယနေ့ခေတ် ပမာစကားမှာ ဆံထုံးနောက် သျှောင်ပါ၊ ဆံတိုကုပ်ဝဲ နောက်ကို ဆံရှည်ဘိုကေ ပါရသည့်ခေတ်။

အမျိုးသမီးအုပ်စုက သူ့ပရိသတ်ဖြစ်ပြီမို့ ဘုရင်ကြီးတို့၊ စစ် သူကြီးတို့၊ မင်းပုရောဟိတ်တို့လည်း နောက်တော်က ပါရပြီပေါ့။

တီထွင်ဘိုးတော်တွေကြားထဲမှာ သူက တစ်မျိုးတစ်ဘာသာ ဆန်းသစ်တီထွင်နိုင်သောကြောင့် အောင်မြင်မှုလမ်းကြောင်းပေါ်မှာ မော့မော့ ကြီး လျှောက်နိုင်နေပါပြီ။

ရှေ့ဖြစ်အဟော ကျတော့လည်း ပစ်မလွဲ နိယာမဖြစ်စဉ်တွေကို ဟောသည်။

"မိသားစုထဲမှာ ဖြစ်နေတဲ့ အခက်အခဲနဲ့ မပြေလည်မှုတွေ မှန်သမျှ လပိုင်းအတွင်းမှာ ပြေပျောက်၊ ပြေလည်သွားရမယ်။ ဆရာဆီက ပေး လိုက်မယ့်အဆောင်ကို ယုံယုံကြည်ကြည်ဆောင်ပြီး အသုံးပြု"

"အတိုက်အခိုက်တွေ ရှိနေတာကို သိတယ်၊ အဲဒီအတွက် စိတ်စနောင့် စနင်း မဖြစ်နဲ့၊ ဆရာ တာဝန်ယူမယ်"

"အထက်လူကြီးတွေရဲ့ အထင်မှား အမြင်မှား ဖြစ်နေတာကို ပြေလည် ချောမွေ့သွားဖို့ နည်းလမ်းပေးလိုက်မယ်"

"ကြံစည်ထားတဲ့ အကြံအစည်တွေကလည်း ပေါ့သေးသေးမှ မဟုတ်ဘဲ ကိုး။ ဆရာနဲ့တွေ့မှတော့ အောင်မြင်ရစေမပေါ့"



"ကျန်းမာရေးကိုတော့ သတိထား၊ မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်လာ တဲ့ ဝေဒနာ ခံစားရလိမ့်မယ်"

"သားသမီးကိစ္စ အသိပ်အဆင်မပြေချင်ဘူး၊ ပြဿနာတက်လိမ့်မယ်၊ သတိထားပါ၊ တင်းတင်းကျပ်ကျပ် မကိုင်တွယ်ပါနဲ့"

"ရာထူးတိုးဖို့ကိစ္စကတော့ အထစ်အငေါ့လေး ရှိနေတယ်၊ အဘရဲ့ အင်းဖယောင်းတိုင် ကိုးရက်ထွန်းရလိမ့်မယ်"

"လုပ်ဖို့ခြေလှမ်းပြင်ပြီးမှ ဘာလို့ နောက်ဆုတ်ချင်တာလဲ၊ ရှေ့ကိုရဲရဲ ကြီး ဆက်တိုးလိုက်စမ်းပါ၊ ကိုယ့်မှာ ပုဂ္ဂိုလ်ရှိနေပြီပဲဟာ၊ ဘာလို့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်ရမှာလဲ"

မိသားစုတိုင်းမှာ ရှိတတ်သော၊ ဖြစ်တတ် ပျက်တတ်သော ...ယာမအကြောင်းများကို အခြေခံ၍ ယေဘုယျ ပစ်မလွဲနိုင်သော ဟောချက်များ ...ဖြင့် အဆောင်၊ ယတြာ အစီအရင်ကိစ္စများကို လမ်းကြောင်းခင်းပေးတတ်၏။

ပြီး ... သတင်းကြီးသည့် သူ့အကြောင်းမှာ စေတနာအလျောက် ...ဆက်သွားသော ငွေများကို လေးပုံ ပုံ၍ တစ်ပုံကို ဘုရားလှူသည်။

တစ်ပုံကို အဘအကွက် ရည်စူးပြီး ပုဖွားမှာ သီးသန့်လှူသည်။

တစ်ပုံကို ပွဲထိုးဖို့အတွက် အသုံးပြုသည်။

တစ်ပုံကို စားသည်။

သူ့ဆီလာလို့ ငွေကုန်ပေမယ့် လေးပုံတစ်ပုံပဲ ဆိုသည့် ကိစ္စမှာ ...ကျွန်ုပ်စရာ ဖြစ်ရသလို ကုသိုလ်လည်းရ ဝမ်းလည်းဝသည်ဟု ခံယူနိုင်အောင် ...လည်း လေးပုံကိစ္စ တီထွင်ထားပြန်သည်။

ဘယ်တုန်းက ဘယ်လောက်၊ ဘယ်ကိုလှူသလဲလို့ ဘယ်သူက ...ကြာမေးမြန်းရဲမှာပ။

ရောက်လာသူများက ရောက်လာစဉ် ပေးထားသည့်နာမည်၊ ...လုပ်အကိုင်၊ နေရပ်လိပ်စာ ရေးထားသော စာရွက်ဖြင့် ပွဲဆက်ငွေကိုလိပ် ...၍ ပွဲမှာကိုယ်တိုင်ထိုးရသည်။

ဘယ်နည်းလို့ ဖြစ်မလဲ။ ကိုယ့်နာမည်ပါသည့် စာရွက်နဲ့ ပတ် ...ရသည်ပဲဟာ။ ဘိုးတော် သိလိမ့်မပေါ့။

အဲဒီတော့လည်း အနည်းဆုံး ငါးဆယ်တော့ဖြစ်မှ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြီး ... သူက ရောက်လာသူတိုင်းကို ကြေးပြားလိပ်ကလေ
တစ်လိပ်ကို လက်ဝါးထဲထည့်၊ သူ့လက်ဝါးကို အပေါ်ကအုပ်ပြီး ခတ်စကာ
များဖြင့် ခတ်ကူ့ပေးသည်။

ကြေးပြားလိပ်ကလေးထဲမှာ ဤသို့ပါရှိ၏။
ကိုးကွက်အင်းထဲတွင် အက္ခရာအင်းဆွဲ ထွင်းထား၏၊

လူ
ပိုင်၊ ခိုင်
စေ
ဆောင်၊ ကျော်၊ လွှား

အဓိပ္ပာယ်မှာ ရှစေ၊ ပိုင်စေ၊ ခိုင်စေ၊ ဆောင်စေ၊ ကျော်စေ၊ လွှာ
စေ ဟူ၍ ဖြစ်၏။

ဂါထာတစ်ထောင်မွတ်၍ သိဒ္ဓိတင်ထားသော ထိုအင်းအတွက်
ဖလားထဲသို့ သီးခြားအလှူငွေ ထည့်ရသည်။

ထားဘိတော့။

ဘယ်လိုပင်တွက်တွက်၊ သူ့အတွက် ပိုင်ငွေမှာ တစ်နေ့ကို
ငါးရာအောက် မရှိ။

အထူးအဆောင်၊ အထူးယတြာ၊ အထူးဆေးဖယောင်းတိုင်အတွက်
ကျတော့ သီးသန့်ပေးရသည်။

အလိမ္မာ၊ အပ်စ်ပ်ရာတွေထဲမှာတော့ သူတို့က အဆင့်အတန်း မြင့်သည်။
အန္တရာယ်လည်း မရှိ။ နောက်ကြောင်းအမှုပေါ်မှာလည်း ပူစရာမလို။

သူတို့ ဟောလိုက်၊ လုပ်ပေးလိုက်တာနှင့် တိုက်ဆိုင်သွား
အလုပ်ဖြစ်သွားသူတွေဆိုက စုံစုံပိုပို ထပ်ရမည်။

အလုပ်မဖြစ်သူတွေက နောက်တစ်ယောက် ပြောင်းသွားမည်
အကြောင်းလား။

ငါကန်းသေ ငွေလာလိမ့်မည့် ပမာစကားမှာ သူတို့အတွ
ဆိုခဲ့လေသလားလို့ ပြောရမည်သို့ ရှိပါချေ၏။

အတောင်းတွေ ပြောင်းသွားပေမယ့် အသစ်တွေ ရောက်လာ
ရှိသောကြောင့်ပါတည်း။



"အတောမသတ် လောဘ"ဟူဆိုစကား ရှိသည်။

သူက တ်ထွင်ဆန်းသစ်မှုတစ်ခု တိုးချဲ့လိုက်ပြန်၏။

အန္တရာယ်ကင်းကင်း စားသာနေပါလျက် အန္တရာယ်လမ်းကြော
ပေါ်သို့ လျှောက်လိုက်သည်။

သူ၏ခြံထဲသို့ လူတွေ၊ ကားတွေ နေ့စဉ် အဝင်အထွက် ရှိနေ
သည်ကို တစ်ရပ်ကွက်လုံး သိသည်။ တာဝန်ရှိသူများလည်း သိကြသည်။
သူတို့ပင် ရောက်ဖူး ပေါက်ဖူး ရှိကြသည်၊

ဘာကြောင့် လူတွေ၊ ကားတွေ၊ အဝင်အထွက် ရှိပါလိမ့်မလဲ
မှု စုံစမ်းစရာ၊ စစ်ဆေးမေးမြန်းစရာ မလို။

လင်းလင်းရှင်းရှင်း၊ ကွင်းကွင်းကွက်ကွက် အဖြေပေါ်ပြီးသား။

သူက ဒါကို အခွင့်အရေး ယူလိုက်သည်။

ရှေ့ပိုင်းမှာ အပြု၊ နောက်ပိုင်းမှာ ...

သိန်းကိုင် ကြေးကြီး ဂျင်ဝိုင်းနှင့် သောင်းငါးလုံးကိုင် ရှိုးဝိုင်း။

ချိန်ဝိုင်းကြီးများမှာ အန္တရာယ်ကြောနှင့် လွတ်ကင်းသည့်နေရာ
ရှိသည်။

သူတို့အတွက် ငွေအရေးမကြီး၊ နေရာ အရေးကြီးသည်။

ခုနေရာက ကားအဝင် အထွက်၊ လူအဝင် အထွက်အတွက်
ဝန်ခန်းကျင်က မျက်စိဒေါက်ထောက်ကြည့်လာမည်ကို မပူရ။ ဥပဒေဘက်
များ ဂရုတစိုက် ရှိလာမည်ကို ကြောင့်ကြစရာမလို။

အန္တရာယ်ကင်း၍ လုံခြုံမှု အပြည့်အဝ ရှိသမို့ ဒိုင်ဖွင့်မည့်သူ
ရော၊ ကစားမည့် သူများကပါ သဘောကျသည်။

သူတို့လုပ်ငန်းက နေကုန် နေခန်း မဟုတ်။ နာရီပိုင်းမျှသာ။
နှစ်နာရီ၊ သုံးနာရီ အလွန်ဆုံး။

သူ့အတွက်ကလည်း သုံးလေးထောင် ပက်စနဲ့၊ ငါးထောင် တစ်
သောင်း ရသည့် ပွဲကြီးမျိုးပင် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်တစ်ခါနဲ့ပဲတွက်။ တစ်လ လေးခါ။

ငြိမ့်ငြိမ့်ကလေး ဝင်လာသည့် ဝင်ငွေမှာ သောင်းကြီးဂဏန်း ပျော့ပျော့လေး။

နောက်ပိုင်း သူတို့ဝိုင်းမှာ စိပ်လာသည်။

ဂျင်ဝိုင်း၊ ရှိုးဝိုင်းဖွင့်ပြီး ခြောက်လအကြာ ...

ဥပဒေကျော့ကွင်းသည် မကောင်းမှုနောက်သို့ အရိပ်ပမာလိုက်ပါစမြဲရှိသည် ဟူသော ဆိုစကားအတိုင်း ဥပဒေကျော့ကွင်းထဲသို့ တိုးဝင်သွားခဲ့ရ၏။

ဘိုးတော် အောင်မင်းအောင် (ခေါ်) ဘိုးတော်ခင်မောင်ဝင်းမှာလည်း ဓာတ်နန်းစံနေရာမှ ထောင်နန်းစံသွားရတော့၏။

✧ ❁ ✧



## (တစ်ဆယ့်သုံး)

### အစစ်ရှိပါလျက်

ဆည်းကပ်ကိုးကွယ်မှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့တွင် ဘုရားစစ်၊ တရားစစ်၊ သံဃာစစ် အထင်အရှား ရှိနေပြီဖြစ်ပါလျက် ငွေကုန် လူပန်းခံပြီး အတုအယောင်များကို ယုံကြည်ဆည်းကပ်ခြင်းဖြင့် ကောင်းမြတ်သော တုံ့ပြန်အကျိုးသက်ရောက်မှုကို မရရှိနိုင်ပါ။

ရှင်တော်ဗုဒ္ဓ ရှိပါသည်။

သစ္စာလေးပါး တရားမြတ် ရှိပါသည်။

အရိယာ သံဃာများ ရှိပါသည်။

ဘာဝနာပွားများ အားထုတ်ရန်အတွက် စိတ်ရောကိုယ်ပါ အေးမြ၊ ချမ်းမြေ့စေရာသော ကမ္မဋ္ဌာန်းရိပ်သာများ ရှိနေပါသည်။

အလေ့အလာရှိ၊ အကြားအမြင်များ၊ ဗဟုသုတကြွယ်၊ ဉာဏ်အမြော်အမြင်ကျယ်၍ အသိထည်ဝါသော သိမ္မတရား ကိုယ်ပိုင်ရှိပါလျက် ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန်ရာကို ဖယ်ခွာ၍ ထိုသို့သော မျက်နှာဖုံးတပ် ပုဂ္ဂိုလ်များကို ဆည်းကပ်ရာဖွေခြင်းဖြင့် ကောင်းမြတ်သော အကျိုးသက်ရောက်မှု မရှိနိုင်ရာ။

ပိုးသာကုန် မောင်ပုံ စောင်းမတတ်ဘဲ ဖြစ်လိမ့်မည်ပါတည်း။

✧ ❁ ✧

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရီဝိဇ္ဇာပညာကို စူးစူးစိုက်စိုက် လေ့လာရှာဖွေနေသူ ကိုကျော်မြသန်းလည်း ထုံးစံနှင့်အညီ အစဉ်အလာရှိသည့်အတိုင်း တစ်ခုသော အဓိဋ္ဌာန်အဖွဲ့ကြီး၌ ဆရာကြီးအဖြစ် ထည့်ဝါစွာ ရပ်တည်နေပါပြီ။

"ကျားပျံလား ကြံဖျားလား" ဆိုသည်ကိုမူ ...။

ရေးချင်သည်မှာ ထိုမျှသာ။

နားကြပါဦးနို့
သန့်စင် မွန်မြတ်သော
ထာဝရမေတ္တာမြင့်

ကျော်မြသန်း
၉၂— နှစ် ၁၅ ရက်။

BURMESE CLASSIC
www.burmeseclassic.com